www.burmeseclassic.com

ဉာဏ်ဝင်းစာပေ

# ပန်းသီခိုင်

## နှစ်ယောက်တစ်ဘဝ




graphic designed by YuWa

www.burmeseclassic.com

www.burmeseclassic.com

# ပန်းသီခိုင်

# နှစ်ယောက်တစ်ဘဝ

www.burmeseclassic.com

www.burmeseclassic.com

မိုးစီးဖိနပ်အနက်ရောင်ကြိုးသိုင်းကလေးစီးထား သော ခြေထောက်ဖွေးဖွေးကလေးအပေါ် အရှိန်ပြင်းစွာ ကျရောက်နေသော မိုးစက်မိုးပေါက်တွေကို ကြည်နူးစွာ ကြည့်ကာ ပေါ့ပါးစွာ ခေါင်းမော့ရယ်မိသည်။

မိုးရယ် . . . ချစ်လိုက်ရတာ။

မိုးပွင့်ဖြူကလေးက မိုးကို အရမ်းချစ်သည်။

အရမ်းချစ်သောမိုးနှင့် ထိတွေ့ခွင့်မရခဲ့တာ နှစ် ပေါင်းများစွာ။

အခုတော့ မိုးကို ထိတွေ့ခွင့်ပြန်ရပြီ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



Rain Coat ပန်းရောင်ဖျော့ဖျော့ကလေးနှင့် မြက်ခင်းပြင်စိမ်းစိမ်းမှာ မိုးရေကြီးထဲ ထွက်ထိုင်နေတာ တော်တော် သဘာဝမကျသော မြင်ကွင်း။

ဒါပေမယ့် မိုးပွင့်ဖြူကလေးအတွက် အဓိပ္ပာယ် လေးနက်သည်။ ပြီးပြည့်စုံသည်။

သည်းသည်းမည်းမည်း ရွာနေသော မိုးကို ပြတင်းပေါက်ကနေ မြင်ရုံ မြင်ပြီး၊ ထိတွေ့ခံစားခွင့်မရခဲ့သော ကာလရှည်တွေကို မုန်းလွန်းလို့ ပြန်မတွေးချင်တော့ပါ။

အတိတ်မှာ အပြီးထားရစ်ခဲ့ချင်ပြီ။

"သမီးလေး"

ထီးအမိုးရိပ်ကြောင့် ကိုယ်ပေါ်ကျနေသော မိုးစက်မိုးပေါက်တွေ ရုတ်တရက် ရပ်တန့်ကာ အနားရောက်လာသော မေမေ့ ခေါ်သံ။

'သမီးလေး'ဟု ခေါ်သံထဲမှာ စိုးရိမ်ပြီး ဂရုစိုက်ခြင်း ချစ်ခြင်းတရားတွေ ပြည့်လျှံကျနေသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

မေမေမို့လို့ စိတ်မဆိုးတာ။

မေမေဖြစ်နေလို့။

မိုးနှင့် မိုးပွင့်ဖြူကလေးကြားမှာ ဟန့်တားလာသူက တစ်ကမ္ဘာလုံးမှာ သူမ အချစ်ရဆုံး အတုမရှိ မေတ္တာတရားနှင့် သူမ မေမေပါ။

"မိုးရွာကြီးထဲ ထိုင်နေတာ ကြာပြီ"

"ကြာပြီ"

"အင်း . . . ဆယ့်ငါးမိနစ်ရှိပြီ သမီးရဲ့"

"အဟင်း"

မိုးပွင့်ဖြူကလေးက နှုတ်ခမ်းလေး ဖိကိုက်ပြီး မေမေ ကျောနုပ်အောင် ထိုင်ခုံအဖြူကလေးပေါ်က ထရပ်လိုက်၏။

သားအမိနှစ်ယောက်သား ထီးတစ်လက်အတူတူ ဆောင်းပြီး နှစ်ထပ်တိုက်ကလေးရှိရာ ခြေလှမ်းစသည်။ မေမေက သမီးဘက်ကို ထီးမိုးပေးထားတာ တစ်ဖက်စောင်းနင်းကြီး။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ စိုက်ကုန်မှာပေါ့"

ထိီးလက်ကိုင်ပေါ်က မေမေ့လက်ကို အုပ်မိုးကိုင်ကာ ထီးကို မေမေ့ဘက် မေမေ မိုးမစိုအောင် တွန်းပို့လိုက်၏။

"သမီးက ရိန်းကုတ် (မိုးကာဂျာကင်)နဲ့ပဲ မေမေရယ်"

မေမေက ဟိုးအရင်တုန်းကလိုပဲ စိတ်ပူနေတုန်း ဂရုစိုက်နေတုန်း။

မိုးပွင့်ကလေးက နေကောင်းလာခဲ့ပါပြီ မေမေရယ်၊ မေမေ့နှလုံးသားက စိတ်ဖိစီးမှုကြီး ပင်ပန်းနွမ်းနယ်မှုကြီးကို ဘုတ်ကနဲ ပစ်ချလိုက်ပါတော့မေမေရယ်။

မေမေ စိတ်ပင်ပန်းလှပါပြီ။

မိုးပွင့်ဖြူကလေး နောက်ဆို အရမ်းကျန်းမာ နေကောင်းပြီး မေမေ စိတ်မညစ်ရအောင် ကြိုးစား နေထိုင်သွားမှာပါ။

"မေမေ"

"ဟင်"

•

ဘာတော်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မိုး လုံးဝ နေကောင်းနေပါပြီ"

"ဒါတော့ ဒါပေါ့ သမီးရယ်"

"မေမေ ဘာမှ စိတ်မပူနဲ့တော့"

"အေးပါကွယ်"

"မိုး အရမ်းနေလို့ ကောင်းပါတယ်"

"တကယ်ပဲလား သမီး"

"ဟုတ်တယ် မေမေ"

မိုးပွင့်ဖြူကလေးက မေမေ့ကို ဖက်ပြီး . . .

"ထူးဆန်းလိုက်တာ . . . နေကောင်းလာပြီးမှ မိုး စိတ်တွေ အရမ်းလန်းဆန်းတက်ကြွလာတယ်။ လုံးဝ စိတ်ညစ်တတ်တော့ဘူး ပျော်ရွှင်ကျေနပ်နေတယ် မေမေ"

"ဟုတ်လား"

မိုးပွင့်ဖြူကလေးက ခေါင်းညိတ်သည်။

မေမေက အေးချမ်းစွာ ပြုံး၏။ သမီးအတွက် စိတ်ချ ကျေနပ်နေသော အပြုံး။



www.burmeseclassic.com

www.burmeseclassic.com



"သမီးကို နှလုံးလှူခဲ့တဲ့ မမက ဘဝကို အရမ်း ပျော်ရွှင် ကျေနပ်စွာနဲ့ နေထိုင်ခဲ့လို့ပဲနော် မေမေ"

"ဟုတ်မှာပေါ့ကွယ်"

မေမေက ရယ်နေသည်။

"နေရတာ လန်းလန်းဆန်းဆန်းနဲ့ ဟိုးတုန်းကလို မဟုတ်ဘူး။ အလိုလိုနေရင်း စိတ်ချမ်းမြေ့နေတယ်"

မေမေက ခေါင်းတဆတ်ဆတ် ညိတ်သည်။

"အဲ့ဒီမမက သူ့ဘဝကို ပျော်ပျော်ရွှင်ရွှင်နေထိုင် သွားခဲ့လို့ပဲ၊ ပြီးတော့ သမီးလေး ခါတိုင်းထက် ပိုပြီး သဘော ကောင်းလာတယ်"

"ဟုတ်ပ . . . သမီးသူငယ်ချင်းတွေကလည်း အဲ့ဒီလို ပြောပါတယ်၊ အရင်ကဆို သမီးက နည်းနည်း တွန့်တိုတတ်တယ်၊ ဒေါသဖြစ်တတ်တယ်၊ မာနလည်း ကြီး တယ်တဲ့"

"ကြည့်စမ်း အဲဒါ ဘယ်သူလဲ၊ သမီး ခံတင်းအုပ်



www.burmeseclassic.com

www.burmeseclassic.com



တာ ဘယ်သူလဲ၊ စံထားလား၊ ဇလပ်စိုလား၊ ညိုမိလား ဘယ်သူလဲ''

အခင်ဆုံး သူငယ်ချင်း သုံးယောက်ထဲက သည်စကား ထွက်လာတာကိုတော့ မိုးပွင့်ဖြူကလေး မှန်းဆနိုင်ပါသည်။

ဘယ်သူရယ်လို့ တိတိကျကျ မပြောနိုင်တာဘဲ ရှိသည်။

''သုံးယောက်စလုံး ပြောတာပဲ''

''ဩော် . . . သူတို့က သမီး ကွယ်ရာမှာ စည်းလုံး ညီညွတ်နေကြတာပေါ့၊ တစ်လေတည်း တစ်သံတည်း။

မေမေက မိုးပွင့်ဖြူကလေးမျက်နှာကို အရိပ်ကြည့် အကဲခတ်၏။

စိတ်ကောက်ချင်တာမပါ။ သဘောရိုးကလေးနှင့် ရယ်ပြုံးကာ ပြောလိုက်တာ။

တကယ်ပါပဲ။

သမီးကလေး စိတ်သဘောထားတွေ ပြောင်းလဲခဲ့ပါပြီ၊



www.burmeseclassic.com

www.burmeseclassic.com



အရင်ကလို မဟုတ်တော့ပါ။

တစ်ခုခုဆို စိတ်ကောက်ဘတ်တာ၊ မပြောမဆို နှုတ်ဆိတ် နေတတ်တာ၊ သူငယ်ချင်းတွေအပေါ် အနိုင်ယူ တတ်တာ။

သမီး သဘောထားတွေက သမီးရင်ဘတ်ထဲ ရောက် လာသော နှလုံးသားအသစ်ကြောင့် ပြောင်းလဲသွားတာ များလား။

တကယ်ပဲ အဲဒီလို ဖြစ်မလား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ဗူးထဲက ကော်ဖီပူပူကို မေမေ လှမ်းပေးခိုက်မှာပဲ ဇလပ်တို့ကားကလေး ခြံထဲချိုးကွေ့ဝင်လာတာကို လှမ်းတွေ့လိုက်ရသည်။

မိုးရွာနေဆဲမို့ ဇလပ်ကား သူ့ကားကလေးကို ပေါ်တီကို အောက်အထိ မောင်းလာပြီးမှ စက်သပ် ရပ်လိုက်၏။

"ကော်ဖီချိန်ကို ချောင်းကြည့်ပြီး လာတာပေါ့လေ"

မိုးပွင့်ဖြူကလေးက ကော်ဖီခွက်နှင့် သူငယ်ချင်းတွေကို ထွက်ကြိုကာ ရယ်မောစွာ စလိုက်၏။

"အန်တီ့ကော်ဖီက လျှာဖျား စွဲစေတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ညီမြမီက ဆိုလာတော့ .

"အလကား မေမေ၊ မတိုက်နဲ့၊ ညာစားတာ"

ဟု မိုးက ပြန်ပြောလိုက်၏။

"အမယ် . . . စံထား တယ်လှနေပါလား"

မိုးပွင့်ဖြူကလေးက ထူးထူးခြားခြား ရိုးရာ ဝတ်စုံကလေးနှင့် စံထားကို သတိထားမိသွား၏။

"စတိုင်လေ၊ တမင်ထွင်ချုပ်ထားတာ"

အင်္ကျီနှင့် ထမိမှာ အရုပ်ကလေးတွေ ကပ်ထားတာ ချစ်စရာကောင်းနေ၏။

"သမီးတို့ လာကြ၊ ကော်ဖီသောက်"

မေမေက ချက်ချင်းပဲ မိုး သူငယ်ချင်းသုံးယောက် အတွက် ကော်ဖီနှင့် မုန့် စီစဉ်ပေးပါသည်။

"မနေ့က လာမယ်ဆို၊ တော်တော် ပုံပြော ကောင်း ကြတယ်၊ မိုးမှာဖြင့် လက်ဖက်သုတ်ပန်းကန်ချပြီး စောင့်နေ ဘာလာလည်း မလာဘူး"



www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းရှယ် နှုတ်ခမ်းစူကာ ပြောလိုက်ပေမယ့် စိတ်ဆိုးနေပုံမရ။

အစတုန်းကဆို မိုးပွင့်ဖြူကလေးက အဲဒီလို သဘောထား မကြီး၊ ဒါဆို ဒါ၊ စိတ်က မာပြတ်လွန်းသူ၊ အခုလို အေးချမ်းသော စိတ်ထားမျိုး မရှိ။

"မိုး တံခါးမှ ဖွင့်ပေးပါ့မလားလို့ စိတ်ပူနေတာ"

ညိုမီက ပွင့်ထွက်ဝန်ခံ၏။

လာမယ်ပြောပြီး ရောက်မလာရင် . . .

ပြောထားချိန်ထက် နောက်ကျရင် . . .

သူ့စိတ်နှင့် မတွေ့လျှင် မတွေ့သလို ရန်လုပ်ပစ်တတ်သော မိုးကို နှလုံးရောဂါသည်ကလေးဆိုပြီး စံထားတို့က ဗွေမယူရက်ခဲ့ပါ။

ပြောထားချိန်ထက် နောက်ကျပြီးမှ ရောက်လာသော စံထားတို့ကို ခြံဝင်းတံခါး မဖွင့်ပေးဘဲ ထားခဲ့သော မိုးပွင့်ဖြူကလေး၏ လုပ်ရပ်ကို သူငယ်ချင်းတွေက မမေ့သေးပါ။



www.burmeseclassic.com

www.burmeseclassic.com



လန့်လည်း လန့်နေတုန်း။

တကယ်ပဲ မိုး ဆိုးခဲ့ပါရောလား။

အတိုင်းအတာတစ်ခုအထိ သူငယ်ချင်းတွေအပေါ် အနိုင်ကျင့်ခဲ့မိတာ။

စိတ်အလိုမကျတိုင်း အရာရာကို ဂျစ်တိုက်ချင်မိသည်။ သူများတွေနှင့် မတူသော ဘဝကို စိတ်ညစ်ညစ်နှင့် တွေ့သမျှ လူကို အပြစ်မြင်မိတာ။

"မိုး အရမ်းလွန်ခဲ့တာတွေအတွက် ဆောရီးပါဟာ"

သူငယ်ချင်းတွေကို တောင်းပန်မိသည်။

"အရင်ကထက် ပိုပြီး သဘောထားကြီးနိုင်အောင် ကြိုးစားမယ်"

"တကယ်လား မိုး"

"တကယ်ပေါ့... စိတ်ကိုက သေးသေးဖွဲ့ဖွဲ့ကို အရင်လို တွက်ကပ်မနေချင်တော့ဘူး"

"မိုး တကယ်ပြောင်းလဲသွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



စံထားက ဝမ်းသာအားရနှင့် မိုးပွင့်ဖြူကလေးကို လာဖက်ပြီး ရယ်၏။

"ငါတို့က ငယ်သူငယ်ချင်းတွေပါဟာ"

"အင်းလေ"

"A Friend is not an object to be possessed but a subject to be cherished တဲ့ သိလား၊ သူငယ်ချင်းတွေကို ငါတကယ် တန်ဖိုးထားတယ်"

ဟု မိုးပွင့်ဖြူကလေးက လေးနက်စွာ ဆိုပါသည်။

ညိုမှိုနှင့် စံထားက ခေါင်းညိတ်ပြီး ဖလပ်က မိုးကို ငေးငေးကလေး ကြည့်နေ၏။

"ညက ငါသိပါတယ်၊ ငါဖုန်းဆက်လို့သာ အေးလာမယ်လို့ အလွယ်တကူပြောတာ၊ နင်တို့ လာမှာ မဟုတ်ဘူး ဆိုတာ သိပြီးသား"

သူတို့ သုံးယောက်က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ တခစ်ခစ် ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လက်ဖက်သုတ်တွေရော"

"ဟွန့် . . . အခုမှ လာမေးနေတယ် အကုန်လုံးစား ပစ်လိုက်ပြီပေါ့ ချန်ထားစရာလား"

"ဟယ် မိုးရယ်"

"လက်ဖက်တွေ စားပြီး အိပ်မရတော့ အခွေ ထိုင်ကြည့်နေရတယ်၊ နင်တို့ကြောင့်ပေါ့"

"အေးပါဟယ် . . . နောက်ဆို မလာနိုင်ရင် မလာ နိုင်ဘူး ပြောပါ့မယ်၊ နင် စိတ်ဆိုးမှာစိုးလို့ မပြောရဲတာဟဲ့"

"အမယ်လေးနော် . . . ငါက အဲ့ဒီလောက် ကြောက် စရာ ကောင်းနေလား မကျေနပ်လိုက်တာ"

မိုးပွင့်ဖြူကလေးက နှုတ်ခမ်းစူပြီး ပြော၏။

"နင့်မျက်နှာ နင့်အပြုံး အားလုံး အားလုံး အရင်ကလို မဟုတ်တော့ဘူး သိလား"

သူတို့ ဝေဖန်မှတ်ချက်ကို မိုးပွင့်ဖြူကလေး ဂရုစိုက် နားထောင်မိပါသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အစကဆို အေးစက်စက်၊ ကြွပ်ဆတ်ဆတ်၊ မာရေကျောရေနဲ့ ချိုချိုသာသာကို မရှိဘူး"

မေမေကလည်း ပြောသည်။

သူငယ်ချင်းတွေကလည်း ပြောသည်။ ကိုယ့်ကိုယ်ကိုလည်း ထင်ပါသည်။ ကိုယ် တကယ်ပဲ ပြောင်းလဲသွားတာ။

ပွင့်ပွင့်လင်းလင်း ဝန်ခံရလျှင် ကိုယ့်စိတ်ရင်း သဘောထား အမှန်က ခုလောက်အထိ မကြီး။

ခုလောက်အထိ မနူးညံ့။ အဲ့ဒီလောက်အထိ မဖြူစင်။

ကိုယ့်ရင်ထဲ ရောက်လာသော နှလုံးသား အသစ်ကကိုယ့်ကို ရင်ကျက်တည်ငြိမ်စေသလို အေးချမ်းနူးညံ့ သိမ်မွေ့ကြည်နူးစေပါသည်။

"ပြီးတော့ နင် အဆာကထက် ပိုလှလာတယ်မိုး... တကယ် ယုံ"

ဇလပ်က လက်မောင်းကို ဖျစ်ညှစ်ကာ အားပါးတရချီးမွမ်း၏။



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ . . . နှင့်မွေးနေ့ရောက်တော့မှာ ငါ သိပါ တယ်နော်၊ ပေးမှာပါ . . . ရှယ်"

ဇလပ်က ခစ်ကနဲ ရယ်သည်။

"နှင် မေ့နေမှာ စိုးလို့"

"မမေ့ပါဘူး"

"ငါတို့ တစ်နေရာရာ ခရီးထွက်ရအောင်"

"ကောင်းသားပဲ"

ညီးမှီအကြံကို စံထားက ချက်ချင်း ထောက်ခံ၏။

"ဇလပ်သဘောကရော"

"သွားလေ"

ဇလပ်ကလည်း မငြင်းပါ။

သူငယ်ချင်းလေးယောက် ခရီးမထွက်ရတာ ကြာပါပြီ။

ဟိုတုန်းကတော့ မိုး မေမေက အမြဲ လိုက်ပေးသည်။

မိုးကို စိတ်မချလို့ပါ။

သည်တစ်ခါရော . . .



www.burmeseclassic.com

www.burmeseclassic.com



"မေမေ မိုးတို့ ခရီးထွက်မယ် လိုက်မှာလား"

"မလိုက်ပါဘူးကွယ် . . . သမီးတို့ပဲ သွားကြပေါ့"

မိုးပွင့်ဖြူကလေး၏ ကျန်းမာရေးကို မေမေက စိတ်ချပြီး သွားပါ။

စိတ်ပူဖို့မှ မလိုတော့ဘဲ။

"ဘယ်သွားရင်ကောင်းမလဲ"

"ချောင်းသာဆိုရင်ရော"

"ရှိုးနေပြီ"

"ဒါဆို မေမြို့"

"အင်း . . . ကောင်းသားပဲ"

အားလုံးက အေးချမ်းသော မြို့ကလေးကို သွားချင်ကြတာ ဆန္ဒတူသည်။

"မိုးအကုန်၊ ဆောင်းအကူး ပွင့်လင်းရာသီကလေးမှာ သွားရအောင်"

"အိုကေ"



www.burmeseclassic.com

www.burmeseclassic.com



မိုးပွင့်ဖြူကလေးက သည်တစ်ခါ ခရီးထွက်ရမှာ အရမ်း ပျော်နေမိသည်။

နေကောင်းလာပြီးမှ တစ်ခါမှ ခရီးမထွက်ရသေးပါ။

* *



www.burmeseclassic.com

www.burmeseclassic.com

ကိုးရီးယားဇာတ်လမ်းတွဲကြည့်ရင်း ဒရင်းဘက်(ခ်)မှာ မှေးကနဲ အိပ်ပျော်သွားသော မိုးပွင့်ဖြူကလေးက လှပ ဆန်းကြယ်သော အိပ်မက်တစ်ခုကို ထူးထူးခြားခြား မြင်မက် ခဲ့ပါသည်။

အဲ့ဒီနေ့က ဩဂုတ်လ နှစ်ဆယ့်လေးရက်နေ့ ထင်ပါရဲ့။ မိုးမရွာဘဲ နေကလေး ပွင့်ကာသာလာနေသော နေ့ကလေး၊ အပြင်မထွက်ဘဲ အိမ်မှာ ခွေထိုင်ကြည့်ရင်း မှေးကနဲ အိပ်ပျော် သွားခဲ့တာ။

မှတ်မှတ်ရရ တနင်္ဂနွေနေ့ပါပဲ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ထဲမှာ လူတစ်ယောက်ကို မိုးတွေ့ခဲ့သည်။ ပိုးတဝါး မဟုတ်၊ ထင်ထင်ရှားရှား ပြတ်ပြတ်သားသား။

ပြီးတော့ ရင်ခုန်သံတွေက ထူးခြားစွာ ချိုမြိန်နေ၏။ တစ်ခါမှ ခုလောက်အထိ နွေးမြသော ရင်ခုန်လှိုက်မောမှုကို မကြုံခဲ့ဘူးပါ။

နှလုံးသားက ကြည်ဖြူ လိုလားစွာ တလှပ်လှပ် ခုန်လှုပ်ကြည်နူး သိမ့်ခါဆွတ်ပျံ့နေခဲ့ပါသည်။

"မိုးအတွက် မောင် ယူလာခဲ့တာ"

တရွေ့ရွေ့လျှောက်လာပြီး မျက်နှာချင်းဆိုင် နီးကပ်လွန်းသော အနေအထားမှာ သူက တိုးဖွဖွညင်သာစွာ ဆိုရင်း နှင်းဆီပန်း အဖြူရောင် တပွေ့တပိုက်ကို မိုးပွင့်ဖြူကလေးဆီ လှမ်းပေး၏။

နှင်းဆီဖြူရနံ့က မွေးကြိုင်လတ်ဆတ်စွာ မိုးလက်ထဲ ရောက်လာတော့ အေးစက်သော အတွေ့အထိ၊ ဆီမီးပွင့် တိမ်ဆုပ်တွေအဖြစ် ပြောင်းလဲကာ သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... မောင်က မျက်လှည့်ပြတာ"

"ဟင် ... နှင်းဆီတွေလည်း မဟုတ်တော့ဘူး"

"မိုးပေါ်က တိမ်စိုင်တိမ်လိပ်တွေလေ ... အထဲမှာ ကြယ်ပွင့်တွေပါ ခူးထည့်ထားသေးတယ်"

"ဟင်း ... ဟင်း ... မောင်က တကယ် အထူး အဆန်းပဲ၊ ဟုတ်လည်း မဟုတ်ဘဲနဲ့"

မိုးပွင့်ဖြူကလေးက တခစ်ခစ် တလွင်လွင် ရယ်မော ကာ ကြည်နူးမဆုံး။

တစ်ခါမှ ဘဝမှာ အဲဒီလောက်အထိ ကြည်နူးမှုမျိုး မကြုံဘူးခဲ့ပါ။

ရင်ထဲမှာ အဆစ်တွေ ပြည့်နှက်ကာ နှလုံးသားက အလိုလို ချမ်းမြေ့လွန်းနေ၏။

မောင်ရယ် ... ချစ်လိုက်ရတာ။

တိမ်စိုင်တိမ်ဆုပ်တွေက လက်ထဲမှာ အိထွေး နူးညံ့ ကာ သိပ်ချစ်စရာကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင့်မျက်နှာ၊ မောင့်အပြုံးက မိုးကို တကယ်ပဲ ပြီးပြည့်စုံစေသည်။ သာယာပျော့ပျောင်းစေသည်။

"မောင်တို့ လက်ထပ်ရအောင်"

"ဟင်"

"ဘဝခရီးကို အတူတူ လျှောက်မယ်ဆို"

မောင်က မေးပါသည်။

ဟုတ်ရဲ့လား။

မိုးက ပြောဖူးသလား။ တောင်းဆိုဖူးသလား။

မိုးလည်း မမှတ်မိပါလား။

"မောင်က မိုးဆန္ဒတွေအားလုံး ဖြည့်ပေးမယ်"

သူက ဆုံးဖြတ်ချက် ပြတ်သားနေ၏။

"ဘယ်တော့မဆို မိုးရှေ့မှာ မောင်ရှိနေမယ်"

ကျေးဇူးပါ မောင် . . .

ရာနှုန်းပြည့်အချစ်တွေအတွက် အရမ်းကို ကျေးဇူး တင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မောင့်အချစ်တွေအတွက် မိုး ဂုဏ်ယူ ကျေနပ်ပြီးသား ပါ။

မိုးပွင့်ဖြူကလေး၏ ရယ်သံက သာယာလွန်းစွာ ပျံ့လွင့်နေ၏။

မောင့်မျက်လုံးများက အရမ်းကို စူးရှတောက်ပ လွန်းပါရောလား။

ဖြူနှန်းဆို အိပ်ရာက နိုးလာတော့ အိပ်မက်ပါလား ဆိုပြီး ရင်ထဲမှာ လစ်ဟာသွား၏။

"သမီး နိုးပြီလား"

"အင်း"

မေမေက ဘေးနားရောက်လာပြီး မေး၏။

"မေမေ"

"ဟင် . . . ဘာလဲသမီးရဲ့၊ သမီးအတွက် မေမေ ကွေကာအုပ် ဖျော်ထားတယ်"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



မေမေက ခုထက်ထိ မိုးကို ကလေးလေး တစ်ယောက် မြှုငေ့ ဂရုစိုက်နေတုန်းပါလား။

"မေမေ"

"ဟင်"

"သမီး လူတစ်ယောက်ကို တွေ့တယ်"

"ဟုတ်လား"

"အိပ်မက်ထဲမှာ လူတစ်ယောက်ကိုတွေ့တယ်"

မေမေက မိုးအပြောကို နားထောင်ကာ တစ်ခုခုကို စဉ်းစားနေသလိုပါ။

"သူက သမီးအပေါ် နွေးထွေးလွန်းတယ်၊ သမီးက လည်း သူ့ကို တော်တော်သဘောကျတယ်"

"ဩော် . . . "

"အခုထက်ထိ သမီးရင်ထဲမှာ နွေးနေတုန်းပဲ"

မေမေမျက်လုံးအကြည့်က ရူးစူးစမ်းစမ်း ပူပူပန်ပန်၊ ဘာလို့ အဲဒီလို ဖြစ်ရတာလဲဟု တွေးတောနေပုံပါ။



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသား အသစ်နှင့် သမီးကို အမေက တစ်ချိန်လုံး အကဲခတ် လေ့လာနေခဲ့ပါပါ။

သမီး အိပ်မက်ထဲက လူက ဘယ်သူများဖြစ် မလဲ။

သမီး နှလုံးသားက အရင်တုန်းက နှစ်သက်မြတ်နိုး ခဲ့ဖူးတာတွေ ပြန်အမှတ်ရနေတာများလား။

ဘာပဲဖြစ်ဖြစ် သမီးကို အတိတ်အရပ်ဆီ ပြန်မသွား စေချင်။

အတိတ်က ဖြစ်ရပ်တွေ အရိပ်မထင်စေချင်။

အမေဆိုတော့လည်း ဘာလေးပဲဖြစ်ဖြစ် စိတ်က စိုးရိမ် ပူပန်နေမိတာအမှန်။

"သူက အရမ်းသဘောကောင်းမယ့်ပုံ စိတ်ရှည်မယ့် ပုံပဲ မေမေရဲ့"

မိုးပွင့်ဖြူကလေးက မြတ်နိုးစွာ ရေရွတ် မှတ်ချက် ချသည်။

အိပ်မက်က အိပ်မက်ပဲ ဖြစ်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ကို အိပ်မက်ပဲ ထားခဲ့လိုက်ပါ သမီးရယ်၊ အစပြန်မတူးချင်ပါနဲ့တော့။

သမီး ရင်ထဲက နှလုံးသားက သမီးနှင့် တစ်ထပ်တည်း ဖြစ်နေခဲ့ပြီလေ။

သမီးဘဝတစ်ခုလုံးနှင့် သက်ဆိုင်နေခဲ့ပြီလေ။

* *



www.burmeseclassic.com

www.burmeseclassic.com

မိုးပွင့်တို့ လေးယောက် ခရီးထွက်ပြီး ပြန်လာသော ဆောင်းတစ်နေ့မှာ မေမေက မိုးအတွက် အမှတ်တရတစ်ခုကို သယ်ဆောင်လာခဲ့ပါသည်။

"သမီးရေ"

"ရှင် . . . မေမေ"

"မနက်ဖြန် ခြံထဲမှာ ရိုက်ကွင်းရှိတယ်"

"ရှင်"

မေမေ့စကားကို မိုး ရှင်းရှင်းနားမလည်။

ဘာပြောတာပါလိမ့်ဟု စာအုပ်ကို ချကာ မေမေ့ဆီ လှမ်းကြည့်မိ၏။

ဥဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"သမီးကို ကြိုပြောထားတာ။ ခြံထဲက သဇင်နိုင်တွေ သဘောကျလို့တဲ့။ VCD ရိုက်ချင်လို့တဲ့ မေမေလည်း အားနာပြီး ခွင့်ပြုလိုက်တယ်"

"ရပါတယ် မေမေရဲ့"

မိုးက သဘောမတူစရာ မရှိပါ။

"တစ်ရက်တည်းပါ"

"ရပါတယ် မေမေရဲ့"

"ရိုက်ကွင်းဆိုတော့ လူတွေနဲ့ ရှုပ်ပြီး သမီး အနေကျဉ်းကြပ်မှာ စိုးလို့"

"ခြံထဲမှာပဲ မဟုတ်လား"

"အင်း... ကားဂိုဒေါင်ထဲမှာပဲ သူတို့ ပစ္စည်းတွေဘာတွေ ထားလိမ့်မယ်"

"ရပါတယ် မေမေ"

"မေမေ့သူငယ်ချင်းက ပရိုဂျူဆာလေ"

မကောင်းရာ မကောင်းကြောင်း ခင်မင်ရာ ခင်မင်ကြောင်းမို့



www.burmeseclassic.com

www.burmeseclassic.com



အားနာပါးနာနှင့် မေမေ ခွင့်ပြုလိုက်တာ မိုး သိတာပေါ့။ တော်ရုံဆို မေမေက ခွင့်ပြုမှာ မဟုတ်။

မေမေ့သဇင်တွေကလည်း မျက်စိကျလောက်စရာပါ။ အရမ်း လှိုင်လှိုင်လှလှ ပွင့်နေကြတာကိုး။

မေမေက သဇင်ပန်းစိုက်တာ ဝါသနာ။

ခြံရှေ့မှာ 'သဇင်ပန်းရပြီ' လို့ နှစ်စဉ်နှစ်တိုင်း ရေးကပ်နေကြ။ မိုးတို့ခြံကို အားလုံးက သဇင်ခြံရယ်လို့ ခေါ်နေကြတာ။

အခုတော့ မေမေ့သူငယ်ချင်း ပရိုဂျူဆာက မျက်စိကျ သွားပြီး သီချင်းလာရိုက်မတဲ့လား။

ခြံရှေ့က ဖြတ်သွားသူတိုင်း သဇင်ပန်းတွေကို ငေးမော တပ်မက်စွာ 'ဟယ်' ကနဲ ဖြစ်နေကြပါ။

မေမက ရယ်လည်းရယ် ရသည်။

"သမီး မင်္ဂလာပွဲကို သဇင်တွေ ပွင့်တဲ့ဆောင်းဦးမှာ လုပ်ရအောင်၊ သတို့သမီးရော၊ မင်္ဂလာစင်မြင့်ရော၊ မင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com



မုန်ဦးရော၊ အားလုံး သဇင်တွေ ဝေဝေဆာဆာနဲ့ အလှဆင်မယ်၊ အဲဒါ မေမေ့စိတ်ကူး၊ နှင်းဆီလည်း မသုံးဘူး၊ ဂန္ဓမာလည်း မသုံးဘူး၊ သစ္စာပန်းလည်း မသုံးဘူး ထူးထူးခြားခြား ဖြစ်အောင် သဇင်တွေပဲ သုံးမယ်''

ဟု စိတ်ကူးယဉ် ကြွေးကြော်ထားခဲ့တာ။

'သတို့သားရော' ဟု မိုးက နောက်လျှင် မေမေ မျက်စောင်း ရွယ်တတ်သည်။

''မေမေရယ် ဖိတ်စာတစ်ခြမ်းတော့ သဇင်တွေ ဝေနေပါပြီ''

ဟု မိုးက မေမေ့ကို စ,တတ်သည်။

''သတို့သမီးအမေဖြစ်မှ ဆံပင်တွေ မမြင်ရအောင် သဇင် ပန်ပစ်မယ်''

ဟု မေမေက ရည်ရွယ်ထားခဲ့သည်။

''သမီးကို မတိုင်ပင်ဘဲ မေမေက ခွင့်ပြုလိုက်သလား''

''ရပါတယ် မေမေရယ် သမီးက နေတတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်မကလို့၊ နှစ်ရက်၊ သုံးရက်ဆိုလည်း ကိစ္စမရှိပါဘူး။ သူတို့ အေးအေးဆေးဆေး ရိုက်ပါစေ၊ ရပါတယ်''

''သီချင်းရိုက်ပြီး ဇာတ်လမ်းပါ ရိုက်ချင်တယ် လုပ်လာမှာ စိုးလို့''

''ရပါတယ် မေမေ့သဇင်တွေ သိပ်လှတာ အားလုံး သိသွားတော့ ကောင်းတာပေါ့''

မိုးပွင့်ဖြူကလေးက VCD လာရောက်ရိုက်ကွင်းမှာကို မကာန့်ကွက်ပါ။ ခြံက အကျယ်ကြီး၊ အိမ်ထဲမှာလည်း နေလို့ရသားပဲ မဟုတ်လား။

* *



www.burmeseclassic.com

www.burmeseclassic.com

'အဂ္ဂါတည်' က ကားကို ညင်သာစွာရပ်ပြီး ကားပေါ်က ဆင်းလိုက်၏။

ကားကို ရိုမှမ်ကွန်ထရိုးနှင့် သော့ပိတ်ပြီး သဇင်တွေ လှပစွာ ပွင့်နေသော ခြံဝင်းကျယ်ကို လှမ်းကြည့်မိ၏။

သူ အားလုံးထက် စောရောက်နေတာ သူ သိပါသည်။

ရိုက်ကွင်းရိုက်ကူးရေးကားပင် ရောက်မလာသေးပါ။

ဒါရိုက်တာလည်း မရောက်သေး။

မင်းသမီးဆို ပြီးရော။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှ ရောက်လာမှာ၊ မင်းသမီးက နာမည်ကြီး။ အဂ္ဂါလို နာမည် မရတရ မထင်မရှားလေး မဟုတ်ပါ။

အိမ်မှာ စောစောစီးစီး ကော်ဖီသောက်ရင်း ထုံးစံအတိုင်း ကိုကြီးဆူလို့သာ မာတ်ပြားဟောင်းကြီး နားပူပြီး လစ်ထွက်လာခဲ့တာ။

သည်တော့ အားလုံးထက် အစောကြီး ရောက်လာခဲ့ပါသည်။

"အဓိပ္ပာယ် မရှိတာတွေ လျှောက်လုပ်ပြီး အချိန်ဖြုန်းနေတယ်"

"မင်းသားရှူး ရှူးနေတယ်၊ ဖြစ်ထွန်းမှာလည်း မဟုတ်ဘူး၊ ငါတို့အမျိုးတွေ မင်းကြောင့် သိက္ခာကျကုန်ပြီကွ၊ ဟိုလိုလို ဒီလိုလိုနဲ့ အလုပ်လည်း မလုပ်၊ ပိုက်ဆံလည်း မရှာ၊ ဘာကြီးလည်းကွာ၊ ဘယ်အချိန်ထိအောင် အဲဒီလို လုပ်နေမှာလဲ၊ ရပ်တန်းကရပ်၊ ဖေဖေ့လုပ်ငန်းကို မင်း ဦးစီးသင့်ပြီ၊ မင်း လမ်းလွဲနေပြီ ညီအဂ္ဂါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကိုကြီး 'သက်တန့်မင်း' က ဆုံးမသြဝါဒ ခြွေလာ၏။

ဒါတွေက ကြားရများလို့ ရိုးသွားပြီ။ အပ်ကြောင်းထပ်နေပြီးသား။

"ကျွန်တော် ဒီလမ်းကို ဆက်လျှောက်ဦးမယ်"

"ဒီလောက် ရှုံးရရင် တော်ရောပေါ့"

"ကျွန်တော် လက်မလျှော့သေးဘူး"

"လုပ် . . . လုပ် . . . မင်း အဲဒါနဲ့ပဲ ပြီးမယ်"

"တစ်နေ့နေ့တော့ အရမ်းအောင်မြင်မှာပါ"

"အေးပါ . . . ရှုံးဦးပေါ့"

"ကျွန်တော်က စာချုပ်ကြီးနဲ့ အချည်မခံချင်လို့ ကြန့်ကြာနေတာပါ"

"ပြောတာပဲ"

ကိုကြီး သက်တန့်က သူ့ဝါသနာ သူ့အလုပ်ကို အားမပေး၊ လုံးဝ အထင်သေး ရှုံ့ချသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ အသိုင်းအဝိုင်းမှာ ဒါမျိုးလည်း မရှိဘူး။ ဆရာဝန်၊ အင်ဂျင်နီယာ၊ သဘော်သားကုမ္ပဏီပိုင်ရှင်၊ ဒါမျိုးတွေပဲ"

အဂ္ဂါတည်က ဆံပင်တွေ တစ်ချက်သပ်ကာ ဆက်နားမထောင်ချင်တော့သလို ကော်ဖီဝိုင်းက ထထွက်သည်။

စောစောစီးစီး လက်ချာတွေ နားမထောင်ချင်။

အာရုံတွေ စားကုန်လိမ့်မည်။ ပြီးတော့ သည်နေ့ VCD ရိုက်ဖို့ ရှိသည်။

တွဲရိုက်ရမည့် မင်းသမီးက ဒိတ်ဒိတ်ကြဲ နာမည်ကြီးမင်းသမီး။ သူ့အတွက် အခွင့်အရေးထူးပါပဲ။

အဲ့ဒါကို ကိုကြီး နားလည်မှာမဟုတ်။ သူက စီးပွားရေးသမားသက်သက်။

ပုဆိုးတိုတို ကျစ်ကျစ်ပတ်ပြီး မျက်မှန်တစ်လက်တပ်ကာ ကွန်ပျူတာရှေ့ထိုင်ပြီး အလုပ်လုပ်နေသူပါ။

တစ်နေ့တစ်နေ့ အမြတ်စွန်းငွေကို တွက်ချက်နေသူ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



အဂ္ဂါက အနုပညာသမား။ ရှိးသား ပွင့်လင်းစွာ ဝန်ခံရလျှင်တော့ ပိုက်ဆံကို အနုပညာနှင့် ရှာဖွေ ရပ်တည်ချင်တာပါပဲ။ ကံက ပေး,မပေးတော့ မသိ။ ပရိသတ်ကလည်း လက်ခံဦးမှ။

ဒါတွေ ကိုကြီး ဘာမှမသိ။ အဂ္ဂါက ရှုတင်သွားဖို့ ညကတည်းက အဆင်သင့်ထည့်ထားသော အကျီသေတ္တာကို ကားပေါ်တင်ပြီး တူးဒိုးကားကလေး မောင်းကာ ထွက်လာခဲ့ပါတယ်။

သဇင်ပန်းတွေက တကယ်ပဲ ဝေဝေဆာဆာဆာ လှလွန်းပါလား။ သဇင်တိုင်တွေ အခုလောက် အများကြီး သူ မတွေ့ခဲ့ဘူးပါ။

သဇင်ပန်းတွေလည်း သည်လောက်များ များစားစား မမြင်ဖူးခဲ့တာ သေချာသည်။

ခြံရှေ့မှာ ရပ်ငေးနေတော့ ကောင်မလေးတစ်ယောက်က ခြံဝင်းတံခါး လာဖွင့်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်နေ့ ရိုက်ကူးရေးရှိတာမို့ ခြံဝင်းတံခါးကို လာဖွင့်ပေးပုံရပါသည်။

အဂ္ဂါက ဖွင့်ပေးသော ခြံဝင်းတံခါးကနေ လမ်းလျှောက် ဝင်လာခဲ့၏။ ကားနှင့် ဝင်ရမှာ အားနာသည်။ သူများခြံဆိုတော့ အလိုက်သိရပါမည်။

"ကိုအဂ္ဂါက ချောလိုက်တာ"

ခြံဝင်းတံခါး ဖွင့်ပေးသော ကောင်မလေးက သူ့ဘေးနားက အဒေါ်ကြီးကို အားပါးတရ ပြောလိုက်၏။ ဘယ်ဆိုးလို့လဲ။

သူ့ကို အဂ္ဂါတည်မှန်း သိနေပါလား။ ဒါဆို သူ အခြေအနေ မဆိုးလှပါ။

ကြည့်ရတာ သည်ခြံက အလုပ်သမားတွေ ဖြစ်ပုံရ၏။ အိမ်ရှင်တွေကတော့ တစ်ယောက်မှ မတွေ့။ အဂ္ဂါလည်း လှမ်းပြုံးပြပြီး အိမ်ဘေးကို လျှောက်လာခဲ့၏။ အိမ်ဘေးမှာ ခုံဖြူကလေးတွေ တန်းစီချထားပေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ခုံတစ်လုံးမှာ ဝင်ထိုင်ကာ တတ်ထားသော မျက်မှန်အနက်ကို ဆံပင်ပေါ် ဆွဲတင်သည်။

ဘယ်တော့မဆို မျက်မှန်အနက်တစ်လက် တပ်ထား တတ်တာ သူ့စတိုင်လ် သူ့ကို မျက်မှန်နှင့် လိုက်ဖက်သည်ဟု အားလုံးက ဆိုကြပါသည်။

သူကလည်း မျက်မှန် ခရေစီပါပဲ။ မျက်မှန်ဆို ဝယ်ပြီး သား။ သူ့မှာ မျက်မှန်ဒီဇိုင်းစုံရှိပါသည်။

နင် မေ့သွားတော့ . . . ငါ့ရင်တွေ နာလှပြီ . . .

နင်က ဂရုမစိုက်တော့ . . . ငါ့စိတ်ကလေးတွေ . . .

နင်က ငါ့ထက်ပိုပြီး . . . တစ်ခြားတစ်ယောက်ကို . .

နင့်ရဲ့အချစ်တွေ အကုန်ပေးထား . . . ငါက နင့်ထက်ပို

အချစ်ကိုပိုပြီး . . . ကိုးကွယ်ခဲ့သူပါ . . .

ဆွဲအားကောင်းလွန်းစွာ ပျံ့လွင့်လာသော သီချင်းသံ ကလေးကြောင့် အဂ္ဂါတည် မတ်ကနဲ ဖြစ်လျက်သား နောက် လှည့် ကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



သီချင်းဆိုသံလာရာ ပြတင်းပေါက်မှာ ဇာလိုက်ကာ စကားဝါသွေးက လေနှင့် လှုပ်မြူးကာနေပါသည်။

သူ မတ်တပ်ရပ်ပြီး ကြည့်လိုက်လျှင် အသံ အင်မတန် ကောင်းသော သီချင်းဆို သူ ကောင်မလေးကို မြင်ရမှာ မလွဲမသွေ။

သူ မတ်တပ်ရပ်ပြီး ကြည့်သင့်ပါရဲ့လား။ အသံကောင်းသလို ရုပ်ကလေးရော ပြေပြစ်ချောမော ချစ်စရာ ကောင်းမှာလား။

ဒါမှမဟုတ် ဥသြငှက်လို အသံကောင်းပြီး ရုပ်ဆိုးမလေး ဖြစ်နေမှာလား။

အသံကလေးက သိပ်သာယာသည်။ နားထဲ ချိုသာညွတ်ပျောင်းစွာ စီးဝင်လာပြီး ရင်ထဲကို ထွင်းဖောက်နိုင်စွမ်းသည်။

အသံကလေးပဲ ဆက်နားထောင်နေတာ ပိုကောင်းမလား မသိ။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ကို မမြင်ဘူးလျှင် အသံကလေးကို အစွဲပြုပြီး အာရုံမှာ လိုရာပုံဖော်ကြည့်လို့ ရသည်။

အဂ္ဂါ မလှုပ်မယှက် ဆက်ထိုင်ပြီး နားထောင်နေမိ၏။ သီချင်းသံ ဆုံးသွားတော့ သူ ကျေနပ်စွာ ပြုံးနေမိသည်။ အပြင်လောကမှာလည်း အဆိုတော်တွေလို သီချင်းဆို ကောင်းသူတွေ အများကြီး ရှိပါသည်။

အဲ့ဒီလိုပါပဲ။

မင်းသား၊ မင်းသမီးလို ချောမောလှပသူတွေလည်း အပြင်လောကမှာ အများကြီးပါ။

သူ အတွေးကောင်းနေဆဲမှာပဲ နောက်ဘက်ကနေ လာသော ရေများက သူ့တစ်ကိုယ်လုံးကို ဖြန်းကနဲ ရွှဲစိုသွားစေ၏။

"ဟာ"

သူ ရုတ်တရက် လန့်ဖြန့်ပြီး မတ်တပ်ရပ်ကာ အေးချမ်းပေးထိုင်နေသော ပြတင်းပေါက်ဆီ ကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



စကားဝါသွေးလိုက်ကာကို လက်နှင့်ဖယ်ကာ မျက်လုံးဝိုင်းကလေးနှင့် ကြည့်နေသော ကောင်မလေးတစ်ယောက်။

ဖြူဖွေးဝင်းပွတ်သော မျက်နှာကလေး။ ဆံပင် ညိုစင်းစင်းက အဖျားမှာ ခွေလိမ်ကောက်ကွေးကာ နေသည်။

"ဆောရီးနော် လူရှိမှန်း မသိလို့ပါ၊ ပူစူးမက ဒီဘက်မှာ ထိုင်ခုံတွေ လာချထားတာကိုး။ ရေက သန့်ပါတယ်။ နှင်းဆီပန်းတွေ ဆေးထားတဲ့ ရေပါ"

ယဉ်ကျေးချိုသာသော အသံကလေး။

"အားနာလိုက်တာ၊ ဘယ်လိုလုပ်ပေးရမလဲ ဟင်၊ ရေချိုးခန်း ဝင်ချင်လည်း ရတယ်"

"ရပါတယ် ကိစ္စမရှိပါဘူး"

"မဟုတ်တာ"

မိုးပွင့်ဖြူကလေးက တကယ်ပဲ အားနာသွား၏။

စောစောစီးစီး ရောက်လာသော မင်းသားကိုမှ ရေခွဲအောင် လောင်းမိပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ တစ်မျိုးတစ်မည် ထင်သွားမှုဖြင့်။
မိုးက တမင်ဇာတ်လမ်းရှာတာလားဟု ။
ထိုအတွေးနှင့် သူ့ကို လန့်ဖြန့်စွာ ကြည့်မိ၏။
သူနှင့် မျက်လုံးချင်း ဆုံမိ၏။
သူ့မျက်နှာက ပကတိ တည်ကြည်နေပါသည်။
အထင်သေး သရော်လိုဟန် လုံးဝမရှိ။
မိုးအပေါ် အပြစ်မြင်ပုံ မရ။
စိတ်ဆိုးပုံလည်း မရ။
"အဝတ်စား အပိုပါရင် လဲလိုက်ပါလား"
"ပါ . . . ပါတယ်၊ လဲလိုက်မှာပါ ရတယ်"

သူက လက်ကာပြပြီးဆိုပေမယ့် မိုးက မနေတတ် အောင်ပင် အားနာမိတာ အမှန်။ မေမေ ပြောထားတော့ ကားဂိုဒေါင်ဘက်အခြမ်းမှာပဲ သူတို့ရှိမယ် ထင်တာ။

သူက ဘာလို့ သည်ဘက် ရောက်နေရတာလဲဟု အပြစ်တင်ရအောင်ကလည်း ခုံတွေက သည်ဘက်မှာ စီစီရီရီ



www.burmeseclassic.com

www.burmeseclassic.com



ချထားသည်။ ဒါ... ပူစူးရဲ့ အမှားပါပဲ။ ခုံတွေကို သည့်ဘက်မှာ လာခင်းပေးထားတာ။

သူက ရပါတယ် နေပါစေဟု ဖွတ်ငြင်းနေတော့ မိုးပွင့်ဖြူကလေးလည်း ထပ်ပြီး ခေါ်ရခက်သည်။

အားနာပြုံးကလေးနှင့်ပဲ လှည့်ထွက်မိ၏။

ထိုထက်ပိုပြီး ဘာပြောရမလဲ။

အဲဒီအချိန်တုန်းကတော့ သူ့ကို ကိုယ့်ဘဝထဲ တိုးဝင်လာမယ့်သူလို့ လုံးဝကို မထင်သေပါ။

နောက်တော့မှ ... ။

* *



www.burmeseclassic.com

www.burmeseclassic.com

“ဟယ် . မင်သမီးက လှိုင်းနွယ်နွယ်လား”

ဖလပ်က အော်ဟစ်ပြီး အားပါးတရ မေးလာ၏။

“အင်း . . . ပြောတာပဲ မရောက်သေးဘူး”

“ကြည့်ချင်လိုက်တာ၊ ငါ အခုပဲ လာမယ်၊ စံထားနဲ့ ညိုမြိုကိုပါ ဝင်ခေါ်ခဲ့မယ်”

“သိသားပဲ လှိုင်းနွယ်နွယ်ဆိုတာနဲ့ နင်တို့ ရောက်လာမယ် ဆိုတာ”

မိုးပွင့်ဖြူကလေးက အပိုင်တွက်ထားပြီးသား။ သူငယ်ချင်း လေးယောက်စလုံးက လှိုင်းနွယ်နွယ် အိုက်တင်၊ အဝတ်



www.burmeseclassic.com

www.burmeseclassic.com



အစားဝတ်ပုံ၊ လှိုင်းနွယ်နွယ်၏ဘဝ အားလုံးကို သဘော ကျပြီးသား။

လှိုင်းနွယ်နွယ်က နံပါတ်တစ် မင်းသမီးတစ်လက်။ 'တစ်' ဖြစ်နေလို့ ကြိုက်တာ မဟုတ်။ သူများကြိုက်လို့ ကြိုက်တာမဟုတ်။

ဟိုးကတည်းက ကြိုက်တာ ကြာလှပြီ။

"ဟဲ့ . . . မိုးရေ"

"ဟင်"

"မင်းသားက ဘယ်သူလဲ"

"အသစ်၊ မော်ဒယ် ထင်တာပဲ၊ အဂ္ဂါတည် ဆိုလား၊ အခုမှပဲ သေချာမြင်ဖူးတာ၊ ချောတော့ ချောပါတယ်၊ မျက်လုံး တွေက စူးရှရှနဲ့"

"အမယ်မယ် . . . ဘယ်တုန်းက မျက်လုံးချင်း ဆုံ လိုက်တာလဲ ပြော၊ လုံးဝ မလျှိုနဲ့"

"စောစောက"



www.burmeseclassic.com

www.burmeseclassic.com



"ရောက်နေပြီလား"

"အင်း"

"မိုးကို စကားလာပြောတာလား"

"မဟုတ်ဘူး၊ ငါက မတော်တဆ ရေနဲ့ ပက်မိတာပါ၊ အားနာလွန်းလို့"

"မင်းသားကို ဇာတ်လမ်းရှာတာလား ပြော"

"အင်း . . . အဲဒီလို ထင်သွားမလားပဲ"

မိုးပွင့်ဖြူကလေးက ရယ်မိ၏။

ခုနတုန်းက သူ ဘယ်လိုများ ထင်မလဲဟု အရမ်း စိုးရိမ်သွားမိတာ၊ ရုတ်တရက်မို့လို့ပါ။

ချက်ချင်းပဲ သွေးအေးသွားကာ စိုးရိမ်မှုတွေ လွင့်ပြယ်သွားပြီး အားနာတာနှင့် ရယ်ချင်တာပဲ ရှိတော့သည်။

သူ ထင်ချင်သလို ထင်စေ။

ကိုယ်မှ မဟုတ်ဘဲ။

မိုးပွင့်ဖြူကလေးက အဲ့ဒီလို မိန်းကလေးလား။



www.burmeseclassic.com

www.burmeseclassic.com



သူ့အထင်နှင့်သူ မှတ်ချက်ချလျှင် တစ်ဖက်သတ်ပဲ ဖြစ်လိမ့်မည်။

စဉ်းစားကြည့်လေ။

ကိုယ်က သူ့သွားမိတ်ဆက်တာလည်း မဟုတ်။ ကိုယ့်အိမ်ကို သူက ကိစ္စနှင့်လာတုန်း မတော်တဆ ဖြစ်သွားတာ။

"မိုး"

"ဟင်"

"ငါ စံထားဆီ ဖုန်းဆက်ပြီး လာခဲ့မယ်။ သူတို့ မအားလည်း ငါတစ်ယောက်တည်း လာမယ်၊ နင် စောင့်နေနော် သိလား"

"အေးပါ"

မိုးပွင့်ဖြူကလေး ဖုန်းပြောပြီးသောအခါ မေမေက ဘာတဲ့လဲဟု မေးလာ၏။

"သူတို့ လာမလို့ မေမေ"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မေမေလည်း သိမှာပါ။ မိုးတို့အားလုံး လှိုင်းနွယ်နွယ်ဆို ရူးပြီးသား။

"မေမေ ဘာလုပ်ပေးရမလဲ သမီး . . . စားချင်တာပြော"

"ကြာဇံချက် စားချင်တယ် မေမေ"

"အင်း... ကြက်သားတော့ ရေခဲသေတ္တာထဲ မရှိဘူး။ ပုဇွန်နဲ့ လုပ်ပေးမယ်"

"အင်း"

မေမေက မိုးနှင့် မိုးသူငယ်ချင်းတွေ စားကြဖို့ အခုကတည်းက ပြင်ဆင်တော့သည်။

မေမေ့ဘက်က ဝတ္တရားကျေလွန်းသည်။ ဘာမှ လိုလေသေးမရှိအောင် ဂရုစိုက်ပြီးသား။ မိုးကသာ မေမေ့အပေါ် ပြန်ဂရုစိုက်ဖို့ လိုအပ်တာ၊ သမီး အလိမ္မာဖြစ်ဖို့ လိုအပ်တာ။

မေမေ မကြိုက်တာဆို ဆင်ခြင်မှ။



www.burmeseclassic.com

www.burmeseclassic.com



မေမေ တားမြစ်တာဆို ရှေ့မတိုးမှ။

တစ်သက်လုံး အနိုင်းမဲ့မေတ္တာများနှင့် ချစ်လာခဲ့သော မေမေပါ။

မေမေ့ကို စိတ်ချမ်းသာစေချင်သည်။ မေမေ့မေတ္တာတွေကြောင့်လည်း မိုး ပြန်ပြီး နေကောင်းလာခဲ့တာ။

မေမေ့ကို ကြည့်ပြီး အရမ်းသနားသည်။

ခွဲမသွားချင်၊ နေကောင်းအောင် ကြိုးစားမိသည်။

အားတင်းထားခဲ့သည်။

မိုး အရှုံးမပေးချင်။ ရောဂါကို အနိုင်တိုက်ခဲ့တာ။

အားလုံး မေမေကြောင့်ပါ။ မေမေက မိုးလက်ကို တင်းတင်းဆုပ်ထားခဲ့သည်။ ဖြေလွှတ်မပေးချင်ခဲ့။

"မေမေ"

"ဘာလဲ သမီးရဲ့"

ရေခဲသေတ္တာ ဖွင့်ရင်း မေမေက လှည့်ကြည့်ပြီး မေး၏။



www.burmeseclassic.com

www.burmeseclassic.com



"မိုး မေမေ့ကို အရမ်းချစ်တယ်"

မေမေ့ကိုကြည့်ကာ မိုး လှမ်းပြောမိ၏။ မေမေက ပြုံးသည်။

မေမေ့အပြုံးက ကြည်လင်အေးမြလွန်း၏။

ထိုစကားကို မေမေ အရမ်းနှစ်သက်သည်။

ခဏခဏလည်း ကြားချင်သည်။ မိုးသိတာပေါ့။

သမီးက တဖြည်းဖြည်း အရွယ်ရောက်လာလို့သာ 'မေမေ့ကို ချစ်လား' ဟု မမေးတာ။

ငယ်ငယ်တုန်းကဆို နေ့တိုင်း မေးနေကြပါ။

တစ်နေ့မှာ နှစ်ခါသုံးခါမက တဖွဖွ မေးတတ်သော စကား။

မိုးပွင့်ဖြူကလေးကလည်း ညာတာမဟုတ်၊ ချွဲတာ မဟုတ်၊ တကယ့်ကိုချစ်တာ။

တခြားတခြားသော သားအမိတွေတော့ မသိ။

မိုးတို့ သားအမိကြားမှာ . . .

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်းသော မေတ္တာ . . .

သိမ်မွေ့သော နားလည်မှုနှင့် . . .

ခိုင်မြဲသော နှောင်ကြိုးတစ်ခု နှလုံးသားကို ချည်နှောင်ထားသည်။

မိုးက နှလုံးသားအသစ် ဖြစ်သွားပေမယ့် မေမေ့အပေါ်ထားသော ချစ်ခြင်းတရားက လုံးဝ လျော့ပါးမသွား။ ပို၍တောင် ချစ်လာရသည်။

မေမေ့စကား နားမထောင်ဘဲ တစ်ခုခုကို ဖွတ်ထိုးလုပ်မိမှာ အရမ်းစိုးသည်။

မိုးကြောင့် မေမေ စိတ်ဆင်းရဲမှာ မေမေ မျက်ရည်ကျမှာ အရမ်းကြောက်နေမိသည်။

လူဆိုတာ အမှားမကင်းဘူး မဟုတ်လား။ မေမေ မနှစ်သက်သော ကိစ္စမျိုးကို မိုးက မှန်တယ်ထင်ပြီး အတိုက်အခံ ဖြစ်လာမှာ၊ မိုးဘက်က အလျှော့မပေးနိုင်မှာ၊ အဲဒါတွေ လုံးဝ မလိုလား။

www.burmeseclassic.com

www.burmeseclassic.com



မေမေက မိုးကို အသက်လောက် ချစ်တာ။

မိုး အရမ်း နားလည်သည်။

နှလုံးသားက သိနေသည်လေ။

* *

www.burmeseclassic.com

www.burmeseclassic.com

ဇလပ်တို့ စံထားတို့ ရောက်လာသောအခါ မိုးပွင့်ဖြူကလေးလည်း အိမ်ထဲကနေ လှမ်းကြည့်စရာ မလိုဘဲ နီးနီးကပ်ကပ် သူတို့ ရိုက်ကူးနေရာ ခြံထဲအထိ ဆင်းကြည့်ခွင့်ရပြီ။

တစ်ယောက်တည်းဆို ကြောင်တက်တက်ဖြစ်ကာ မဝံ့ရဲ။ ကိုယ်က အိမ်ရှင်ဆိုတော့ မစပ်စုချင်။ ဘာသိဘာသာပဲ နေချင်တာ။

သူငယ်ချင်းတွေ ဆုံတော့မှ သတ္တိက ရှိလာ၏။ သည့်လိုမျိုးပဲ ထင်ပါရဲ့။

သူတို့လည်း တစ်ယောက်ချင်းဆို သွားကြည့်ရမှာ မျက်နှာပူမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . လာပြီ လှိုင်းနွယ်"

"အင်း . . . မြင်ပါတယ်"

"Double Cap ဖူးကားကို ကိုယ်တိုင်မောင်း ဝင်လာပြီး၊ ကားကို ခြံထောင့်မှာ တုန့်ကနဲ ရပ်လျက် ဆင်းလျှောက်လာပုံက အရမ်းလှသည်။

ယုံကြည်မှုအပြည့်နှင့် မော်နေသော မျက်နှာ၊ ဘဝကို ကျေနပ်နေသော နှုတ်ခမ်းနှင့် မျက်လုံးစူးစူးလက်လက်များက ဝံ့စားလွန်းသည်။

"မိုက်တယ်နော်"

"အေး . . . ငါအရမ်းကြိုက်တယ်၊ သူ့စတိုင်လ်ရော၊ ပုံစံရော လုံးဝပဲ"

ဇလပ်နှင့် ညိုမိက တီးတိုး ချီးမွမ်းအားကျ၏။

လှိုင်းနွယ်နွယ်က လှပသော အနီရောင် တောက်တောက် ဂါဝန်တိုအနီကလေးကို အသားကပ် ဘောင်းဘီရှည် အနက်ကလေးနှင့် တွဲဝတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပေါင်လယ်လောက်ရှိသော ဂါဝန်ကို ဘောင်းဘီရှည်ကလေးနှင့် ဝတ်ထားတော့ ကြည့်ကောင်းသည်။ ကြည့်ရပြီး ချစ်စရာကောင်းသည်။

လှိုင်းနွယ်က ဝတ်စားပုံ အဆင့်မြင့်သည်။

ဘယ်တော့မှ သူများ ကဲ့ရဲ့မေးငေါ့ အတင်းပြောရအောင် မဝတ်တတ်ပါ။

အဲဒါကလေးက အရမ်းချစ်ဖို့ ကောင်းသည်။

"ငါ သွားနှုတ်ဆက်မယ်"

"ငါလည်း လိုက်မယ်"

သူတို့ ရှေ့တိုးသွားသောအခါ မိုးက နေရာမရွေ့ ရပ်ကျန်ရစ်၏။ အဲဒီလို မိတ်ဆက်ရမှာ ရှက်စရာကြီးလေ။ သိလည်း မသိဘဲနှင့်။ ဇလပ်တို့ကတော့ အခွင့်ရေးကို ဆုံးရှုံးမခံနိုင်ပုံ၊ မိမိရရ ဖမ်းဆုပ်အသုံးချလျက် စကားဖောင်ဖွဲ့ ရင်းနှီးဖို့ ကြိုးစားတော့သည်။

စောစောကတည်းက ပြောထားပြီးသား 'ရေစက်ရှိလို့ လာကြုံတာ၊ ငါတို့တော့ ခင်အောင်လုပ်မှာပဲ' တဲ့။ မိုး သိသားပါ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆန္ဒနှင့် သူတို့။

မိုးပွင့်ဖြူကလေးက ဟိုကြည့်သည်ကြည့်နှင့် တစ်နေရာမှာ တောက်ပသော မျက်လုံးအစုံနှင့် ခလုတ်တိုက်မိသည်။

မိမိရရ အံကြည့်ချင်းဆုံတာ၊ တောက်ပ လေးနက်သော မျက်လုံးတစ်စုံက ပီပီပြင်ပြင် ပြုံးပြနေပါရောလား။

သာမာန် ပေါ့တိမ်တိမ်မဟုတ်။

မိုးကို စိုက်ကြည့်နေလိုက်တာ။

စော်စောက ရေနှင့် ပက်လိုက်တာကို မှတ်မိသွားတာများ ဖြစ်မလား။

မိုးက တမင်မရည်ရွယ်ခဲ့ပါ။

သူက မိုးအေးနားကို ထလျှောက်လာတော့ ကောင်လေးတစ်ယောက်က သူထိုင်နေသော ရှုတင်ခုံကလေးကို ခေါက်ပြီး သူ့နောက်က ကပ်လိုက်လာ၏။

သူ သွားလေရာ ထီးမိုးပေးပြီး ခုံချပေးဖို့က အဲဒီကောင်လေး တာဝန်။ မနက်က မတွေ့ပါလား။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူတစ်ယောက်တည်း ထိုင်နေတာ။

သူက မိုးဘေးနား ရောက်လာပြီး . . .

"သဖင်တွေ အရမ်းလှပြီး အရမ်းများတာပဲ၊ မင်း စိုက်ထားတာလား" တဲ့။

"ဟင့်အင်း မဟုတ်ပါဘူး"

ဟု ခေါင်းရမ်းမိသောအခါ . . .

"မင်း ဒီခြံကလား"

တဲ့ ဒုတိယမေးခွန်း။

"ဟုတ်ပါတယ်"

ဟု ခေါင်းညိတ်မိသောအခါ သူက ခေါင်းဆတ်ပြီး ပြုံးပြသည်။

တတိယမေးခွန်းကို ထပ်မေးဖို့ သူက အားတုံ့အားနာ နှင့် ပြီးမှ အသံနှိမ့်ကာ . . .

"မင်း နာမည် ဘယ်သူလဲ" တဲ့။

သူ့ကို မိုး ရယ်ချင်သည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရယ်လိုက်လျှင် သူရှက်သွားမလား။ စိတ်တိုပြီး မျက်နှာ နီသွားမလား၊ သူ့ကို လှောင်သလို ဖြစ်သွားမလား။ နှုတ်ခမ်းလေး စေ့ကာ တွေးမိ၏။ မရယ်ရဲပါ။ ရေနှင့် မတော်တဆ ပက်မိတာပင် ခုထက်ထိ အားနာနေရသေးတာ။

သူ့မျက်နှာက ကြည်လင်ချိုသာပြီး မိုးကို ကြည့်နေလိုက်တာ ရွှန်းရွှန်းစားစား။

ထိုအကြည့်ကို မိုး နားလည်သလို အဓိပ္ပာယ် ဖွင့်ရလျှင် သူ မိုးအပေါ် စတွေ့တွေ့ချင်း စိတ်ဝင်စားသွားခဲ့ပြီ။

"သီချင်းဆိုတာ အရမ်းကောင်းတယ်"

"ဟင်"

သည်စကားတစ်ခွန်းကတော့ မိုးမျက်နှာကလေးကို ရဲတွတ် အနေခက်သွားစေသည်။ စိတ်လွတ်ကိုယ်လွတ် မှန်တာရော၊ မမှန်တာရော ပေါက်ကရ လျှောက်ဆိုနေမိတာ။

အဲ့ဒါကို ချီးမွမ်းစကား ဆိုလာတော့ ရှက်စရာ။ ဒီးဒီး ဒါးဒါး ဒူးဒူး အကုန်ပါအောင်ဆိုတာ။



www.burmeseclassic.com

www.burmeseclassic.com



စာသားမရလျှင် အကုန် ရောချပစ်တာ။ ဝါးတာ။

သူက တိတ်တဆိတ် နားထောင်ပြီး၊ ရယ်ချင်နေမှာ အမှန်ပါပဲ။ သူ ဘာလို့ ခိုးနားထောင်နေတာလဲ။ အသံမပေး ဘာမပေး မှန်းစရာကောင်းလိုက်တာ။

သူ နားထောင်နေမှန်း သိလျှင် 'ပဲလေး' နှင့် ဆိုမှာပေါ့။ မလွှဲမရှောင်သာ ဆိုရမည်ဆိုပါလျှင်။

"တကယ်ပါ အသံလည်းကောင်းတယ်၊ အဆိုလည်း ကောင်းတယ်၊ ကျွန်တော် နားထောင်နေတာ"

အဂ္ဂါတည်က ရှက်ရွံ့အနေခက်သွားသော ကောင်မ လေး၏ မျက်နှာကလေးကို ကြည့်ကာ ရင်ခုန်သံတွေ ကြမ်း တမ်း မြန်ဆန်လာ၏။

နှလုံးသားက တဒုတ်ဒုတ်နှင့် သူမ မျက်နှာကလေးကို စ, မြင်ကတည်းက သူ နှစ်သက်မိတာ ရင်ထဲမှာ ပြောင်းဆန် အောင် ခါရမ်းမိတာ။

မြင်မြင်ချင်း စိတ်လှုပ်ရှားသည်။



www.burmeseclassic.com

www.burmeseclassic.com



တခြားတခြားသော ကောင်မလေးတွေလို ခံစားမှုမျိုး မဟုတ်ဘဲ ဆန်းကြယ်လွန်းသည်။

"ဘာလို့ အသံမပေးတာလဲ"

"ဗျာ"

"ကျွန်မက လူမရှိဘူး မှတ်နေတာ"

သူ့မျက်နှာက သူမစကားကြောင့် ပြုံးတုံ့တုံ့ ဖြစ်သွား၏။

မိုး အနေခက်သွားတာ သူ ရိပ်မိပြီ။

ဘယ်သူပဲဖြစ်ဖြစ်ပါ၊ အဲ့ဒီလို ကိစ္စမျိုးကို မျက်နှာပူ ရှက်မိမှာပဲ။

အဂ္ဂါက တမင်ပြောတာမဟုတ်။ ဘာပြောရမှန်း မသိဘဲ ပြောလိုက်မိတာ။

သူ့စကားက မထင်မှတ်ဘဲ ထိရောက်မှု ရှိသွား၏။ သူ့ဆန္ဒ ပြည့်သည်။

ကိုယ်က သူမကို တွေ့လိုက်ရချိန်မှာ ကိုယ့်ဘက်က



www.burmeseclassic.com

www.burmeseclassic.com



အားလုံးထက် လေးနက်လှသလို သူမဘက်ကလည်း လေးနက်စေချင်သည်။

"အသံမပေးဘာမပေးနဲ့ ခိုးနားထောင်နေတာ ဘယ်ကောင်းပါ့မလဲ"

"ခိုးနားထောင်တာ မဟုတ်ဘူး။ ဒီမှာ ခုံချထားတော့ ဒီမှာ လာထိုင်ရတာပေါ့"

မိုးပွင့်ဖြူကလေးက သူ့ကို မျက်စောင်းရွယ်မိ၏။ ထိုမျက်စောင်းကလေးက သူ့နှလုံးသားကို ပခက်ထဲ ထည့်လွှဲလိုက်သလို ငြိမ့်ကနဲ အိကနဲ ချိုမြတုန်ခါသွားရသည်။

ကျေနပ်လိုက်တာ . . . ကြည်နူးလိုက်တာ။

"ကြားလို့ နားထောင်ပြီးလည်း တိတ်တိတ်နေပေါ့၊ ဘာလို့ ပြန်ပြောနေရတာလဲ"

"တကယ်ကောင်းလို့ပါ"

"မကောင်းပါဘူး"

ရှက်ရှက်နှင့် ဖွတ်မိုတ် ဆန့်ကျင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ့အနားကနေ လှစ်ကနဲ ပြေးထွက်မိ၏။

သူ့ဆီက ရယ်သံတိုးတိုးက ကပ်ပါသည်။

ဟွန့် … အလိုမကျစွာ နှုတ်ခမ်းစူမိပါသည်။

ရှတ်တရက် စိတ်ထဲရှိသလို ပြုမူပြီးမှ ပတ်ဝန်းကျင်ကို သတိရကာ မျက်လုံးဝေ့ကြည့်ရင်း ကြွေ့ဆည်လိုက်ရသည်။

ခြံဝင်းထဲမှာ ရိုက်ကွင်းရှိတော့ လူတွေက အများကြီးရယ်၊ သတိထားမိပြီး အတင်းအဖျင်းပြောကြလျှင် အခက်သား။

သူတို့ လောကက တစ်စိတ်ဆို တစ်အိတ်လုပ်ချင်သူတွေက များသည်။

ဘာသတင်းထူးပေးရမလဲ ချောင်းနေကြတာ၊ ပုံကြီးချဲ့ရေးပစ်ဖို့ အဆင်သင့်။

ဘာပဲဖြစ်ဖြစ် ဟုတ်တာလည်း မဟုတ်ဘဲနှင့် သူများပြော မခံချင်။ သူကတော့ အဲဒါတွေ ရိုးနေမှာ။



www.burmeseclassic.com

www.burmeseclassic.com



မိုးကတော့ အပြင်လူ၊ ခံနိုင်ရည်လည်း မရှိ။

သတိဝင်ကာ ဆင်ခြင်ပြီး မျက်နှာထားကို ပြင်မိ၏။

တော်ပြီ။

ရိုက်ကွင်းရှိသော ခြံထဲကို မဆင်းတော့ပါ။ အိမ်ထဲမှာ နေတာပဲ အကောင်းဆုံး။

* *



www.burmeseclassic.com

www.burmeseclassic.com

ဇလပ်က သူ ရိုက်ကူးထားတာကို တီဗွီပလပ်ထဲ ထိုးထည့်ကာ ပြန်ကြည့်သည်။ လှိုင်းနွယ်နွယ်ပုံတွေက အများကြီးဆိုပေမယ့် အဂ္ဂါတည်လည်း ပါတာပါပဲ။

"သူလည်း ချောတယ်နော်"

"အေး... သိပ်မကြာခင် ထိပ်ကို ရောက်လာမှာပဲ။ သူက စတိုင်လ်ရှိတယ်။ ရုပ်လည်း ဖြောင့်တယ်၊ အရေးဆွဲဆောင်မှု ရှိတယ်"

"အေးလေ၊ နာမည်ကြီးသင့်တာ"

သူငယ်ချင်းတွေက တစ်ယောက်တစ်ခွန်း ပြောကြပေမယ့် မိုးပွင့်ဖြူကလေးက ငြိမ်သက်ကာ နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ ဝင်မပြောမိပါ။

သူနှင့် ပတ်သက်ပြီး တစ်ခုခု ပြောရမှာ တွန့်ဆုတ်နေမိ၏။ သူငယ်ချင်းတွေ သတိပြုမိမှာစိုးလို့ပါ။ မိုးဘက် လှည့်လာမှာ စိုးသည်။

"ဟဲ့ . . . ဘယ်လိုလဲ"

"ဘာလဲ"

ညိုမီက လက်မောင်းကို ဘတ်ကနဲ ပုတ်ကာ မေးလာ၏။ မိုးက မသိချင်ယောင်ဆောင်ပြီး ပြန်မေးသည်။

"အမယ် မယ် မမြင်ဘူးများ ထင်နေလား"

"အင်းလေ၊ တို့တွေကို လျှို့ချင်တယ်ပေါ့"

"အသိသာကြီးပါ မိုးပွင့်ရယ်"

ကြည့် . . . ဝိုင်း စ,ကြပြီ။

မိုးပွင့်က ဘယ်လိုနေရမှာလဲ။

ရယ်နေရမလား။

အသည်းအသန် ဖြေရှင်းရမလား။

ဘာလော်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မလုပ်ချင်ပါ။ မသိချင်ယောင်ဆောင်နေလိုက်တာ အသင့်တော်ဆုံးပါပဲ။

သူ့ဘက်က ရှေ့ဆက်တိုးမလာရင် အားလုံးပြီးသွားမှာ သူကလည်း သည်ခြံထဲမှာ VCD ခဏ လာရိုက်တုန်း ခရီးသွားဟန်လွှဲ စိတ်ဝင်စားတာ။

ကိုယ့်ဘက်က သာယာနေဟန်ပြလို့ မရသေးပါ။ မိန်းကလေးတို့ ဣန္ဒြေ စိန်ရွှေငွေပေးလို့ မရတဲ့။

ဟန်ဆောင်မှုနှင့် မာနကလေးတော့ ထားဦးမှ။ ရွှေရင်တံခါးဆိုတာ လွယ်လွယ်ဖွင့်ပြထားလို့ ကောင်းတာမှ မဟုတ်ဘဲ။

✻ ✻



www.burmeseclassic.com

www.burmeseclassic.com

သူတို့အဖွဲ့ ပြန်သွားချိန်အထိ မိုးပွင့်ဖြူကလေးက အိမ်ထဲမှာပဲ မတွေ့အောင် ပုန်းရှောင်နေခဲ့ပါသည်။

အင်္ဂါတည်၏ two Door ကားလေး ထွက်သွားတာကို ပြတင်းပေါက်လိုက်ကာကွယ်ကနေ ကြည့်ပြီး ရင်ထဲမှာ လစ်ဟာ သွားသလိုလိုပင်။

အဲ့ဒီလို ဘာကြောင့်များ ဖြစ်ရတာလဲ။

ထမင်းစားပွဲမှာ တစ်ယောက်တည်း တိတ်တဆိတ် ညစာစားရင် ငြိမ်သက်နေမိတုန်း မေမေက ရောက်လာပြီ။

"မနက်ဖြန် တစ်ရက် ဆက်ရှိက်ဦးမယ်တဲ့၊ ဗီဒီယို ဇာတ်ဝင်ခန်းတဲ့"

ညဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလာသည်။

"လှိုင်းနွယ်နွယ်နဲ့ပဲလား မေမေ"

ဘာလို့များ သွယ်ကာစိုက်ကာ မေးမိသလဲ၊ တဲ့တိုး မမေးရဲတာ မရိုးသားလို့လား။

"မဟုတ်ဘူး သမီးရဲ့ မင်းသားကတော့ မောင်အဂ္ဂါ ပဲတဲ့"

ဟု ကြားချင်သော သိချင်သော အဖြေကို ရလိုက်ပါသည်။ မနက်ဖြန် သူ ထပ်လာဦးမှာပဲ ဆိုသည့်အသိက နှလုံးသားကို ယိမ်းနွဲ့ တုန်ခါစေသည်။

အရမ်းပျော်သွားမိသော စိတ်၊ ဟုန်းကနဲ ဝမ်းသာမှုသည် သူ့အပေါ် သာမာန်ထက် ပိုချင်သော တိမ်းညွတ်မှုကို သက်သေ ပြနေသည်။

မိုးပွင့်ဖြူကလေး၏ စိတ်သဘောထားကို မေမေ ကတော့ သိပုံမရသေးပါ။

* *



www.burmeseclassic.com

www.burmeseclassic.com

မနက်စောစော အိပ်ရာထမည်ဟု တွေးထားပေမယ့် ဘာကယ်တမ်း နိုးလာတော့ မိုးစင်စင်လင်းကာ နာရီက ရှစ်နာရီကို ရိပ်ရိပ်ကလေး စွန်းနေခဲ့ပြီ။

အိပ်ရာထက်မှ ဝေါက်ခနဲ ထထိုင်ကာ သူ ရောက်များနေပြီလားဟု တွေးမိ၏။

ဘာလို့များ သူ့အကြောင်းကို အရင်ဦးဆုံး သတိရမိသလဲ။

မိုးကို သူ လွှမ်းမိုးထားပြီလား။

ကုတင်ထက်က ဆင်းပြီး ပြတင်းပေါက်ဆီ ပြေးသွား



www.burmeseclassic.com

www.burmeseclassic.com



ကာ ပြတင်းပေါက်လိုက်ကာကို ဖယ်လျက် ခြံဝင်းထဲကို လှမ်းကြည့်မိသည်။

"ဟင်"

ပြတင်းပေါက်ရှိရာတည့်တည့်ကို မော့မော့ကြီး ငေးကြည့်နေသော သူ့မျက်လုံးတစ်စုံနှင့် တန်းတန်းမတ်မတ် ဆုံသွား၏။

"အိုး"

အခုမှ အိပ်ရာနိုးခါစ ဆံပင်တွေက ကပိုကရို၊ ဘာမှ ခြယ်သမထားသော မျက်နှာ၊ ရှက်စရာကြီးပါလား။

လိုက်ကာကို လွှတ်ချပြီး ခြေတစ်လှမ်း ဆုတ်မိ၏။

ရင်တွေ တဖိုဖိုနှင့် မျက်နှာကလေး ထူအမ်းလာသလို ထင်ရကာ ရင်ထဲမှာလည်း နွေးတမြမြ အချစ်နတ် ဖမ်းစားခံရပြီ လား။

လူတစ်ကိုယ်လုံး သူ့မျက်လုံးအောက်မှာ အညှို့ခံ ရသလို၊ ဓာတ်လိုက်ခံရသလိုလို တုန်ရီနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပင့်သက်တစ်ချက်ရှိုက်ကာ မှန်ရှေ့မှာ သွားရပ်မိ ၏။

မြန်မြန်ရေမိုးချိုး အဝတ်စားလဲကာ ခြံထဲ ခဏ ဆင်းမည်။

ကိုယ့် စိတ်ကို ကိုယ်မလှည့်စားချင်၊ မညာချင်၊ မနှိပ် စက်ချင်၊ သူ့ကို ကိုယ်လည်း တွေ့ချင်တာပါပဲ။

သူလည်း တွေ့ချင်လို့သာ မော့ကြည့် စောင့်မျှော် နေတာ။

တွေ့ချင်သည့် ဆန္ဒချင်း ညီကြလို့သာ တွေ့ဖြစ်ကြ မှာပါ။

ရင်ထဲက ဆန္ဒတစ်ခုကို ပွင့်ပွင့်လင်းလင်း လှစ်ဟ ပြမိတာ အပြစ်မှ မဟုတ်ဘဲ။

ဘယ်သူတွေ ဘယ်လိုထင်ထင် သိပ်ဂရုမစိုက်ချင်၊ သတ္တိတစ်မျိုးက မိုးပွင့်ဖြူကလေးဆီမှာ ကပ်ငြိ ဖြစ်ပေါ်လာ သည်။



www.burmeseclassic.com

www.burmeseclassic.com



လှပသော အနီရဲဝတ်စုံကလေးကို ရွေးဝတ်ကာ မမေ ကော်ဖီဖျော်နေတုန်း အသာကလေး ခြံထဲဆင်းလာခဲ့၏။

မေမေက မနက်မိုးလင်းဆို ရေမိုးချိုးပြီး တစ်ခုခုစားမှ ဘုရားရှိခိုးတာ။ ကြိုက်တာ။

ဘာမှ မစားမသောက်ဘဲ နေတာကို ခွင့်မပြု၊ မရ က စားခိုင်းနေကြပါ။

အဲ့ဒါကြောင့် မိုး မေမေ မမြင်အောင် ဆင်းခဲ့ရတာ။ ကိုမြင်လျှင် သူ ပျော်ရွှင်သွားမှာလား။

သူ့မျက်နှာကို ကြည့်ပြီး အကဲခတ်ချင်ပါသည်။

သူရော မိုးလိုပဲ မိုးအပေါ် လေးနက်ပါရဲ့လား။

တစ်ဖက်သတ်ဆိုလျှင် မိုးဘက်က ခြေစုံရပ်နေမိမှာပါ။

မနက်ကလည်း ရင်ထဲ တစ်ထောင့်တစ်နေရာမှာ ခြမြ ကိန်းဝပ်နေသလား မသိပါ။

* *

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

မိုးပွင့်ဖြူကလေးကို မြင်သောအခါ အဂ္ဂါတည် မျက်လုံးတစ်စုံက ပိုမို တောက်ပရွှန်းလက်လာသလိုပင်။

မိုးကပဲ ထင်လို့လား၊ တကယ်ပဲလား။

သူက ဖျတ်ကနဲ မတ်တတ်ရပ်ပြီး သူမရှိရာ တလွှား လွှား လျှောက်လာ၏။

ယုံကြည်မှု ခိုင်ခိုင်မာမာ။

မိုးက သူ့အပေါ် စွဲလမ်းနေပြီဟု သူ အပိုင်တွက် ထားပြီး မိုးကို အထင်သေးမှာလား။

မိုးကလည်း မိုးနော်။

ဟိုဟာတွေးပြီး စိုးရိမ်လိုက်။



www.burmeseclassic.com

www.burmeseclassic.com



သည့်ဟာတွေးပြီး တွေဝေလိုက်။

တကယ်ဆို သူ့ဘက်က ဘာပြောသေးလို့လဲ။ သူနဲ့ မိုးနဲ့ ဘာဖြစ်သေးလို့လဲ။

အခုမှ 'စ' လုံးရေ 'စ' ရှိသေးတာ။

ကြောင့်ကြပူပန် ရှက်ရွံ့ထူပူတာတွေ လျှော့သင့်ပြီ။ လိုမှ မလိုတာ။

လူငယ်ချင်း စကားပြော ရင်းနှီးခင်မင်တာ ဆန်းသလား။

"ကျွန်တော် ရောက်နေတာ ကြာလှပြီ"

ဟင်... ဘယ်လိုကြီးလဲ။

ပြန်ပြောဦး မင်းသားကြီးရယ်...

မိုးက ရှင့်ချစ်သူလား။

ရှင်ပြောလိုက်ပုံက သမီးရည်းစား ချိန်းထားချိန်မှာ ကောင်မလေးက နောက်ကျလို့ ကောင်လေးက မကျေမနပ် ရေရွတ် အပြစ်တင်သလို တရင်းတနှီးကြီး။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သည်လိုဆို မှားနေပြီလေ။

မိုးနဲ့ရှင်က Intro အဆင့်ပဲ ရှိသေးတာ။

"ကျွန်တော် ခင်ဗျားကို လက်ဆောင်ပေးမလို့"

"ဟင့်အင်း မယူပါဘူး"

ဘာမှန်းမသိခင် ကြိုငြင်းမိသည်။

"ပန်းပါ၊ နှင်းဆီပန်း"

သူက ချက်ချင်းပဲ သူ့ကားရှိရာ လျှောက်သွားပြီး ကားထဲက နှင်းဆီပန်းစည်းလှလှကြီးကို ဆွဲထုတ်ယူလာပြီး ကမ်းပေးသည်။

ပန်းတွေက မွှေးမြလတ်ဆတ်စွာ ငြင်းစရာမရှိ။

မိုး ဟန်ပင်မဆောင်နိုင်ဘဲ လှမ်းယူ မွှေးရှိုက်မိ၏။ မိန်းကလေးဆိုတာ ပန်းကြိုက်တယ် မဟုတ်လား။

"ဟင်"

ရုတ်တရက် အိပ်မက်ကို သတိရကာ သူ့မျက်နှာကို ကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် မျက်လုံးချင်း ဆုံမိသည်။

အိပ်မက်ထဲကလိုပါပဲလား။

နှင်းဆီပန်းတွေကို ငုံ့ကြည့်ကာ ရင်ခုန်မြန်သွား၏။

ရှင်က တကယ်ပဲ မိုး ဖူးစာရှင်လား။

ရှေးဘဝက ရေစက်ရှိခဲ့ဖူးလား။

မိုးရှေ့ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့တာ နတ်ရေးတဲ့ ဖူးစာလား။

သူက မိုးကို ပြုံးပြုံးကြီး ကြည့်နေ၏။

"အထဲမှာ စာပါတယ်"

"အင်"

မိုး လန့်ဖြန့်စွာ သူ့ကို ပြန်ကြည့်မိ၏။

ရည်းစားစာလား၊ ဘာစာလဲ၊ သူက စာတစ်တန်၊ ပေတစ်တန်နဲ့ ဟိုးရှေးခေတ်ကို ပြန်သွားမလို့လား၊ စာပေးတဲ့ ခေတ်မှ မဟုတ်ဘဲ။

"ကျွန်တော့်မွေးနေ့ ဖိတ်စာပါ"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

တော်ပါသေးရဲ့။

စကားလုံးတွေ လှလှသီပြီး ရည်းစားစာ ပေးတဲ့ ခေတ်ကို ပြန်တွင်နေပြီလားလို့။

"ခင်ဗျား ဆက်ဆက်လာရမယ်နော်"

သူက ကတိတောင်းသည်။

တွေ့ရချိန် ခဏကလေးမှာ ထိထိမိမိ အသုံးချပြီး သူဖြစ်ချင်တာတွေကို တောင်းဆိုတတ်သူ။

သူဟာ လူလည်။

"လာချင်အောင် ဖိတ်ရင် လာမှာပေါ့"

မယုတ်မလွန် ပြန်ပြောမိတာ မိန်းကလေးတို့ သဘာဝ သိတယ်မဟုတ်လား။

မိန်းကလေးဆိုတာ 'မြစ်တစ်စင်း' လို ကွေ့ကောက်မာယာများ၏' တဲ့။

သူလည်း သိမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



သူက မိုးပွင့်ဖြူကလေးကို နှင်းဆီပန်းစည်း တယု တယ ပေးတာကို စက်အဖွဲ့က ကောင်လေးတချို့ ကွက်ကြည့် ကွက်ကြည့် လုပ်ကာ နေ၏။

တော်ကြာ သတင်းတစ်ပုဒ် ဖြစ်နေဦးမည်။

"သွားတော့မယ်"

မြန်မြန်နှုတ်ဆက်တာကို သူက ခေါင်းဆတ်ပြသည်။

တိုက်ထဲ ပြေးဝင်လာမိတော့ မိုးအဖြစ်က ဆယ့်လေး နှစ် သမီးကလေးလို မြူးမြူးသွက်သွက်။

ထမင်းစားခန်းရောက်မှပဲ နှင်းဆီပန်းစည်းထဲက ဖိတ်စာကို ရှာမိ၏။

စာရွက်ဖြူဖြူမာမာကလေးတစ်ခု၊ ကနုတ်ပန်းကလေး တွေ ရိုပ်တိတ်တိတ် ဖော်ထားပြီး ရေမွှေးနံ့လေး သင်းကာ နေပါသည်။

ဖိတ်စာရိုက်သည့် စာရွက်ကတ်ထူ ဖွေးဖွေးနှင့် နူးနူးညံ့ညံ့ကလေးပါပဲ၊ ဖိတ်စာတော့ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



စာရွက်ခေါက်ကလေးကို ဖြန့်ကြည့်မိသောအခါ ညီညာသော သေသပ်သော လက်ရေးနှင့်။

*ကျွန်တော့်မွေးနေ့ အစစ်အမှန်တော့ မဟုတ်ဘူး၊ တွေ့ချင်လို့ စကားတွေ ပြောချင်လို့ မွေးနေ့အတု လုပ်လိုက်ရ တာ၊ ခင်ဗျားလာဖြစ်အောင်လာပါ၊ ကျွန်တော် စောင့်နေမယ်* တဲ့။

ညာပြီး ဝန်ခံထားသော စာကလေးပါ။

သူဟာ လိမ်တာညာတာကို ဝန်လေးတတ်သူလား။

ချက်ချင်းပဲ ပြန်ဝန်ခံထားသည်။

မိုးက ဖွဖွလေး ပြုံးသည်။

သူ ရေးထားသော အချိန်ရယ်၊ နေ့ရယ်၊ နေရာရယ်၊ ဟဲင်းနှ်ဖုန်းနံပါတ်ရယ်။

ဖုန်းနံပါတ်ဘေးမှာ *'အကြောင်းကြောင်းကြောင့် မလာဖြစ်ခဲ့ရင် ဆက်ဖို့'* တဲ့။



www.burmeseclassic.com

www.burmeseclassic.com



အကွက်စေ့အောင် စီမံထားတာ။

ထိုစာတစ်ကြောင်းက မိုး လာကို လာမှာပဲဟု သူ ကြိုတင် တွက်ဆထားနိုင်တာ ပေါ်လွင်သည်။

မိုးကလည်း မသွားဘဲမှ မနေနိုင်တာ။

သူနှင့် စကားတွေ ပြောချင်ပါသည်။

သူ ဘာတွေပြောမလဲဟု အရမ်း သိချင်နေပါပြီ။

* *



www.burmeseclassic.com

www.burmeseclassic.com

လှပသော ဆိုင်ကလေးထဲက မွှေးပျံ့ချစ်စရာကောင်းသော သီးသန့်ခန်းကလေးထဲမှာ ချိုသော သီချင်းကလေးက တိုးတိုးညင်သာနှင့် မိုးပွင့်ဖြူကလေးကို ကြိုဆိုနှုတ်ဆက်လာသောအခါ ရင်ခုန်သံမြန်မိရင်း နှုတ်ခမ်းတစ်စုံမှာ နူးညံ့တောက်ပသော အပြုံးကလေး ခိုတွဲ ထင်ဟပ်လာ၏။

ကြည်နူးစရာ ယစ်မူးစရာ တိမ်းညွတ်ချင်စရာကောင်းလိုက်တာ။

သည်အခြေအနေလေးက ရုန်းထွက်ဖို့ မလွယ်၊ ထာဝရ တည်တန့်နေချင်စဖွယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



သီချင်းက 'အတူဆိုရင် ကုန်ဆုံးလွယ်... အချိန်တွေ ရယ် နေပါဦးကွယ်၊ ဒီနေ့တော့ ကိုယ်တို့ဝေးမသွားရဲ' တဲ့။

နေညိုချိန်တွေ အကြောက်ဆုံးပဲ နေချင်တယ်၊ ကိုယ် ချစ်ဆုံးနဲ့ ထာဝရ မခွဲတော့ဘူး အချစ်ရယ်...

'အလွမ်းတွေရဲ့ အဝေး ထွက်ပြေးမယ်...

လိုချင်တာ ရင်ခုန်ခြင်းပဲ'

'အချစ်ရဲ့အသည်း အသည်းနှလုံး နားခိုဝင်ကာ ကိုယ် အိပ်စက်တော့မယ်၊ ကမ္ဘာမြေပေါ် ကျေနပ်လို့ မဆုံးတဲ့ အချိန်ကလေးများကို ပိုင်ဆိုင်ဖူးပြီကွယ်...'

အဂ္ဂါတည်၏ စိုလက်လေးနက်သော မျက်ဝန်း တစ်စုံရှေ့မှာ ဝင်ထိုင်လိုက်ရတာ လက်ဖျားကလေးတင် အေးချင်ချင်။

ရှက်ကြောက်သော ခံစားမှုအသစ်။

"ကြာလိုက်တာ"

"ဟင်... အတိအကျပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အစောကြီးကတည်းက ရောက်နေတာကို:"

ဟု သူက ပွင့်လင်းလာ၏။

"မွေးနေ့အတွက်ဆိုတော့ ပရဲစင့်နှ် (လက်ဆောင်) မယူလာဘူး... အစစ်အမှန်မှ မဟုတ်ဘဲ"

"ရပါတယ်"

သူက မျက်နှာပျက်စွာ...

"တမင်ညာတာ မဟုတ်ပါဘူး" တဲ့။

"မွေးနေ့အစစ်က..."

"ကျွန်တော့်မွေးနေ့လား"

"အင်း"

"လေးနှစ်တစ်ခါပဲ ကျင်းပလို့ ရတယ်"

"ဖေဖော်ဝါရီ နှစ်ဆယ့်ကိုးပေါ့"

"ဟာ... ဘယ်ဆိုးလို့လဲ သိလှချည်လား၊ အချို့ဆို ခုတ်တရက် မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သိဆို အရမ်းခင်တဲ့ သူငယ်ချင်း ဇလပ်က ဖေဖော်ဝါရီ နှစ်ဆယ့်ကိုးမှာ မွေးတာလေ"

"ဪ . . . ဒါကြောင့်ကိုး"

စကားတွေ ပြောဖြစ်တော့လည်း နေသာသွားသလိုပင်။

ရင်းနှီးမှု တံခါးတစ်ချပ် ပွင့်ဟသွားပြီ။

ဝင်ဝင်လာချင်းတုန်းကလို ထူပူအနေခက်တာမျိုး မရှိ။

သူ့မျက်လုံး ရွှန်းရွှန်းစားစား အောက်မှာ နေဝံ့လာသလိုပင်။

မြတ်နိုးသောတန်ဖိုးထားသော အကြည့်ကို မခံယူရဲစရာလား။

ကျေနပ်ဂုဏ်ယူစရာပါ။

"လာမှ လာပါ့မလားလို့"

"လာမှာ သိနေတယ် မဟုတ်လား"

သူက ခေါင်းညိတ်ပြီး . . .

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ပူနေမိတယ်"

ဟု ဆို၏။

"မလာခဲ့ရင် ဘာဆက်လုပ်ရမလဲ မသိဘူး" တဲ့။

"အဟင်း"

"ဘာစားမလဲ မှာမယ်လေ"

"ရပါတယ် . . . ဘာပဲဖြစ်ဖြစ်"

"ဟင်းတွေစုံအောင် မှာရမလား"

"ဟင် . . . မဟုတ်တာ၊ ဟင်းနှစ်မျိုးဆို တော်ပြီပေါ့။ အများကြီး မှာပြီး နှစ်ယောက်တည်း ဘယ်လို စားမလဲ၊ ကုန်မှာ မဟုတ်ဘူး"

"ခင်ဗျားပဲ မှာလေ"

အဂ္ဂါတည်က မိုးပွင့်ဖြူကလေးကို ဦးစားပေး စကားဆို၏။

သူ့ပုံစံ ပြောပုံဆိုပုံက မိုးနှလုံးသားကို နူးညံ့သာယာ စေ့နှိုးမွှေးစေသလိုပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ခင်ဗျားနဲ့ ရင်းနှီးချင်တယ်"

မိုးပွင့်ဖြူကလေးက မျက်လွှာချလိုက်၏။

သူ ဆက်ပြောလာတွေကို ကြိုတင်ခန့်မှန်းမိနေပြီပဲ မဟုတ်လား။

"အခု ပြောရင် အရမ်းစောနေမလား။ ပြောလို့ သင့်တော်ပါ့မလား။ တစ်ဘဝစာ ရင်းနှီးမှု လိုချင်နေတာ သိပ်မြန်နေလား။ ခင်ဗျား ယုံပေးနိုင်ပါ့မလား"

မပြောဘူးလည်း ဆိုသေး၊ ပြောဖြင့် ပြောပြီးနေပြီ။ မိုးက ဘယ်လို နားလည်ပေးရမှာလဲ။

"နောက်တစ်ခေါက် တွေ့မှပဲ ပြောတော့မယ်"

သူ့စကားက သူမကို ပြုံးသွားစေသည်။

"ကြို စဉ်းစားထားပေးပါ"

ဟောတော့ . . . သူ လူလည်ပါလား။

"ကျွန်တော့်ဘက်က ဘာမှ ထပ်မစဉ်းစားတော့ဘူး အချိန်တစ်ခုပဲ စောင့်ရမှာ။ အဆင်ပြေရင် လူကြီးစုံရာနဲ့ မြန်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ။ ခင်ဗျား ခေါင်းညိတ်ရင် ကျွန်တော် မိုးလို့ ခေါ်ရမလား ခွင့်ပြုမှာလား . . .

. . . မိုးပဲ ကြိုက်တယ်၊ မိုးဆိုတာ မြင့်မားတယ်လေ၊ ကျွန်တော့်အတွက် တန်ဖိုးမြင့်မားတယ်"

အဂ္ဂါတည်က မလွှဲတမ်း စိုက်ကြည့်နေသောအခါ မိုး မျက်နှာလေး နွေးတက်လာရသည်။

အချစ်က နှလုံးသားဆီ တည့်မတ်စွာ အရှိန်နှင့် ဝင်ရောက်လာခဲ့ပြီလား။

မိုးပွင့်ဖြူကလေးက ဟန်ဆောင်ပန်ဆောင် အိုက်တင်ခံဖို့ ကြိုးစားနေမိပါသည်။

ချက်ချင်းကြီးတော့ ချစ်ခြင်းတံခါး မဖွင့်ပေးချင်၊ မိုးက မိန်းကလေး မဟုတ်လား။

* *



www.burmeseclassic.com

www.burmeseclassic.com

မြန်ဆန်လွန်းသော အဖြစ်အပျက်တွေက အိပ်မက်လိုလို ဘာလိုလို။

"ဖူးစာမှန်တော့လည်း လမ်းကဖြူးနေတာပဲ"

ဟု ဖလပ်က အားကျစွာ ဆိုလာ၏။

သည်နေ့ အင်္ဂါနှင့် မိုး လူကြီးဆုံရာနှင့် မြန်းကြမည်လေ။

ဆင်တူလုပ်ထားသော စိန်လက်စွပ်ကလေး နှစ်ကွင်းကို ဖွင့်ကြည့်ကာ ရင်ထဲမှာ ကြည်နူးမှု လှိုင်းထသွား၏။

စေ့စပ်လက်စွပ်ကလေး နှစ်ကွင်းက ဆန်းလှပါသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ကွင်းပေါင်းမှ အဓိပ္ပာယ် ပြည့်စုံစေနိုင်သော သော့ခလောက်နှင့် သော့ကလေး ထူးထူးဆန်းဆန်း စိတ်ကူးတာက အဂ္ဂါတည်ပါ။

မိုးက သူ့ဆန္ဒကို မကန့်ကွက်။

တစ်ကွင်းက သော့ခလောက်ပုံ စိန်စီထားပြီး၊ ကျန်တစ်ကွင်းက သော့ချောင်းပုံ စိန်စီထားတာ၊ တစ်ယောက်ကို တစ်ယောက် လှပစွာ ချည်နှောင်ဖို့ ကြိုးစားရင်း ပန်းခင်းလမ်းမှာ ကျေနပ်သာယာစွာ ရှိချိန်ပါပဲ။

"နင် အရမ်း ပျော်နေတယ် မဟုတ်လား"

သူငယ်ချင်းတွေက သိချင်စွာနှင့် ဗျူးကြပါသည်။

"ပျော်တာပေါ့"

မိုးပွင့်ဖြူကလေးက မညာစတမ်း ဝန်ခံလိုက်၏။

"ရုပ်ကြီးက"

"မနာလိုမရှိနဲ့... မကျေနပ်ရင် နင်တို့လည်း ရှာပေါ့ ခါအောင် လိုက်လေ"



www.burmeseclassic.com

www.burmeseclassic.com



“ပြောအားရှိတော့ ပြောပေါ့ဟယ်”

သူငယ်ချင်းတွေကို စ,ဖေါက်ရင်း မိုး ပျော်မဆုံး နှိုနေ၏။

မိုးက သူများနှင့် မတူ။

ကိုယ့်ကိုယ်ကို မကြာခင် သေရတော့မှာပဲဟု လောကကြီးကို ကြေကွဲစွာ နှုတ်ဆက်ဖူးသူပါ။

လန်းဆန်းသော ဘဝသစ်တစ်ခုကို ပြန်ရရှိပြီး ပျော်ရွှင်စွာ လျှောက်လှမ်းရလိမ့်မည်ဟု မထင်ခဲ့ပါ။

မိုး မပျော်ဘဲ ရှိပါ့မလား။

မိုးစိတ်ကို မိုးပဲ နားလည်ပါတယ်။

မိုးကို နှလုံးသားတစ်ခု ရက်ရက်ရောရော ပေးလှူခဲ့တဲ့ မမကို မိုး ကျေးဇူးတင်လို့ မဆုံးပါဘူး။

* *



www.burmeseclassic.com

www.burmeseclassic.com

စေ့စပ်လက်စွပ်ကို ချွတ်ပြီး မှန်တင်ခုံပေါ် တင်ကာ မိုးပွင့်ဖြူက ဖျတ်ကနဲ ကျောခိုင်းလိုက်၏။

ရင်ထဲမှာ ဝမ်းနည်းခြင်းလည်း မဖြစ်မိပါ။

ရင်ထဲမှာ ပျော်ရွှင်လွတ်မြောက်မှုကို ခံစားနေရသလိုပင်။

ဖျတ်ကနဲ အိပ်ရာက နိုးသွားမှ အိပ်မက်မက်နေပါလား ဟု မိုး အသိဝင်ကာ စေ့စပ်လက်စွပ်ကလေး ဝတ်ထားသော လက်ကို မြှောက်ကြည့်မိ၏။

လက်စွပ်ကလေးက မိုးလက်မှာ ရှိမြဲတိုင်း ရှိနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအိပ်မက်က ဘယ်လိုအဓိပ္ပာယ်ပါလိမ့်။

ထူးဆန်းလိုက်တာ။

မိုးက စေ့စပ်လက်စွပ်ကို ဘာလို့ ချွတ်ပစ်ရမှာလဲ။

မြတ်နိုးလွန်းလို့။

အိပ်မက်ထဲကလို မဖြစ်နိုင်ပါ။

အိပ်ရာထက်က ဆင်းပြီး မိုး ရေတစ်ဖန်ခွက် သောက်သည်။

ထိုအိပ်မက်ကြောင့် စိတ်ထဲ စိုးထင့်သွားရတာအမှန်။

မိုး ဘာလို့ စိတ်ပူနေရတာလဲ။

တကယ်ဆို မိုးဘဝ၏ ကံမကောင်းခြင်းတွေက ပြီးဆုံးခဲ့ပါပြီ။

ဘာလို့များ မိုးက စိုးထိတ်နေရမှာလဲ။

မိုးဘဝမှာ ဘာပူပင်သောကမှ မရှိ။

အဂ္ဂါတည်ကလည်း မိုးကို သစ္စာရှိစွာ မြတ်နိုးနေသူပါ။



www.burmeseclassic.com

www.burmeseclassic.com



မိုး စိတ်ညစ်အောင် လုပ်မည့်သူမဟုတ်။

တယုတယနှင့် မိုးကို ချစ်မဝရှိနေရှာတာ။

မိုးကရော။

မိုးကလည်း သည့်မျှ အေးချမ်းသာယာသော ဘဝကလေးကို ထားရစ်ကျောခိုင်းပြီး ဘာလို့ မိုက်မဲ ရူးသွပ်ရဦးမှာလဲ။

အဂ္ဂါကို မိုးကိုယ်တိုင်ပဲ ရွေးချယ်ခဲ့တာပါ။

ရွှေနှင့်မြ နေနှင့်လ ဘဝမှာ မိုး ဘာကိုမှ ထပ်မစဉ်းစားချင်။

တဒင်္ဂမက်သော အိပ်မက်ကလေးကို မိုး မေ့ထားလိုက်ပါသည်။ အိပ်မက်ကလေးတစ်ခုကို အစွဲကြီးပြီး မိုး မတုန်လှုပ်ချင်ပါ။

အဂ္ဂါတည်ကိုလည်း အကြွင်းမဲ့ ယုံကြည်ထားချင်ပါသည်။

* *



www.burmeseclassic.com

www.burmeseclassic.com

ငေးငေးကလေး ငြိမ်သက်နေသော သမီးကို ကြည့်ကာ မေမေက အားမလို အားမရ မေးလာ၏။

"ဘာဖြစ်လို့လဲ သမီး"

ဟု မေမေက မေးလာ၏။

"မေမေ သမီး အိပ်မက်မက်လို့... သမီးမက်တာက"

"မေမေ့ကို ပြောစရာရှိတာပြောလေ"

"သမီး ကိုယ်ထဲက ခုန်နေတဲ့ နှလုံးသားက တစ်ခုခုကို တောင်းဆိုနေသလိုပဲ မေမေ၊ သမီး အဲဒီလို ထင်မိတယ်။ လူတစ်ယောက်ကို မြင်ယောင်နေမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအကြောင်းတွေ မေ့ထားလိုက်ပါ သမီးရယ်"

"မေ့လို့ မရဘူး၊ သူ့ကို တွေ့ချင်လာတယ်၊ သူက ကိုအဂ္ဂါ မဟုတ်ဘူး၊ တခြားတစ်ယောက်၊ သူနဲ့ဝေးရရင် သမီး တစ်ခုခု ဖြစ်သွားမလားဘဲ၊ ကိုအဂ္ဂါကို သမီး လက်မထပ်ချင် တော့ဘူး မေမေရယ်"

မိုးစကားတွေက မေမေ့ကို မျက်နှာပျက်စေသည်။

"မစိုးရိမ်ပါနဲ့ မေမေ၊ သမီး သွားမယ့်လမ်းကို နှလုံး သားက လမ်းပြပါလိမ့်မယ်၊ မေမေ စိတ်မပူပါနဲ့နော်"

မိုးက မေမေ့ကို နှစ်သိမ့်၏။

မေမေ စိတ်မအေးနိုင်တာ သိနေသည်။

ထိုသူက ဘယ်သူဘယ်ဝါမှန်းပင် မသိသေး။ မိုး၏ မျက်စိရှေ့ကိုလည်း ရောက်မလာသေး။

ဘာဆိုဘာမှ မဖြစ်သေးဘဲ မေမေက ပူပန်နေပြီ။ အဲဒီလို ဖြစ်ရတာလည်း မိုးပွင့်ဖြူ၏ လေးနက်လွန်းသော ဟန်ပန်မူရာတွေကြောင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ပုံစံက သမီးကို သိပ်တန်ဖိုးထား မြတ်နိုးသလိုပဲ၊ ကိုအဂ္ဂါနဲ့ ဘာမှ မဆိုင်ဘူး"

"အိပ်မက်ပဲ သမီးရယ်၊ အစွဲအလမ်း မထားပါနဲ့"

"ရိုးရိုးအိပ်မက်မှ မဟုတ်ဘဲ မေမေ"

"အိပ်မက်ဆိုတာ ညကုန်ရင် ပြီးဆုံးသွားမှာပါ၊ ဘဝထဲကို လိုက်လာလို့ မရဘူး"

"မဟုတ်ဘူး မေမေ"

မိုးရင်ထဲမှာ လေးနက်လွန်းနေတော့ မေမေပြောတာကို လက်မခံချင်။

"မိုးအိပ်မက်က မိုးလင်းသွားလည်း မပြီးသွားဘူး မေမေ ပြန်စဉ်းစားလိုက်တာနဲ့ နှလုံးသားထဲက ဒုန်း... ဒုန်းနဲ့ မြည်လာတယ်၊ နွေးလာတယ်၊ အဲဒီ့လူ တကယ်ရှိမယ် ထင်တာပဲ"

"ခက်ပါလား သမီးရယ်"

"မိုး ကိုအဂ္ဂါကို လက်ခံလိုက်မိတာ မှားသွားတယ် မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သမီးက နောင်တစကားတွေ ဆင့်ကဲ ဆင့်ကဲ ဆိုနေပါရောလား။

အိပ်မက်ထဲက ကောင်လေး အပြင်မှာ တကယ်ထွက်ပေါ်လာခဲ့လျှင် သမီးက ဘာကိုမှ ဂရုမစိုက်ဘဲ ရှေ့ဒွတ်တိုးတော့မည့် ပုံစံကလေး။

တားလို့ဆီးလို့ ရမှာမဟုတ်။

မောင်အဂ္ဂါနှင့်ကိစ္စကို ထည့်စဉ်းစားမည့်ပုံ မရ။

"သမီးရယ် .... မြန်မြန် လက်ထပ်လိုက်ပါ"

အကောင်းဆုံးကို တိုက်တွန်းမိ၏။

လက်ထပ်ပြီးသွားလျှင် သမီးလေး စိတ်တွေ ရင့်ကျက်ငြိမ်သက်သွားလိမ့်မည်။

"ဟင့်အင်း... သမီး တစ်သက်လုံး စိတ်ဆင်းရဲရမယ့်ဘဝကြီးကို မျက်စိမှိတ် မဆုံးဖြတ်ချင်ပါနဲ့"

"ကြာရင် ပိုရှုတ်ကုန်မယ် သမီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သူ… သမီးရှေ့ကို ပေါ်ထွက်လာမှာ သမီး သိနေတယ်၊ သမီးနှလုံးသားက သူ့ကို ရှာနေမိတယ် မေမေ"

ခုကတည်းက ပြောမရ ဆိုမရ။

"မိုးကလေ..အိပ်မက်ထဲကလူလို့ ကိုအဂ္ဂါကို ထင်လိုက်မိတာ။ အဲ့ဒီလို ထင်ပြီး မှားသွားတာ၊ အိပ်မက်က ပထမ မထင်မရှား ဖြစ်နေတာလေ"

မေမေက ပင့်သက်ဖြာသည်။

မေမေ စိတ်ညစ်ရပြီ။

မိုး စိတ်မကောင်းလိုက်တာ။

မိုးက အဲဒီလို မဖြစ်စေချင်။

မိုးကြောင့် မေမေ တစ်ခုခု ခံစားရမှာ မဟုတ်လား။ တစ်သက်လုံး တစ်ဘဝလုံး မိုးရောဂါကြောင့် မေမေ စိတ်ဖိစီးခဲ့ရပြီ။

"မေမေ"

"ဘာလဲ သမီးလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဖေမေ စိတ်မညစ်ပါနဲ့နော်"

"သမီးရယ်..., မေမေ့စကား နားထောင်ပါ၊ လက်ဆပ်လိုက်ပါ၊ မောင်အဂ္ဂါကို မြန်မြန် လက်ထပ်ပါ၊ မေမေ့ကို စိတ်မညစ်စေချင်ရင်"

မိုးပွင့်ဖြူကလေးက မျက်နှာငယ်ကလေးနှင့် ခဏစဉ်းစားနေမိပြီ။

"ကောင်းပါပြီ မေမေ၊ မိုး လက်ထပ်မယ်"

ဟု ကြိတ်မှိတ်ကာ ကတိပေးလိုက်၏။

မေမေ ဖြစ်စေချင်တာ ဖြစ်ရမည်။

မိုးက မေမေ့အပြုံးကို မြင်ချင်သူပါ။

ကိုအဂ္ဂါနှင့် လက်မထပ်လျှင် စေ့စပ်ထားတာ အလကားဖြစ်ပြီး မျက်နှာပျက်စရာတွေ ဖြစ်တော့မည်။ မေမေက အဲ့ဒီလို မဖြစ်စေချင်။

တစ်ဦးတည်းသော သမီးကို ခမ်းနားတင့်တယ်စွာ ခွဲသယ် တင့်စေချင်တာ။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့စေတနာကို မိုးက ရင်ထဲက လှိုက်လှိုက်လှဲလှဲ နားလည်ယုံကြည်ပြီးသား။

သို့သော် နှလုံးသားက ခေါင်းမာနေ၏။

အိပ်မက်ထဲကလူ အိပ်မက်ထဲက အချစ်နှင့် အိပ်မက်ထဲက ကြည်နူးသာယာမှုကို အပြင်မှာ လိုလားတောင့်တမိသည်။

ကိုအဂ္ဂါနှင့် ချစ်သူ ဖြစ်နေရတာ အနှစ်သာရ မရှိသလို ထင်လာမိသည်။

အိပ်မက်ထဲကလို ရင်တစ်ခုလုံး နွေးကာ ပူလှိုက်ပြီး တသသ ချစ်မြတ်နိုးသော ခံစားမှု၊ အပြင်ဘဝနှင့် တော်တော်ကွာနေသည်။

မိုး ပင့်သက်ထပ်တစ်ကြိမ် ရှိုက်မိ၏။

သေချာနေတာတစ်ခုက အိပ်မက်ထဲက ပုဂ္ဂိုလ် မိုးရှေ့ ပေါ်လာခဲ့ပါရင် မိုး မေမေ့ကို ပေးထားခဲ့သောကတိ တည်နိုင်ပါ့မလား။

* *



www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်မကြီးက ကျေနပ်မဆုံးသော မျက်နှာဖြင့် ခေါင်း တစ်ချက်ညိတ်ပြသည်။

"ဆေးစစ်ချက်အားလုံးက ပုံမှန်ပါပဲ"

ဟု ဝမ်းသာစွာ ပြောပြ၏။

"ပုံမှန်ဆိုတဲ့စကားကို ကြားရတာ ထူးဆန်းနေသလိုပဲ၊ နှလုံး အစားထိုးပြီးမှ ဘဝဆိုတာကို နားလည်မိသလိုပဲ၊ ဒီလိုမျိုး ပုံမှန်ဖြစ်ရတာလည်း ဘုရားပေးတဲ့ လက်ဆောင် ဖြစ်မှာပါ ဒေါက်တာရယ်"

"မင်းက အရမ်းကို ကံကောင်းပါတယ်။ လူတစ်ယောက်က သူ့ကို နှလုံးလှူတဲ့ လူရဖို့ လူတစ်သန်းခွဲမှာ တစ်ယောက်ပဲ ကံကောင်းပြီး ရနိုင်တာမျိုးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ"

"ပြောလေ . . . သမီး၊ ဘာပြောမလို့လဲ"

"တစ်ယောက်တည်း ထိုင်တွေးနေချိန်မှာ ကြီးလေးတဲ့ အပြစ်လုပ်မိသလို ခံစားရတယ် ဒေါက်တာရယ်"

"အပြစ် ဟုတ်လား . . . ဘာအပြစ်လဲ"

"အဘွား၊ ဆွေမျိုးသားချင်းတွေနဲ့ ကျွန်မတို့ အံ့ဩစရာ ဖြစ်လာပါစေလို့ ဆုတောင်းခဲ့တဲ့အတိုင်းပဲ တစ်စုံတစ်ယောက်ရဲ့ နှလုံးသားနဲ့ ကျွန်မကို ကုသပေးနိုင်ခဲ့တယ်လို့ သိလိုက်ရတဲ့နေ့"

"ဒါဆို ဆုမတောင်းသင့်ဘူးလား"

"ကျွန်မအတွက် ဆုတောင်းပေးနေတာဟာ တခြားလူတစ်ယောက် သေဖို့အတွက် ဆုတောင်းပေးနေသလိုပဲဆိုတာကို သူတို့ သတိမထားမိကြဘူး၊ တစ်ယောက်ယောက်သာ မသေခဲ့ရင် ကျွန်မလည်း မရှင်သန်နိုင်ပါဘူး။ လူတစ်ယောက် သေဖို့အတွက် ဆုတောင်းမိတာ အပြစ်တစ်ခုပဲ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ ဒီအပြစ်ကို ကျွန်မ ကျူးလွန်နေမိပြီ။ အဲဒါအတွက် ပြေရာပြေကြောင်း လုပ်ချင်တယ်။ သူ့အိမ်သားတွေရဲ့ ခွင့်လွှတ်မှုကို လိုချင်တယ်၊ ဆက်သွယ်ပေးပါလား''

''နှလုံးလျှာတဲ့လူနဲ့ ပတ်သက်တဲ့ လျှို့ဝှက်ချက် ဟူသမျှမင်းကို မပြောနိုင်ဘူးလို့ ပြောပေါင်းလည်း မနည်းတော့ဘူး''

''ကောင်းပြီလေ . . . ဒါဆို သူနဲ့ပတ်သက်တဲ့လူကို ဒီစာလေး ပေးနိုင်မလား''

''ဘာတွေ ရေးထားတာလဲ သမီးရဲ့''

''သူ့ရဲ့ ရှင်သန်ခွင့်ကို လက်ဆောင်ပေးပြီး တိတ်တိတ်ထွက်သွားတဲ့ အသက်သခင်ကို ကျေးဇူးတင် အသိအမှတ်ပြုကြောင်းလေးပါ''

''ကောင်းပြီလေ . . . သူ့မိသားစုထဲက တစ်ယောက်ယောက် လာရင် ပေးလိုက်မယ် စိတ်ချပါကွယ်''

* *



www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းနှစ်ယောက်က သူ ဝင်လာတော့ ပြောလက်စ စကားရပ်သွားပြီး . . .

"မင်း အသက်ရှည်ဦးမယ် ရှိးသား"

ဟု ဆိုလာ၏။

"နှင်းပန်ထွာ အိပ်မက်တွေ မှန်အောင်လုပ်ဖို့ အသက်ဆက်ရှင်ဖို့ လိုတယ်လေ၊ ကလေးဆေးရုံတစ်ခုကို ပန်ထွာဆောက်ချင်နေတာ မင်းသိတယ် မဟုတ်လား"

"ဆေးရုံ စီမံကိန်းတစ်ခု လုပ်နေတယ်ဆိုတာ ပြောဖူးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိမ်းကိန်းအတွက် အစီရင်ခံစာက ဒီမှာပဲ။ အိပ်မက်ကို တကယ်ဖြစ်အောင် လုပ်ရတော့မယ်လေ။ အဲဒီ့အတွက် ခင်ဗျားရဲ့ အကူအညီလိုလို့ ဆေးရုံအလျှုရှင် ပေါ်လာပြီ"

"အမြဲတမ်း အဆင်သင့်ပါပဲ၊ ငါ အစွမ်းကုန် ကူညီမယ်"

"ကျေးဇူးတင်ပါတယ်ဟယ်"

"ဩော် ... ဒီမှာ ရိုးသား၊ ရှင့်အတွက်စာ"

"ဘယ်သူ့ဆီကလဲ"

ဟု ရိုးသားက မေးလိုက်၏။

"ပန်ထွာနှလုံးသားကို လက်ခံထားတဲ့လူဆီက"

"ဘာဖြစ်လို့ ကျွန်တော့်ကို ပေးတာလဲ၊ ဘာဖြစ်လို့ ထပ်ပြီး သတိရအောင် လုပ်တာလဲ၊ နှင်းပန်ထွာရဲ့ နောက်ဆုံးဆန္ဒကြောင့်သာမဟုတ်ရင် ဒီအဖြစ်မျိုး ဘယ်တော့မှ မရှိဘူး၊ ကျွန်တော် နှင်းပန်ထွာကို သနားလို့သာ လိုက်လျော သဘောတူခဲ့တာ။ သူ့ကြောင့် နာကျင်မှုတွေ ရှိပေမယ့်လည်း ကိုယ်ခန္ဓာ



www.burmeseclassic.com

www.burmeseclassic.com



ကို စွန့်ပြီး သူ့နှလုံးသား ဘယ်သူ့ဆီမှာလဲဆိုတာလဲ မသိချင်ဘူး''

ရိုးသားက ပြတ်သားစွာ ငြင်းပြီး စာကို အမှိုက်ပုံးထဲ ပစ်ထည့်လိုက်၏။

ရိုးသားစိတ်က လုံးဝ ပြတ်သားပါသည်။

နှင်းပန်ထွာမှ နှင်းပန်ထွာ။

အခြား ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စား။

နှင်းပန်ထွာ၏ နှလုံးသားနှင့် အသက်ရှင်နေသော မိန်းကလေးကို သူ မမြင်ချင်ဆုံးပါပဲ။

ရင်ထဲမှာ တစ်မျိုးကြီး ခံစားရသည်။

အဲဒါတွေ အားလုံးကို သူမေ့ပစ်ချင်ပါသည်။

ပြန်ပြီး အစဖော် မတူးဆွချင်။

ပြီးခဲ့တာတွေ ပြီးပါစေတော့။

နှင်းပန်ထွာ၏အလှူကို သူ မကန့်ကွက်ရက်ပါ။

သို့ပေမယ့် သူ သဘောမတူ၊ မကြည်ဖြူချင်ခဲ့။

ဤဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူကလေးကို မတားရက်လို့သာ။

"မင်းကို တွေ့ချင်ပုံပဲ"

သူ့သူငယ်ချင်းက စာအိတ်ပိတ်ထားသော စာကို ဖွင့်ကြည့်ခဲ့ပုံပင်။

"မင်း ဖတ်လိုက်လား"

"အင်း"

မညာစတမ်း ဝန်ခံလာ၏။

"ကျေးဇူးတင်တာရယ်၊ ကျေးဇူးဆပ်ခွင့်ရချင်တာရယ်၊ သူ အရမ်းပျော်နေတယ်ဆိုတာရယ် ရေးထားတာပါ"

"မင်း ဖတ်လိုက်လည်း ပြီးတာပါပဲ"

သူက ပြီးစလွယ် 'ပြီး' လိုက်ပေမယ့် ထိုကိစ္စက ပြီးသွားမှာ မဟုတ်ခဲ့တာ သူမသိပါ။

အခုမှ စ,တာ ဆိုတာ သူ မသိခဲ့။

သူ့ဘဝထဲကို မွှေနှောက်ဖို့ ကောင်မလေးတစ်ယောက် ဝင်ရောက်လာတော့မယ်ဆိုတာ လုံးဝ မထင်ခဲ့မိပါ။



www.burmeseclassic.com

www.burmeseclassic.com



သူက သူ့ နှလုံးသားကို ယုံသည်။ သူ့အချစ်ကိုလည်း ယုံသည်။

သူ့ဘဝကလေးက အနည်ထိုင်ပြီးသားပါ။

ဘာကြောင့်မှ သူ့နှလုံးသားက ခုန်လှုပ်လာမှာ မဟုတ်။ နှင်းပန်းထွာနှင့်အတူ သူ့အချစ်တွေ ပါသွားခဲ့ပြီးသားပါ။

* *



www.burmeseclassic.com

www.burmeseclassic.com

လေးလေးနက်နက် တွေ့ချင်စိတ်နှင့် သွားခဲ့ပေမယ့် မတွေ့ခဲ့ရဘဲ ပြန်လာရသောအခါ စိတ်ထဲမှာ ကသိကအောင့်နှင့် မတင်မကျ ဖြစ်နေမိ၏။

နှင်းပန်ထွာနှင့် စေ့စပ်ထားခဲ့သော

နှင်းပန်ထွာ၏ ချစ်သူ . . .

အဲဒီလူကို မိုး မြင်ဖူးချင်ပါသည်။

ကျေးဇူးတင်စကား ပြောချင်ပါသည်။

မိုးဘဝအတွက် သူက အရေးပါလွန်းသည်။

မိုးဘဝ ဆက်လက် ရှင်သန်နေနိုင်တာ နှင်းပန်ထွာကြောင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ကျေးဇူးတင်ရမှန်း မသိ။

ထိုကျေးဇူးတရားကို ဘာနှင့်ပဲဆပ်ဆပ် မကြေနိုင်တာလည်း မိုး သိပြီးသားပါ။

"မရှိပါဘူး" ဟု နှစ်ခါမက သုံးခါမက ငြင်းပစ်တာကို မိုး နားမလည်နိုင်။

ပထမတစ်ခေါက် နှစ်ခေါက်တုန်းကတော့ သဲသဲကွဲကွဲ မသိသေးတာအမှန်။ ကိုယ်ရောက်လာချိန် သူ မရှိတာနှင့် တိုက်ဆိုင်တာပဲလေဟု ထင်မှတ်ကာ စိတ်ထဲ ဘယ်လိုမှမနေ။

နောက်တော့ တွေးမိလာတာက ကျေးဇူးတင်စကား ပြောတာ မခံချင်လို့၊ မတွေ့ချင်လို့ တမင် ရှောင်နေတာပါလားဟု။

ဘာလို့ မတွေ့ချင်ရတာလဲ။

ဘာလို့ ရှောင်နေရတာလဲ။

သူ့ကို ကြည့်ရတာ မိုးပွင့်ဖြူကလေးကို လုံးဝ တွေ့ချင်ပုံမရ။



www.burmeseclassic.com

www.burmeseclassic.com



မိုးက သူ့ကို စိတ်အနှောင့်အယှက် တမင်ပေးသလို ဖြစ်နေပြီလား။ အဲဒီလိုလည်း မဖြစ်သင့်ပါ။

သူ့ဘက်က မတွေ့ချင်မှတော့ မိုး မကြိုးစားချင်တော့ပါ။

ရှိပါစေတော့… မိုး နောက်ထပ် သူ့ကို သွားမတွေ့ချင်တော့ပြီ။ လိုက်လိုက်လှဲလှဲ ကျေးဇူးတင်လွန်းလို့သာ သွားတွေ့မိတာ။

သူက လက်မခံချင်ဘူးဆို ဖွတ်ကြိုးစားနေစရာ မလို။ သူ့ အနှောင့်အယှက်ဖြစ်အောင် မလုပ်ချင်ပါ။

ထိုကိစ္စကို မေ့ထားလိုက်တော့မည်။

မိုးတစ်ယောက်တည်း ဆုံးဖြတ်လိုက်၏။

* *



www.burmeseclassic.com

www.burmeseclassic.com

"ခဏ ခဏ လာနေတာပဲကွာ၊ မင်းက ရှင်းရှင်း မပြောဘူးလား"

"ဟ . . . ပြောတာပဲ"

"ဒါဆို ဘာလို့ သူက လာနေရတာလဲ"

"မသိဘူးလေ"

"မဟုတ်သေးပါဘူးကွာ"

ညီဝမ်းကွဲကို သူက အပြစ်တင်မိ၏။

ရှုတ်ရှုတ်ယှက်ယှက် ဖာတ်လမ်းတွေထဲ သူငြ မကချင်။



www.burmeseclassic.com

www.burmeseclassic.com



သူက ရှင်းအောင်နေသူပါ။

ထိုမိန်းကလေးနှင့် ဘာမှ တွေ့စရာ အကြောင်းမရှိ။ သူ့ဘဝနှင့်သူ၊ ကိုယ့်ဘဝနှင့်ကိုယ်။

သူ့ကို လာနှုယ်နေမှာ သူ မလိုလား။

ကျေးဇူးတင်မခံချင်၊ ကျေးဇူးဆပ်တာ မလိုချင်။

သူ တော်တော် စိတ်ရှုပ်မိ၏။

"အပြတ်သာ ပြောလိုက်ပါကွာ၊ ငါက မတွေ့ချင်ဘူး။ ဘယ်တော့မှ မလာနဲ့တော့လို့"

ညီက သက်ပြင်းရှိုက်သည်။

"ပြောဖို့ မလိုတော့ဘူး"

ညီ့စကားကို သူနားမလည်ပါ။

"သဘောပေါက်သွားသလိုပဲ 'မရှိဘူးလားဆိုပြီး၊ ဩော် ဟုတ်လားဆိုပြီး စဉ်းစားနေတယ် အရမ်းချောတာပဲ"

"ဘာ"

"အရမ်းချောတယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာဖာတ်လမ်းထွင်မလို့လဲ"

"မထွင်ရဲပါဘူး"

ညီက သူ့ကို ပခုံးတွန့်ပြ၏။

"မင်း ကင်းကင်းနေ"

"နေပါတယ်"

သူက အပြတ်အမိန့်ပေးလိုက်၏။

သူ မကြိုက်တာဆို ညီက မလုပ်ရဲပါ။

သူ ဒေါသကြီးတတ်တာ သိနေသည်လေ။

"နောက်တစ်ခါ ထပ်လာခဲ့ရင် မင်း လုံးဝ ပြောပစ်လိုက်တော့"

"ဟုတ်ကဲ့... ကျွန်တော်က ပစ်ပစ်ခါခါ ပစ်စလက်ခတ်ကြီး မပြောရက်လို့ပါ"

"အောင်မာ... မင်းရဲ့ ဗိုးဗလအော အကြင်နာတွေ ဖိတ်လျှံကျနေတဲ့ သဘောကောင်းမှုတွေ ဒီနေရာ လာမသုံးနဲ့မင်း ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းသိဆိုတော့ ပိတ်ပင်တားမြစ်ထားမှ တော်ကာကြမည်။

ညီက ကောင်မလေး ချောချောလှလှမြင်လျှင် ကူညီဖေးမ သဘောကောင်းလွန်းသော ရောဂါရှိလေသည်။

သူ့လို တည်တည်ကြည်ကြည် မဟုတ်။

ဘာပဲဖြစ်ဖြစ် နှင်းပန်ထွာနှလုံးသားကို လက်ခံထားသော ကောင်မလေးနှင့်တော့ ရောထွေးဇာတ်လမ်း မရှုပ်စေချင်ပါ။

ကြိုတင် ပြောထားတာ အကောင်းဆုံး။

* *



www.burmeseclassic.com

www.burmeseclassic.com

ကားကိုရပ်ပြီး ကားတံခါးကို ဖွင့်၊ ကားထဲက ညင်သာစွာ ဆင်းမိနိုက်မှာပဲ လုံးဝ မထင်မှတ်စွာ။

''ဟယ်တော့''

ကြိုးသိုင်းဖိနပ် ငွေရောင်ကလေးက 'ထုတ်'ခနဲ ပြုတ်ထွက် ပြုတ်သွား၏။

စိတ်ပျက်နှုတ်ခမ်းစူမိရင်း ကားထဲမှာ 'ဆောင့်' ကနဲ ပြန်ထိုင်ချမိ၏။

ဘယ်လိုဖြစ်ရတာလဲ။

ဖိနပ်က အသစ်ကြီးပါ။

မစီးဘဲထားတာ ကြာသွားလို့လား။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် အခုလို မွေးနေ့ပွဲကို လာတုန်း ဖိနပ်ပြတ်တာတော့ မကောင်းပါ။

ရှက်စရာကြီး။

ဘယ်လို လုပ်ရမလဲ။ စဉ်းစားကာ အကြံထုတ်နေမိ၏။

အိမ်ပြန်ပြီး ဖိနပ်မလဲချင်၊ မီမှာလည်း မဟုတ်တော့ပါ။

ဖိနပ်ပြတ်သွားမှတော့ သည်အတိုင်းပဲ ပြန်သွားရမလား။

အဲဒီလိုလည်း မလုပ်ချင်။

ရောက်ပြီးမှတော့ လှည့်မပြန်ချင်။

ကဲ . . .

မထူးပါဘူး။

ဝတ်ထားသော စကာဒ်ဖားဖားရှည်ရှည် ဝေဝေတွန့်တွန့်ကြီးကို တတ်နိုင်သလောက် ဆွဲချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မီးပုံးပျံပုံ အကျီကားကား ဖောင်းဖောင်းကြီးကလည်း ရှည်တာမို့ ဘာပြဿနာမှ မရှိ။

ခြေထောက်ဖုံးအောင် ဆွဲချလိုက်တော့ စကာဒ်အနားစွန်းတွေက မြေပေါ် ပုံနေတော့သည်။

ဘာပဲဖြစ်ဖြစ် ဖိနပ်မပါတာ လူမမြင်ရတော့ပါ။

ကြိုးသိုင်းဖိနပ် ငွေရောင်ကို ကားထဲထားခဲ့ကာ ကားထဲက ဆင်းလိုက်၏။

ခဏတဖြုတ် ညစ်ခံပွဲမှာနေပြီး ပြန်မှာပဲဟာ မိုး ဖိနပ် မပါတာ ဘယ်သူ သိမှာလဲ။

ယတိပြတ် ဆုံးဖြတ်ကာ ခေါင်းလေးမော့ပြီး ကြော့ ကြော့မတ်မတ် လျှောက်လာခဲ့၏။

ဟန်ပျက်ရင် သူများ ရိပ်မိကုန်မယ် မဟုတ်လား

ကိုယ့်အဖြစ်ကို ပြုံးချင်စိတ်နှင့် ခစ်ခနဲ ရယ်မိ ညစ်ခံပွဲကျင်းပရာ ခြံဝင်းထဲ ဝင်လာခဲ့၏။

ခြံဝင်းထဲမှာ မီးရောင်စုံ ထွန်းထားပြီး စားပွဲရှည်



www.burmeseclassic.com

www.burmeseclassic.com



ခင်းကျင်းကာ စားစရာမျိုးစုံပြင်ဆင်ထားလျက် တစ်နေရာမှာတော့ ဆောင်းဘောက်စ်တွေ၊ စက်တွေချထားကာ ဆိုချင်ဆို၊ ကချင်ကဖို့ အဆင်သင့်။

ခက်တာက ထိုင်ဖို့ စားပွဲ၊ ကုလားထိုင်တွေ မပေးတာပဲ။ မတ်တတ်ပွဲ ဖြစ်နေတာပါ။

မိုးကလေးတော့ ဖိနပ်မပါဘဲ မြေပြင်ပေါ်၊ မြက်ခင်းပေါ် ခြေပြောင်ကလေး လျှောက်ရတော့မည်။

ရောင်စုံပူပေါင်းတွေ သစ်ပင်သစ်ကိုင်းပေါ်မှာ ချိတ်ဆွဲထားတော့ ကြည့်ရတာ လှပအသက်ဝင်ပါသည်။

လာသာလာရတာ သူငယ်ချင်းက သိပ်အရင်းနှီးကြီးမဟုတ်။

သူနှင့် ခင်တာကလည်း တစ်ဆင့်တစ်ဆင့်၊ တိုက်ရိုက်သိတာ မဟုတ်။

ဖိတ်လို့သာ လာရတာ။

သူငယ်ချင်းတွေကို ခေါ်ခဲ့လည်း အကောင်းသား။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ မျက်နှာသိပ်သိသူမရှိဘဲ ယောင်လည်လည်။ ဘယ်သူ့ ရယ်ပြ၊ မိတ်ဖွဲ့ရမှန်းမသိ။

ခြံထဲမှာ ရောက်နေကြသော ဧည့်သည်တွေက အအေးဖန်ခွက်ကိုယ်စီနှင့် ဟိုတစ်စု သည်တစ်စု မတ်တပ်ရပ်ကာ စကားဆိုနေကြတော့ မိုးလည်း အရင်ဆုံး အအေးတစ်ဖန်ခွက်သွားယူပြီး မွေးနေ့ကိတ် ချထားရာ အသည်းပုံ စားပွဲဘေးနားရပ်နေမိ၏။

ထိုအခိုက်အတန့် အချိန်ကလေးမှာပဲ ရင်ဘတ်ထဲက နှလုံးသားက ရုတ်တရက် အရှိန်ပြင်းစွာ စတင် ခုန်ပေါက်လာ၏။

ရင်ခုန်သံက ဒုန်းကနဲ ဒုန်းကနဲမို့ မိုး အရမ်း လန့်သွားပြီး မျက်လုံးကလေး ဝိုင်းသွား၏။

ငါ ဘာဖြစ်တာလဲ။

ချက်ချင်း နားမလည်။

မေမေ့ဆီ ဖုန်းဆက်ရမလား။



www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ထဲက နှလုံးသားက ရုတ်တရက် ဘာလို့ ပရမ်းပတာကြီး ခုန်လာပြီး ရင်တစ်ခုလုံး ပူနွေးတက်လာရ တာလဲ။

မိုးက ရင်ဘတ်ကလေးကို ဖိပြီး အသက်မှန်မှန် ရှူကြည့်သည်။

လက်ထဲမှာလည်း အအေးဖန်ခွက်က ရှိနေသည်။

ကျယ်လောင်ဆူညံသော ရင်ခုန်သံက ရင်ဘတ် တစ်ခုလုံး တုန်ခါလို့။

ဘုရား . . . ဘုရား။

ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကစားကာ ကြည့်မိ၏။ မိုး ဘာလုပ်ရင် ကောင်းမလဲလို့ပါ။

"ဟင်"

မြင်ကွင်းထဲမှာ လူတစ်ယောက် ထင်ရှားစွာ ပေါ်လာ သည်။

မိုးမျက်လုံးတွေ ပိုပြီး ပြူးကျယ်ဝိုင်းစက် သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ထဲမှာ ခဏခဏ မြင်ဖူးသော ပုဂ္ဂိုလ်ချော ပါလား။

ကော်ဖီညိုရောင် ကုတ်အင်္ကျီနှင့် နက်တိုင်ဝါဖျော့ ကလေးနှင့် သူ့မျက်နှာက ကြည့်ကောင်းခန့်ညားလိုက်တာ။ ဆွဲဆောင်မှု ရှိလိုက်တာ။

နှစ်သက်မြတ်နိုးခြင်း၊ မက်မောသဘောကျခြင်းတွေ ရင်ထဲ ဖိတ်လျှံကျလာတာ ဒလဟော။

ချက်ချင်းပဲ သူ့အနားကို တိုးကပ်သွားမိ၏။ ဘာကိုမှ မတွေးနိုင်၊ မဆင်ခြင်နိုင်။

နောက်မှ မိုးတွေးမိတာက အဲ့ဒါ နှလုံးသား၏ စေခိုင်းချက်ပဲ ဆိုတာ။

"အမေ့"

သူ့ရှေ့အရောက်မှာ ခြေဖဝါးက စူးကနဲ တစ်ခုခုကို နင်းမိပြီး ဟပ်ထိုးလဲကျမတတ်ဖြစ်သွားတော့ သူက အသင့် အယာ ဖမ်းထိန်းပေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရဲ့လား" တဲ့။

သူ့ဆီက ပထမဦးဆုံး ကြားရသော စကားတစ်ခွန်း။

သူက မိုးကို စေ့စေ့စပ်စပ်ပင် မကြည့်ဘဲ၊ မျက်စိရှေ့ လာလဲမှာစိုးလို့သာ ဖေးမ ဖမ်းထိန်းပေးလိုက်ရပုံမျိုး။ ဝတ်ကြေ တန်းကြေ။ မိုးကသာ သူ့မျက်နှာကို နီးကပ်စွာ ကြည့်မိပြီး သတိလက်လွတ် ငေးမောနေမိတာ။

ကိုယ့်ကို ဖမ်းထိန်းပေးထားသော သူ့လက်ဖျံကို ဆုပ် ကိုင်ထားရတာ တစ်ကိုယ်လုံး နွေးမြမြနှင့် အားရှိလိုက်တာ။

ထူးဆန်းလွန်းသော ခံစားမှုမှာ ငြိတွယ်မိရင်း သူ့လက် ကို မိုး တော်တော်နှင့် မလွှတ်နိုင်။

သူက အေးမြစွာ ပြုံးပြပါသည်။

မိုးဘက်က ဖြေလွှတ်ပေးမည့်အချိန်ကို စောင့်နေတာ က ယောကျ်ားလေးဖြစ်ပြီး၊ ရုန်းပစ်လိုက်လျှင် ရိုင်းရာကျမှာ စိုးလို့များလား။

မိုးကတော့ လွှတ်မပေးချင်။



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ကို တစ်သက်လုံးစာ ဖမ်းဆုပ်ထားချင်ပါသည်။

နွေးထွေးသာယာခြင်း၊ လုံခြုံချမ်းမြေ့ခြင်း၊ အားအင်တွေ ပြည့်လာလွန်းလို့ပါ။

"ခင်ဗျား မတ်မတ်ရပ်လို့ ဖြစ်ရဲ့လား"

မျက်တောင်မခတ် ငေးစိုက်ကြည့်နေမိသော မိုးကို သူက မေးလာ၏။

"အင်း"

ရှက်စိတ်က ဖြန်းကနဲထရင်း သူ့လက်တွေကို မိုး ဖြေလွှတ်လိုက်မိ၏။

တကယ်ဆို သူက မိုးနှင့် ဘာမှမဆိုင်သော သူစိမ်းတစ်ယောက်ပါ။

မိုးက ဘာလို့ အဲဒီလို ဖြစ်ရမှာလဲ။ ရှက်လိုက်တာ။

သူ့ဘက်က မိုးကို ဘယ်လို မိန်းကလေးလည်းဟု အထင်သေးသွားပြီလား။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မိုး ဘာလို့ အညှို့ခံရသူတစ်ယောက်လို ဖြစ်သွား ရတာလဲ။

ပင့်သက်ကလေးရှိုက်မိခိုက် ခြေဖဝါးမှာ တဆစ်ဆစ် နာနေတာ သိလိုက်၏။

ဖိနပ်မပါတာကို မေ့ပြီး စကာဒ်ကို မ,ကာ ချက်ချင်း ကြည့်မိ၏။

ဟောတော့... သွေးထွက်နေပါရောလား။ တစ်ခုခု စူးမိသွားပြီထင်။

"ခင်ဗျားခြေဖဝါး ဆူးစူးသွားပြီ ထင်တယ်"

သူကလည်း မြင်လိုက်ပုံရသည်။ ပြီးမှ အားတုံ့အားနာ နှင့် သူ့အသံ တိတ်သွား၏။

သူ့မျက်လုံးထဲမှာ၊ သူ့မျက်နှာပြင်မှာ တစ်ခုခုကို အုံ့အားသင့်သွားတာရယ်...

ရယ်ချင်စိတ်ကို မျိုသိပ်လိုက်တာရယ်... ပေါ်လွင်နေ ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ကြည့်ပေးမယ်"

သူက ပြောပြောဆိုဆို ထိုင်ချလိုက်ပြီး၊ မိုး၏ မ,မြှောက်ထားသော ခြေဖဝါးကလေးကို နီးကပ်စွာ ကြည့်ပေးပြီး သွေးထွက်နေသော နေရာကို လက်ညှိုးနှင့် တို့ထိကြည့်၏။

"အ"

စူးကနဲ နာလိုက်တာ။

"အဆူးရှိသေးတယ်"

သူက မော့ကြည့်ပြီး ဆိုလာ၏။

"ကျွန်တော် ဆွဲနှုတ်လိုက်မယ်"

"အင်း"

သူ့မျက်နှာက ကြင်နာတတ်မည့်ပုံ။

သူ့မျက်လုံးလေးတွေက စိတ်ထားပြည့်တာ ပေါ်လွင်သည်။ ကြည့်ရင်းကြည့်ရင်း လေးစားအားကိုးခြင်း၊ နှစ်လိုစိတ်တွေ တဖွားဖွားပေါ်လာ၏။

ဥာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ရွေးရေစက်ပါလိမ့်။

သူက မိုး ခြေဖဝါးကလေးမှာ စိုက်ဝင်နေသော ဆူးကို 'ဆတ်' ကနဲ ဆွဲနှုတ်ပစ်လိုက်၏။

"အား"

သူပခုံးကို မိုး ဆုပ်ကိုင်ဖျစ်ညှစ်မိပါသည်။

နာလွန်းလို့ မျက်ရည်က မျက်ဝန်းအိမ်ထဲ အိုင်လာ၏။

"ရပြီ"

သူ့အသံက ဝမ်းသာအားရ။

ပြီးတော့ သူက သူ့နက်တိုင်အဝါရောင်ဖျော့ဖျော့ကလေးကို ဖြုတ်ယူပြီး မိုးခြေထောက်ကို စည်းနှောင်ပေး၏။

"ဖိနပ်လည်း မပါဘူး။ ဖုန်တွေသဲတွေ ဝင်သွားရင် ခက်မယ်" တဲ့။

အားနာစရာကောင်းလိုက်တာ။

သူ့နက်တိုင် အဝါကလေး နမြောစရာ။



www.burmeseclassic.com

www.burmeseclassic.com



မိုးရှေ့မှာ သူက ခပ်မတ်မတ်ရပ်ပြီး . . .

"အားမနာနဲ့ ရတယ်"

"အသစ်တစ်ခု ပြန်ဝယ်ပေးပါ့မယ်"

"ဟာ . . . ရပါတယ်"

သူက ချက်ချင်း ငြင်းပစ်သည်မို့ မိုးမျက်နှာကလေး ငယ်သွားရပါသည်။

"ရှင့်ကို နက်တိုင်အသစ် ဘယ်မှာလာပေးရမှာလဲဟင်"

"ပြန်မပေးပါနဲ့ . . . ခင်ဗျားကို ကူညီလိုက်တာပါ ကျေးဇူးဆပ်ဖို့ မလိုပါဘူး"

မိုးပွင့်ဖြူကလေးက သူ့မျက်နှာကို မော်မော်ငေးငေး ကလေး ကြည့်ကာနေမိ၏။

မြတ်နိုးခြင်းများက ရင်ထဲမှာ အပုံအပင်။

အိပ်မက်ထဲမှာလိုပဲ မိုး တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်း ကာ ကြည်နူးချမ်းမြေ့လျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



သီချင်းကလေးတစ်ပုဒ်ကို ရုတ်တရက် သတိရလိုက်မိပါသည်။

မြင်မြင်ချင်းပင် ဘာကြောင့်များ ချစ်ချင်တယ်...

ဘဝဟောင်းက ပျို့ဆုတောင်းကြောင့်ထင်တယ်...

တကယ်ပါပဲ။

သူ့ကိုမြင်ရုံနှင့် နှလုံးသားက သဲကြီးမဲကြီး ရွာချလိုက်သော မိုးလို ရင်ခုန်သံတွေက တအုန်းအုန်း တဒုန်းဒုန်း ထိန်းမရ သိမ်းမရ။

သူက ခေါင်းတစ်ချက်ဆတ်ပြုံးပြပြီး နှုတ်ဆက်လာ၏။ ဆက်ပြီး မျက်နှာချင်းဆိုင် ရပ်နေဖို့ အကြောင်းမှ မရှိတော့တာ။

ဟင့်အင်း...

မိုးဘက်က သည်လောက်နှင့် မပြီးနိုင်။

ဆက်ပြီး ဆက်ပြီး ဆက်ကာ ဆက်ကာ ပတ်သက်နွယ်ယှက်နေချင်ပါသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်သက်စာ ဘဝစာ အသက်ရှိနေသမျှ။

ထုထည်ကြီးမားသော အချစ်ကို မိုး ကြောက်ရွံ့မိတာလည်း အမှန်ပါ။

တွန်းလှန် ဖြိုဖျက်ဖို့ မလွယ်ကူသော ခိုင်မာ တောင့်တင်းသော အချစ်။

ရှင့်ကို မြင်မြင်ချင်းပဲ မိုးနှလုံးသားက ပရမ်းပတာ ခုန်ရမ်းပြီး အသက်လောက် ချစ်မိပါတယ်ဆိုရင် . . .

ရှင် ယုံမလား။

တစ်ခြားတစ်ယောက်ယောက်ရော ယုံမလား။

မိုး မညာပါဘူး။

တကယ်ပြောတာပါ။

* *



www.burmeseclassic.com

www.burmeseclassic.com

မွေးနေ့ပွဲက ပြန်လာပြီးကတည်းက မိုး သိချင်နေတာ သူ ဘယ်သူလဲဆိုတာ။

ဘယ်သူ့ကို မေးရမှန်းလည်း မသိ။

နောက်တော့ မွေးနေ့ရှင် သူငယ်ချင်းကို သွားမေးကြည့်မိပါသည်။

"ဘယ်သူလဲ . . . ခဏနေဦး၊ မှတ်တမ်းခွေလေးရှိတယ်။ ကြည့်ကြည့်လေ၊ ပါမှာပါ၊ အားလုံးပါအောင် ရိုက်ထားတာပဲ၊ ဪ သိပြီ ရှင့်ကို နက်တိုင်ဖြုတ်ပြီး ခြေထောက်ညည်းပေးတဲ့သူလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု မှတ်မိသတိရသွားသလို ဆိုလာ၏။

"အင်း . . . အင်း ဟုတ်တယ်"

"သူက ကြင်နာတတ်မဲ့ပုံပဲ"

မိုး မျက်နှာကလေး ကြည်နူးစွာ ပန်းရောင်သန်းလာရပါသည်။

"မထင်နဲ့ဟော့ . . . လုံးဝ လွဲသွားမယ်၊ အဲဒီ ပုဂ္ဂိုလ်က တယူသန်ကြီး သေသွားတဲ့ သူ့ကောင်မလေးကို တသသနဲ့ ဘယ်မိန်းမမှ စိတ်မဝင်စားတော့ဘူး"

"ဟင် . . . ဟုတ်လား"

မိုးပွင့်ဖြူကလေးက အံ့အားသင့်စွာ မယုံနိုင်စွာ နားထောင်မိ၏။

ဟုတ်ရဲ့လား။

သူ့ပုံစံက ဒဏ်ရာရဖူးသူနှင့် နည်းနည်းကလေးမှ မတူဘဲ အေးချမ်းနေလိုက်တာ။

ဘယ်လို ယုံရမှာလဲ မသိတော့ပါ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကောင်မလေးက ဆရာဝန်မလေး။ သူတို့ချစ်ကြတာ အကြာကြီးပဲတဲ့။ ကောင်မလေးက ရုတ်တရက်ဆုံးသွားတာလေ"

"ဪ"

မိုးပွင့် ရင်ထဲမှာ ကျင်ရှရှနှင့် ဝေဒနာတစ်မျိုး ခံစားလာရသလိုပင်။

"သူ့နာမည်က ရိုးသား" တဲ့။

"ရိုးသား"

"အင်း"

သည်နာမည် ကြားဖူးလိုက်တာ၊ ရင်းနှီးလိုက်တာ၊ ဘယ်တုန်းက ဘယ်မှာ သိခဲ့ပါလိမ့်ဟု စဉ်းစားမရ။

"ရှင်တို့ကို ကြည့်ရတာ မင်းသား မင်းသမီး Love Sene ရိုက်နေသလိုပဲတဲ့၊ သူငယ်ချင်းတွေက ရှင်နဲ့ သိပ်လိုက်ဖက်တာပဲတဲ့"

သိမ့်ကနဲ ရင်ထဲ ခါစေသော စကား။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်မှာပါ။

သူက အင်မတန် ခန့်ညားချောမောသူပဲ။ မွေးနေ့ရှင်သူငယ်ချင်းပေးသော မှတ်တမ်း VCD ခွေကလေးကို ယူပြီး အိမ်ရောက်တော့ စိန်ပြေနပြေ ထိုင်ကြည့်သည်။

ရင်မှာ တအုံနွေးနွေးနှင့် နှလုံးသားက ကောင်းကင်ပေါ် မော့ပျံနေသော ငှက်တစ်ကောင်လို။

ကိုရိုးသားရယ် . . . ထပ်ဆုံချင်လိုက်တာ။

ဆုံစည်းခွင့်ရပါစေသားဟု တိတ်တဆိတ် ဆုတောင်းမိ၏။ ပြင်းပြသောဆန္ဒက အရာရာကို မေ့သွားစေပါသည်။

ကိုအဂ္ဂါရော . . .

မိုးဘဝ အနေအထားကိုရော . . .

အားလုံး . . . အားလုံး . . . ဘာမှ မတွေးချင်

✻ ✻



www.burmeseclassic.com

www.burmeseclassic.com

မရှင်းဘဲ ထားခဲ့သော ပိုက်ဆံအိတ်ကို ရှင်းမိသော နေ့လည်ခင်းတစ်ခုမှာ ပိုက်ဆံအိတ်ထဲက ထွက်လာသော လိပ်စာကဒ်လေးတစ်ခုက မိုးပွင့်ဖြူကလေး၏ ဘဝကို တစ်ချိုးကွေ့ ပြောင်းလဲစေခဲ့ပါသည်။

ကိုရိုးသား

အမှတ် ၁၂၁ . . .

နာမည်နှင့် လိပ်စာကလေး။

"ဟင်"

မိုး ချောက်ချားစွာ ထပ်ကာထပ်ကာ ဖတ်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



မိုး ကျေးဖူးတင်စွာနှင့် တွေ့ချင်လွန်းစွာ သွားရောက်ရှာဖွေဖူးသော လူတစ်ယောက်။

သူ့ဘက်က မိုးကို မတွေ့ချင်မှန်း သိလာလို့ လက်လျှော့ခဲ့ရသော လူတစ်ယောက်။

အဲဒီလူဟာ မိုး၏ ခြေဖဝါးက သွေးစွန်းနေသော ပွန်းရှနာကလေးကို သူ့လည်ပင်းက လှပဝံ့ကြွားသော နက်တိုင်ကို နှမြောတွေဝေခြင်း ကင်းစွာ ဖြုတ်ယူပြီး စည်းနှောင်ပေးခဲ့ဖူးပါသော ပုဂ္ဂိုလ်လား။ အရမ်းပတာကို သိချင်လာသည်။

နာမည်က တူနေသည်။ ရိုးသားဆိုတာ သူပဲဖြစ်မလား။ မိုးပွင့် ချက်ချင်းပဲ ဆုံးဖြတ်လိုက်၏။

အဲဒီ့ ရိုးသားကို မြင်ဖူးအောင် သွားကြည့်ရပါမည်။ မိုး ဆက်ပြီး မအောင့်အီးနိုင်။

* *



www.burmeseclassic.com

www.burmeseclassic.com

ဂျင်းဘောင်းဘီရှည်ကလေးနှင့် ဂျာကင်ရွှံ့ရောင်ကလေးနှင့် ထီးပြာပြာကလေးဆောင်းကာ ရိုးသားတဲ့ တိုက်ရှေ့မှာ ရပ်နေမိတာ ဆယ့်ငါးမိနစ်မကာ နာရီဝက်မက။

ဘွတ်ရှူးဖိနပ်ကလေးရော ဂျင်းဘောင်းဘီ အနားစကလေးတွေရော ရွဲရွဲနစ်ကာ စိုသည်အထိ မိုးစက်မိုးပွားများက ပက်စင်လာ၏။

မိုး ဖွဲမလျှော့ချင်။

ဆက်ပြီး စောင့်နေမိပါသည်။

အပေါ်တက်သွားပြီး ကိုရိုးသား ရှိလားဟု မမေးချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မိုးက ရိုးသားဆိုတာ ဘယ်သူလဲ သိချင်ရုံ သက်သက်။

မွေးနေ့ပွဲမှာ တွေ့ခဲ့သော ရိုးသား ဟုတ်ရဲ့လားဟု သိချင်တာပါ။

ငါ ဘယ်အချိန်ထိ သည်မှာ ဆက်ရပ်နေမှာလဲဟု လည်း ကိုယ့်ကိုယ်ကို မေးမိ၏။

တဖြည်းဖြည်းနှင့် မိုးမှောင်တော့မည်။

သည်နေ့အဖို့ လက်လျှော့ပြန်ရရင် ကောင်းမလား။

ပင့်သက်ကလေး ရှိုက်ပြီး နေရာမရွေ့ ရပ်နေမိ၏။

တွေ့ချင်တာကို မတွေ့ရလိုလား။

သိချင်တာကို မသိရလို့လား။ နှလုံးသားက မောပန်းနုံးချိကာ လာသလိုပင်။

ဂျာကင်အိတ်ထဲက ဟဲင်န်းဖုန်းလေး တတီတီ မြည်လောင်သောအခါ ဖွင့်ထူးမိ၏။

"မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ် ဘယ်တွေ သွားနေတာလဲ၊ မိုးတွေ သည်းသည်းမည်းမည်း ရွာနေတာ ပြန်လာတော့လေ"

"ဟုတ်ကဲ့၊ ခဏလေးပါ မေမေ၊ စာအုပ်ငှားနေလို့ ပါနော်" ဟု ဆိုမိ၏။

"မောင်အဂ္ဂါပါလား"

"ဟင့်အင်း"

မေမေက မိုးပွင့်ဖြူကလေးကို တစ်ယောက်တည်း ဆို စိတ်မချချင်။

"ခဏလေးပါ အခုပဲ ပြန်လာပြီ"

ဖုန်းပြောပြီးသောအခါ မိုး ဆုံးဖြတ်လိုက်၏။

အိမ်ပြန်တော့တာပဲ ကောင်းပါသည်။

နောက်တစ်နေ့မှ မိုး ထပ်လာခဲ့ပါမည်။

"အမယ်လေး"

လမ်းဖြတ်ကူးဖို့ပြင်ခိုက် Taxi တက္ကစီတစ်စီးက ရှေ့မှာ ထိုးစိုက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



တက္ကစီပေါ်က ဆင်းလာသူက Rain Coat အညို ရောင်နှင့် လူတစ်ယောက်။

"ဟင်"

နှလုံးသားက ဖြုန်းကနဲ ပူနွေးကာ တလှပ်လှပ် လှိုက်ခုန် မောလာ၏။

သူမှ သူပါလား။

မွေးနေ့ပွဲမှာ တွေ့ခဲ့သော ရင်ခုန်ပုဂ္ဂိုလ်ကလေး။

သူက မိုးအကြိမ်ကြိမ် ရောက်ဖူးသော အခန်းကို ခေါင်းလောင်းကြိုး ဆွဲသည်။

လူတစ်ယောက်က ဝရန်တာထွက်လာပြီး ခေါင်း လောင်းကြိုးကနေ ကြွတ်ကြွတ်အိတ်နှင့် တစ်ခုခု ချပေး၏။

သူက ကြိုးကို ဖြည်ပြီး အိတ်ကို ယူသည်။ မိုးက သူ့ကို တအံ့တသြလေး ငေးမောကာ လှုပ်ရှားဖို့ပင် သတိမရ။

မိုး ရှုံးသွားပါပြီ။

တစ်သက်လုံးအတွက် လုလုပပ ရှုံးသွားပြီ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားက အဲဒီ ပုဂ္ဂိုလ်ကို ရှာဖွေနေပါရောလား။ တမ်းတနေပါရောလား။

မိုး ရှောင်ပြေးလို့ မရတော့ပြီ။

ထိုအချိန်မှာပဲ သူက မိုးကို မြင်သွား၏။

သူနှင့် မျက်လုံးချင်းဆုံမိခိုက် မိုးရင်ထဲမှာ ဖြောင်း ဆန်အောင် လှုပ်လွန့်သွားရပါသည်။

"ဟယ်တော့"

ခပ်ပြင်းပြင်း ဝေ့တိုက်သောလေမှာ မိုး၏ အပြာရောင် ထီးကလေး လွင့်ပါသွား၏။

"ဟာ"

သူက ကမန်းကတန်း လိုက်ဖမ်းပေးပေမယ့် ထီးကို အရှိန်နှင့် လာသော ကားတစ်စီးက တက်ကြိတ်သွား၏။

သူက ထီးကို ပြန်ကောက်ယူလာပြီး မိုးကို ပေးပါ သည်။

"ခင်ဗျား ထီးဆောင်းလို့ မရတော့ဘူး၊ ကျိုးသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မိုးသံထဲမှာ သူ့စကားကို ပီပီသသ ကြားလိုက်ရပါသည်။

မိုးစက် မိုးပေါက်များ၏ အေးမြလတ်ဆတ်သော အထိအတွေ့ကို ခံစားရင်း၊ မိုးရင်ထဲမှာ နွေးတဲ့မြမြ အေးတသိမ့်သိမ့်။

သူ့ကို မိုး အရမ်း နှစ်သက်မိပါသည်။

ဘာလို့ အဲဒီလို ဖြစ်ရတာလည်းဆိုတာကို မိုး သဘောပေါက်ပါပြီ။

"ခင်ဗျား ဘယ်သွားမလို့လဲ၊ ကားငှားပေးရမလား၊ ခင်ဗျား ရွှဲနစ်နေပြီ"

သူနှင့်တွေ့တိုင်း မိုးက သူ့အကူအညီ လိုအပ်နေတော့တာပါလား။ ဘာမှ ပြန်မဖြေသော မိုးပွင့်ဖြူကလေးကို သူက စိုက်ကြည့်နေ၏။

ရှင့်ရှေ့ကနေ ဘယ်ကိုမှ မသွားချင်တော့တာပါကိုရိုးသားရယ်။



www.burmeseclassic.com

www.burmeseclassic.com



သွားလို့ကို မရတော့တာ။

ရှင်သိရဲ့လား။

ရိုးသားကဲ ငှားထားသော DVD ခွေတွေကို ပြန်ပို့ပြီး အိမ်ပေါ်တက်လာရင်း ရင်ထဲမှာ နှင်းပန်းထွာကို အကြီးအကျယ် သတိရမိ၏။

မိုးရေထဲမှာ ထီးလွင့်သွားသော ကောင်မလေးကြောင့် သူ နှင်းပန်းထွာကို လွမ်းမိသွားတာပါ။

နှင်းပန်းထွာ၏ လှပသော ဦးထုတ်ကလေး လွင့်သွားတာကို သူ ပြန်လိုက်ကောက်ပေးဖူးပါသည်။

အဲဒီအချိန်ကစပြီး နှင်းပန်းထွာက သူ့ဘဝထဲကို နက်ရှိုင်းသိမ်မွေ့စွာ ဝင်ရောက်လာခဲ့တာပါပဲ။

သတိရလိုက်တာကွာ။

မိုးတွေရွာလည်း လွမ်းတယ် စိုစွတ်စွာနဲ့

နေတွေပူလည်း လွမ်းတယ် ခြောက်သွေ့စွာနဲ့

ဆောင်းတွေမှာလည်း လွမ်းတယ် ချမ်းတုန်စွာနဲ့



www.burmeseclassic.com

www.burmeseclassic.com



အချိန်ပြည့် တမ်းတနေမိတဲ့ နှလုံးသားက လစ်ဟာနာကျင်မှုကို မင်းမသိဘူးကွာ၊

မင်းကို မေ့ပစ်ရမလား။

မမေ့ရက်ပါဘူး။

ကိုယ်တို့ ချစ်ခဲ့ကြတယ်။

ကိုယ်တို့ မခွဲမခွာ တွဲခဲ့ကြတယ်။

တစ်ယောက်ကိုတစ်ယောက် သည်းသည်းလှုပ်ကြင်နာခဲ့ကြတယ်။

အေးစက်စက် နေတတ်တဲ့ ကိုယ့်မှာ အရမ်းချစ်ရတဲ့ချစ်သူကလေးတစ်ယောက် ရှိဖူးတာ ဘယ်သူ ယုံမှာလဲ။

တယုတယ ချစ်ခဲ့ကြဖူးတယ်။ တစ်နေ့လုံးတွေ့ပြီးလမ်းခွဲ အိမ်ပြန်၊ အိမ်ပြန်ရောက်တော့ သတိတွေ စွတ်ရပြီးရေမိုးချိုး၊ ထမင်းစားပြီးတာနဲ့ မင်းရှိရာ ပြန်ရောက်သွားမိရော၊ ညမိုးချုပ် အိပ်ရာဝင်တော့လည်း ဖုန်းတပြောပြောနဲ့ အိပ်ပျော်သွားချိန်အထိ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ထဲမှာလည်း မင်းနဲ့ ဆက်တွေ့နေသေးတာပါပဲ။

သည်းလွန်းတယ်ပဲ ဆိုဆို ...

ပိုလွန်းတယ်ပဲ ပြောပြော ...

အမြင်ကပ်စရာပဲ ကောင်းကောင်း ...

ကိုယ်တို့ကတော့ အချစ်ကြီး ချစ်ခဲ့ကြတာပါ။

မင်း ကိုယ့်အပေါ် ချစ်တာလည်း ကိုယ် ယုံတယ်၊ ကိုယ် မင်းအပေါ် ချစ်တာလည်း မင်းယုံတယ်။ တစ်ယောက်စိတ်ကို တစ်ယောက် နားလည်တယ်။

ဒါပေမယ့် ကိုယ်တို့အချစ်တွေ အရှိန်ကောင်းတုန်းမှာပဲ မင်းက ရုတ်တရက် ပျောက်ကွယ်သွားခဲ့တယ်။

ကိုယ် ဘယ်လို ခံစားရမလဲ။

ကိုယ် ရူးသွပ်သွားတာ ဆန်းသလား။ ကိုယ် လောကကြီးကို နာကျင်သွားတာ ဆန်းသလား။

အဲ့ဒီနေ့ကို ကိုယ် မမေ့ဘူး။

ဥဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အချစ်တွေ သေဆုံးသွားတဲ့ နေ့တစ်နေ့။

ကိုယ့်ကမ္ဘာလေး ပျက်သုဉ်းသွားတဲ့ နေ့တစ်နေ့။

အဲဒီနေ့က . . .

* *



www.burmeseclassic.com

www.burmeseclassic.com

"မောင်"

"ဟင်"

ဒီနေ့ ဘာနေ့လဲ"

မနက်စောစော အတူတူဆုံပြီး ထွက်လာကြတော့ နှင်းပန်ထွာက သူ့ကို ကြည့်ပြီး မေးလာ၏။

"ဒီနေ့ ဗုဒ္ဓဟူးနေ့လေ"

"ဟွန့် . . . အဲဒါ ပြောတာ မဟုတ်ဘူး"

ချစ်သူကလေးက မျက်စောင်းရွယ်ပြီး ခြေခေါင့် ထိုက်တော့ သူ ဟက်ကနဲ ရယ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲမှာ ကြည်နူး လှိုက်လှဲခြင်းတွေ ပြည့်နှက်နေပါသည်။

သူဟာ အင်မတန် ကံကောင်းသူတစ်ယောက်ပါလား။

အလွန် ချစ်စရာကောင်းသော ချစ်သူကလေးနှင့် ချစ်သူသက်တမ်း နှစ်တွေများစွာ ရှိခဲ့ပြီ။

မကြာခင်မှာ သူတို့ လက်ထပ်ကြတော့မည်။

သူ့ဘဝမှာ နှင်းပန်းထွာကို ပိုင်ဆိုင်ခွင့်ရလျှင် နောက်ထပ် ဘာမှ မလိုအပ်တော့ပါ။

အရာရာ ပြည့်စုံသွားပါပြီ။

"ရယ်မနေနဲ့ ဖြေလေ"

"ဗုဒ္ဓဟူးနေ့လေကွာ၊ ဒီနေ့ နှစ်ဆယ့်သုံးရက်နေ့"

"မောင်နော်"

သူ့လက်မောင်းကို ဆောင့်ဆွဲကာ ဒုတိယအကြိမ် နှုတ်ခမ်းကိုက် မျက်စောင်းရွယ်သောအခါ . . .

www.burmeseclassic.com

www.burmeseclassic.com



သူ ကျေနပ်စွာ ပြုံးပြီး . . .

"မောင် သိပါတယ်ကွာ၊ ခါတိုင်းခါတိုင်း နှစ်တွေလိုပဲ မောင်တို့ ဆုံကြမယ်၊ ပြီးရင် တစ်ခုခု လုပ်စားကြမယ်၊ စကားတွေ တစ်ဝကြီး ပြောမယ်၊ ပြီးရင် မောင်က နှင်းပန်ထွာကို မွှေးမွှေးပေးမယ်၊ ပန်ထွာကလည်း ပြန်ပေး။ ထူးဆန်းတဲ့ ပစ္စည်း လက်ဆောင်ကလေးလည်း မောင် ဝယ်ထားပြီးပြီ။ ပန်ထွာလည်း ဝယ်ထားပြီးပြီ မဟုတ်လား၊ မောင်သိပါတယ်ကွာ"

ရိုးသားက နှင်းပန်ထွာ ကျေနပ်အောင် နှင်းပန်ထွာ၏ လက်ကလေးကို ဆုပ်ကိုင်ဖျစ်ညှစ်ကာ တဖွဖွ ပြောပြနေ၏။

နှင်းပန်ထွာက ကျေနပ်စွာ ခေါင်းညိတ်ကာ . . .

"ညဘက် ဆုံမယ်၊ ဩော် . . . မောင် ညနေ နှင်းပန်ထွာကို လာကြိုဦးမှာလား"

"မကြိုတော့ဘူး မောင် ဒီနေ့ ကိစ္စရှိတယ်လေ"

မောင်က လက်ထဲကိုင်ထားသော ဖိုင်တွဲကြီးကို မြှောက်ပြကာ ဆိုလာ၏။



www.burmeseclassic.com

www.burmeseclassic.com



သည်နေ့ မောင် အလုပ်များတာ နှင်းပန်ထွာ သိပါသည်။

မောင့်ကိစ္စဆို နှင်းပန်ထွာ မသိတာ ရှိမှမရှိဘဲ။

မောင်က တွေ့ကြုံပြီဆိုတာနှင့် နှင်းနှင့် မတွေ့ရခိုက် နာရီတွေကို သူ ဘယ်လို ကျော်ဖြတ်သန်းခဲ့ရတယ်ဆိုတာ တတွတ်တွတ် တစ်ခုချင်း ရေရွတ် ပြောပြနေကြ မဟုတ်လား။

အဲဒါတွေကြောင့်လည်း မောင့်ကို ချစ်ရတာ။

မောင်က နာမည်နှင့်လိုက်ဖက်အောင် ရိုးသားသည်။

ပွင့်လင်းဖြောင့်မတ်သည်။

မလိမ်ညာတတ်၊ ဟန်မဆောင်တတ်ပါ။

"မောင်"

"ဟင်"

"နှင်းပန်ထွာ မောင့်ကို သိပ်ချစ်တာပဲ"

"ဟား . . . ဟား . . . ဟား"

ရုတ်တရက် ထပြောတော့ မောင်က အော်ရယ် လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှင်း ရှက်သွားမိ၏။

"မောင် ဘာရယ်ရတာလဲ"

"ဒီနေ့မှ ပြောတော့ နောက်ကျသွားပြီ။ မောင်က နှင်းပန်ထွာကို ပေးမယ့်ပစ္စည်းလေး ဝယ်ထားပြီးပြီကွာ၊ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကပြောရင် ဒီထက် ပိုကောင်းတာ မောင် ဝယ်ဖြစ်မယ်လေ"

"ကြည့်စမ်း"

မောင့် အရွှတ်အနောက်စကားကြောင့် နှင်းပန်ထွာက ဒိတ်ဆိုးသွားပြီး မောင့်လက်ဖျံကို ဆွဲဆိတ်သည်။

"ကဲ... ကဲ"

"အား... နာလိုက်တာ"

ပြီးတော့ ဘောလ်ပင်ကို အဖုံးဖြုတ်ကာ မောင့်လက်တွေကို ဘောလ်ပင်နှင့် လျှောက်ခြစ်ပစ်၏။

ဘောလ်ပင်နှင့် ခြစ်လျှင် မောင် မကြိုက်တတ်ပါ။

ဘောလ်ပင်မှင်တွေက ဖျက်ရခက်သည်မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဘောလ်ပင်နဲ့တော့ မခြစ်ပါနဲ့ကွာ"

"ခြစ်မှာပဲ . . . မောင် ဘာလို့ပြောလဲ"

"နောက်တစ်ခါ မပြောတော့ဘူး"

မောင်က သူ့လက်မှာ စွန်းထင်းပေကျန်ကုန်သော မှင်ခြစ်ရာတွေကို မနှစ်သက်လှစွာ ပွတ်ဖျက်ပြီး တောင်းပန်စကား ဆို၏။

"တကယ်နော်"

"တကယ်ပါကွာ"

နှင်းပန်ထွာက တခစ်ခစ်ရယ်၏။

ချစ်သူဘဝက ကြည်နူးချမ်းမြေ့စရာ ကောင်းလွန်းလှပါသည်။

တစ်ယောက်နှင့်တစ်ယောက် မခွဲချင် မခွာရက် အချိန်တိုင်း ချိုမြိန်သာယာနေ၏။

* *

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

တက္ကစီပေါ်ကဆင်းပြီး အိမ်ရောက်မှပဲ မောင့်ဖိုင်တွဲ ကိုယ်နှင့် ပါလာတာ သိတော့သည့်အဖြစ်။

မောင်က သူ့အလုပ်မှာ အရင်ဆင်းပြီး နှင်းပန်တွာက အိမ်ကိုပြီးမှ ပြန်လာတာ။

တက္ကစီပေါ်မှာ မောင်က . . .

"မောင် အရင်ဆင်းလိုက်မယ်"

ဟု ဆိုပါသည်။

အလုပ်ကိစ္စ အရေးကြီးတော့ မောင် ခေါင်းရှုပ်ပြီး ပူပန်နေပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



နှင်းပန်ထွာက ချက်ချင်းပဲ အိမ်ထဲက ပြန်ထွက်လာခဲ့၏။

မောင့်ဖိုင်တွဲကို သွားပြန်ပေးဖို့ပါ။

သည်ဖိုင်တွဲက သည်နေ့ အရေးတကြီး လိုအပ်တာ နှင်းပန်ထွာ သိသည်။

မောင် မောကြီးပန်းကြီး လာယူရမှာ မလိုလား။

* *



www.burmeseclassic.com

www.burmeseclassic.com

တက္ကစီပေါ် ရောက်တော့ နှင်းပန်တွာ မောင့်ဆီ ဖုန်း ဆက်ပါသည်။

လမ်းမှာ လွဲသွားမှာစိုးလို့။

နှင်းက မောင့်ဆီလာ။

မောင်က နှင်းဆီလာ ဖြစ်မှာစိုးသည်။

"မောင် . . . မောင့်ဆီ နှင်းလာနေပြီ၊ မောင့်ဖို့င်တဲ့ နှင်းဆီ ပါလာလို့လေ"

"အိုကေ... အိုကေ ကျေးဇူးတင်ပါတယ် နှင်းရေ၊ ညနေကျမှ မောင် ကော်ဖီတိုက်မယ်၊ မောင် အခု မအားဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ဖိုင်တွဲကို မသီတာဆီ ပေးခဲ့၊ မောင် အစည်းအဝေးခန်း ဝင်ရမှာ၊ မသီတာ မောင့်ဆီ ယူလာပေးလိမ့်မယ်"

"ကောင်းပါပြီ မောင်"

နှင်းပန်ထွာက မောင့်စကားကို ခေါင်းညိတ်လိုက်၏။

✻ ✻



www.burmeseclassic.com

www.burmeseclassic.com

ရိုးသားက မသိတာကို နှင်းလာပေးသွားသော ဖိုင်တွဲကို အစည်းအဝေးခန်းထဲ ယူလာပေးဖို့ မှာရင်း နှင်း သူ့ကို ခြစ်သွားသော ဘောလ်ပင်မှင်ရာများကို လူကြီးတွေ မြင်မှာစိုးတာမို့ ရှပ်အင်္ကျီလက်ရှည်ကို ခေါက်တင်ထားရမှ ဖြည့်ချလိုက်ပါသည်။

ဘာရယ်မဟုတ် . . . သူ ဖွဖွ ပြုံးမိ၏။

အလိုက်သိသော ချစ်သူကလေး။

ညနေတွေ့မှ အနမ်းမိုးရွာပြီး ကျေးဇူးဆပ်ရပါမည်။

အလုပ်ထဲထိ သူ မေ့ကျကန်ခဲ့သော ဖိုင်တွဲကို လိုက်လာပေးရှာသော ချစ်သူကလေးကို တကယ်ဆို မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ချင်းဆိုင် ထိုင်ပြီး ကော်ဖီတစ်ခွက်တော့ အမောပြေ တိုက်သင့်တာ။

ချစ်သူဝတ္တုရားတွေ တစ်ခါတစ်ရံ ပျက်ကွက်တာကို နားလည်ပေးပါကွာ။

အလုပ်ကိစ္စတွေက အရေးကြီးတာမို့ သူ နှင်းပန်းထွာကို စောင့်နေခွင့်မသာ။ ချစ်သူကလေးက သူ့အပေါ် အမြဲ နားလည်ရှာပါသည်။

ဘယ်တော့မှ အပြစ်မတင်တတ်။

* *



www.burmeseclassic.com

www.burmeseclassic.com

"မသီတာ . . . ကျွန်တော့် ဖိုင်ရော"

"နှင်း ရောက်မလာဘူး"

"ဘယ်လို"

အစည်းအဝေးခန်းထဲမှာ မသီတာက သူ့ကို တီးတိုး ဆိုလာ၏။

"ဘယ်လိုဖြစ်တာလဲ"

"မသိဘူးလေ။ စောင့်နေတာပဲ လာမှ မလာတာ"

သူ့စိတ်ထဲမှာ ထင့်ကနဲ ဖြစ်သွား၏။

အစည်းအဝေးခန်း ဝင်ကတည်းက ဖုန်းကလည်း ဧကော် ပိတ်ထားတာ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ခက်တာပဲဗျာ"

သူ ဘာဆက်လုပ်ရမှန်းမသိ။

အစည်းအဝေးခန်းအပြင်ကို ထွက်လာပြီ ဖုန်းကို ပါဝါ ပြန်ဖွင့်သည်။

ဖုန်း ဖွင့်လိုက်တာနှင့် သူ့ဖုန်းက တန်းကနဲ မြည်လာ၏။ သူ့အတွက် ကျသရေမင်္ဂလာမရှိသော ချောက်ချား တုန်လှုပ်ဖွယ် သတင်းဆိုးကို ရုတ်တရက် ကြားလိုက်ရတာ။

"ဗျာ"

သူ လုံးဝ မယုံနိုင်။

နားကြားလွဲတာ ဖြစ်ပါစေဟု ပြင်းပြင်းပြပြ ဆုတောင်းမိသည်။

သို့သော် . . .

* *



www.burmeseclassic.com

www.burmeseclassic.com

နှင်းပန်းထွာ မှတ်မှတ်ရရ သူ့အပေါ် ခြစ်သွားခဲ့သော ဘောလ်ပင်မှင်ရာတွေကို ကြောင်တက်တက် ငေးကြည့်ကာ စကားလည်း မပြောနိုင်၊ ထမင်းလည်း မစားနိုင်။

သူ အရူးတစ်ပိုင်း ဖြစ်သွားခဲ့ရသည်။

မကျီစားပါနဲ့ ချစ်သူရယ် . . .

မောင် ခံနိုင်ရည် မရှိလို့ပါ။

သူ အနူးအညွတ် တောင်းပန်နေမိသည်။

အကြိမ်ကြိမ် တောင်းပန်နေမိသည်။

ခွဲမသွားပါနဲ့ နှင်းပန်းထွာရယ် . . .

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မောင်တို့ ခွဲခွာဖို့ အချိန်မတန်သေးပါဘူး။

မောင့်ကို မရက်စက်ပါနဲ့ . . .

မောင် ခွင့်မပြုဘူး။

* *

www.burmeseclassic.com

www.burmeseclassic.com

မိုးပွင့်ဖြူကလေးက ဆရာဝန်ကြီးရှေ့မှာ ရပ်ပြီး ကမန်းကတန်း မေးဖို့ ပြင်မိသည်။

သိချင်စိတ်က ရင်မှာ ပရမ်းပတာ။

"ဘာဖြစ်တာလဲ အားလုံး အဆင်ပြေတယ် မဟုတ်လား"

ဟု ဆရာဝန်ကြီးက မေးလာပါသည်။

"ဒေါက်တာ နှင်းပန်ထွာရဲ့ နှလုံးသားကို ကျွန်မ ရခဲ့တယ်လို့ ကိုရှိုးသားကို ဘာဖြစ်လို့ မပြောတာလဲ၊ ဘာလို့ ပြောမပြခဲ့တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးကို ဘယ်သူပြောလိုက်တာလဲ၊ မောင်ရှီးသား မသိဘူး"

"ဘာဖြစ်လို့ မပြောတာလဲ ဒေါက်တာ"

ဟု မိုးက ထပ်မေးသည်။

"မပြောခဲ့တာက နှလုံးလှူတဲ့ကိစ္စက သူ့ခင်ပွန်း လောင်းရဲ့ ဆန္ဒကို ဆန့်ကျင်ပြီး လုပ်ခဲ့ရတာမို့လို့ပါ။ ဘာဖြစ်လို့ စိတ်ဆိုးနေရတာလဲ၊ အလှူရှင်က မသိစေချင်လို့ပါ"

ဒေါက်တာ့ကို စိုက်ကြည့်ပြီး မိုး စကားမဆိုနိုင်ပါ။

မသွားသင့်တဲ့နေရာတစ်ခုကို နှလုံးသားက လမ်းပြနေတဲ့ အဖြစ်ကို မိုး ဘယ်လို ဖွင့်ဟပြောရမလဲ။

သူက ဒါတွေ ဘာမှ မသိ။

မိုး အခု နားလည်ပြီ။

တကယ်တော့ . . . မိုးပွင့်ဖြူလေးရဲ့ နှလုံးသားက နှင်းပန်းထွာ နှစ်သက်တဲ့ အရာရာကို နှစ်သက်တဲ့ နှင်းပန်းထွာ့ရဲ့ နှလုံးသားပဲ။



www.burmeseclassic.com

www.burmeseclassic.com



နှင်းပန်ထွာ မုန်းတဲ့အရာမှန်သမျှကို မိုး မုန်းတယ်။

သူ အချစ်ရဆုံးသူက ရိုးသား ဖြစ်နေတဲ့အတွက် ရိုးသားကို မိုး သဘောကျတာ၊ မိုးကို ရုံးခန်းက လူတွေ နှစ်သက်တာ၊ ဘာဖြစ်လို့လဲဆိုတော့ နှင်းပန်ထွာရဲ့ ပံ့ပိုးနဲ့တူလို့ ဒါတွေအားလုံး မိုး ထင်းထင်းလင်းလင်း သိခဲ့ပြီ။

"ကိုရိုးသား သိလားဟင်"

ဟု ထပ်ပြီး သေချာအောင် မေးမိသည်။ သူ့အပေါ် တစ်ဖက်သတ် အသည်းခိုက်အောင် ချစ်နေမိတာကို ခုတော့ သဘောပေါက်ပါပြီ။

"မသိပါဘူး။ သူက မသိချင်ဘူး။ ဒီကိစ္စကို သဘောတူချင်တာ မဟုတ်ဘူး။ နှင်းပန်ထွာရဲ့ ပြင်းပြတဲ့ ဆန္ဒကို ဖြည့်ဆည်းပေးချင်လို့သာ"

"ဩော်"

ရင်ထဲမှာ နင့်ကနဲ ကြွေသည်။

သူ့အတွက် နှင်းပန်ထွာက အဖိုးထိုက်တန်လှပါလား။



www.burmeseclassic.com

www.burmeseclassic.com



နှင်းပန်ထွာ၏ နှလုံးသားကို သူက ဘယ်သူ့ဆီမှ ပေးလှူချင်တာ မဟုတ်တဲ့။

ဒါဟာ ဖြစ်သင့်သည်ဟု နားလည်ပေမယ့် ဘာလို့ ဝမ်းနည်းပက်လက် မချိတင်ကဲ ဖြစ်ရတာလဲ၊ စိတ်မကောင်း လိုက်တာ။

ရိုးသားက နှင်းပန်ထွာမှီ ဆိုသော မိန်းမတစ်ယောက် ကိုသာ တစ်ဘဝစာ ပုံအော ချစ်ခဲ့ပုံပါ။ မိုးပွင့်ဖြူအတွက် နေရာမရှိ။

နားလည်ပေးချင် နားလည်ချင်ပေမယ့် နောက်မဆုတ် နိုင်သော နှလုံးသားက သူ့အနားမှာ တစ်ရစ်ဝဲလည်လည်။

မိုး ဘာလုပ်ရမလဲ။

မိုးစိတ်ထဲ ထင်မိတာ မှန်သွားပြီ။

ရိုးသားကို စတွေ့ကတည်းက ထင်မိတာ အားနည်း သော ခြေလှမ်းများနှင့် ထွက်လာသော မိုးကို အဂ္ဂါတည်း စိတ်စောစွာ ကြည့်ပြီး ကားထဲက ဆင်းလျှောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီးကိုပင် မိုး နှုတ်မဆက်ခဲ့မိပါလား။

"ဘာလို့လဲ မိုး... ဘာဖြစ်လို့လဲ"

စိုးရိမ်နေသော သူ့မျက်လုံးတွေကို မိုးက ပင့်သက်ရှိုက်မိ၏။ တစ်စတစ်စ အေးခဲလာသော မိုး၏ရင်ခုန်သံကို မိုး ဘယ်လို ပြုပြင်ရမလဲ။

မကြာခင် ရပ်တန့် အငြိမ်းစားယူတော့မည့် နာရီကြီးလို လေးလေးပင်ပင် ဖြစ်နေပါသော မိုး၏ အချစ်ခုန်နှုန်းကို မိုးပဲ သိသည်။

ရှင် မိုးကို ခွင့်မလွှတ်ပါနဲ့ ကိုအဂ္ဂါရယ်...

မိုးက ကိုရိုးသားဆီကိုပဲ မျှော်လင့်ချက်တွေ ပုံအောထားမိပြီ။ တမင် လုပ်တာမဟုတ်ရပါ။

ဘုရားစူးရစေရဲ့...။

နှလုံးသားက အလိုလို အဲဒီလို ဖြစ်လာတာ ယုံပေးပါယုံပါ။

မိုးကိုယ်မိုးလည်း တစ်ခါတလေ မနှစ်မြို့ချင်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမာနေလွန်းတဲ့ နှလုံးသားကို ထိန်းချုပ်လို့မှ ရတာ။ မေမေ စိတ်ဆင်းရဲမှာ။

နောင်တတွေ၊ တွေဝေခြင်းတွေ တဖွားဖွား ဖြစ်ပေါ်နေပေမယ့် နောက်ဆုတ်လိုက်ဖို့တော့ နှလုံးသားက လက်မခံ။ ရှေ့ဆက်တိုးဖို့ပဲ ဆန္ဒတွေ စောနေသည်။

* *



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လို"

အင်္ဂါတည်က မျက်နှာအကြီးအကျယ် ပျက်သွားပြီးမှ ပြုံးတုံ့တုံ့နှင့် တစ်ချက်ရယ်ကာ . . . ၁၇၁

"တခြားဟာ ကျီစားပါကွာ။ အဲဒီလိုကြီးတော့ မပြောပါနဲ့၊ အတိတ်နမိတ် မကောင်းတဲ့ စကားတွေ ဘာလို့ လမ်းခွဲရမှာလဲ"

'လမ်းခွဲကြစို့' ဟု မိုးက အေးစက်စွာ ဆိုလာသော အခါ သူက အလွန်အမင်း တုန်လှုပ်လျက် နောက်တော့ သူ့ကို စ,တာပဲ ဖြစ်မှာဟု ဖြေသိမ့်တွေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်မဖြစ်နိုင်တော့လို့ပါ၊ ရှင် မိုးကို ခွင့်မလွှတ်ပါနဲ့၊ စိတ်နာပြီး မုန်းပစ်လိုက်ပါ"

မိုးပွင့်ဖြူ၏ မျက်နှာမှာ ကျီစယ်နောက်ပြောင်နေဟန် အရှင်းမရှိ။

အတည်အတန့် ပြောနေသလိုပင်။

"မိုး နောက်နေတာ မဟုတ်ဘူး"

"မဖြစ်နိုင်ပါဘူး"

အဂ္ဂါပုံစံက လွယ်လွယ်နှင့် လက်လျှော့မှာမဟုတ်။ နောက်ပြန်ဆုတ်မှာမဟုတ်။

သူ့ဘက်က ဖွတ်တွယ်ကပ်နေလျှင် မိုး ပိုပြီး စိတ်ညစ်ရမှာ။ မိုးအကြောင်း မိုး အသိဆုံးပါ။

"မိုး"

သူက မိုးပခုံးကို ဆုပ်ကိုင်ပြီး နက်ရှိုင်းစွာ ကြည့်လာ၏။

"ကျွန်တော် ဘယ်တော့မှ မိုးနဲ့ လမ်းမခွဲဘူး၊ အဲဒါ မိုး သိထား"



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း ခေါင်းမာပြတ်သားလွန်း၏။

"မိုး တောင်းပန်ပါတယ် ကိုအင်္ဂါရယ် . . . မိုးကို စိတ်ရှုပ်အောင် မလုပ်ပါနဲ့"

"ကျွန်တော် ချစ်နေတာ မိုးက စိတ်ရှုပ်လား၊ အဓိပ္ပာယ် မရှိတာတွေ မိုး မလုပ်ပါနဲ့"

"ဟင်"

သူက ဘာတွေ ကြားထားလည်း မသိပါ။

"သူ့နှလုံးသားကို လက်ခံထားတာနဲ့ပဲ သူ့ရည်းစားကို ချစ်ရမှာလား၊ ယူရမှာလား၊ မဟုတ်သေးပါဘူး။ မိုး အဓိပ္ပာယ် မရှိတာတွေ ရပ်ပစ်လိုက်ပါ။ အဲဒီလူကလည်း မိုးကို ချစ်မှာ မဟုတ်ဘူး၊ မိုး ဘာလို့ သူ့ကို စွဲလမ်းနေရတာလဲ မိုးရယ်၊ ကျွန်တော်တို့ရဲ့ အနာဂတ်ကို မဖျက်ဆီးပါနဲ့ဗျာ။ ကျွန်တော် တောင်းပန်ပါတယ်။ နှစ်ယောက်စလုံး အနာဂတ ဒဏ်ရာရမယ့် ကိစ္စမို့ ကျွန်တော် ခွင့်မပြုနိုင်ဘူး၊ မိုးပဲ လက်လျှော့လိုက်ပါ"

ရင်ထဲမှာ စူးကနဲ အောင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုလူက မိုးကို ချစ်မှာ မဟုတ်ဘူးတဲ့လား။

ကိုအဂ္ဂါစကားက နှလုံးသားကို နာကျင်စေပါသည်။

သူ . . . မိုးကို ဘာလို့ မချစ်ရမှာလဲ၊ သူ မိုးကို ချစ်မှာပါ။ ချစ်ကို ချစ်မှာပါ။

အဂ္ဂါနှင့် မိုးကို အားကျသူတွေ မနည်းမနောရှိတာမို့ လှပပြည့်စုံသော ဘဝကလေးကို အဂ္ဂါက အဆုံးရှုံးမခံချင်။

လှပပြည့်စုံစွာ ပျိုးထောင်ယုယလာသော အချစ်သစ်ပင်ကလေး ရှင်သန်သက်ဝင်လာပြီးမှ ညှိုးနွမ်း ပျက်စီးရမှာလား။

သည်လို အဖြစ်မခံနိုင်။

သူတို့အချစ်၊ သူတို့ဘဝ၊ သူတို့ အနာဂတ်ကို သူကာကွယ် စောင့်ရှောက်ရပါမည်။

အပျက်စီးမခံနိုင်။

သူ ဘာလုပ်ရမလဲ။ ဘယ်လို ဆုံးဖြတ်ရမှာလဲ။

လောလောဆယ် မိုးက သိပ်ပြင်းထန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရိုးသားမှ ရိုးသား ဖြစ်နေသည်။

သူ ခြေတစ်လှမ်းဆုတ်ပြီး စောင့်ကြည့်နေရမလား။ တားမရ ဆီးမရ ကန့်ကွက်ပိတ်ပင်လျှင် မိုးက ပိုဆိုးသွားနိုင်သည်။

"သေချာပြန်စဉ်းစားပါဦး မိုးကလေးရယ်၊ မောင်ခရီး ထွက်ရမယ်၊ ပြင်ဦးလွင်မှာ ဓာတ်ကားသွားရိုက်ရမယ်။ ပြန်လာမှ ဒီကိစ္စကို အေးအေးဆေးဆေး ဆွေးနွေးရအောင်ကွာ"

ချစ်သူကလေးကို နဖူးချင်း တိုက်ကာ ချော့မော့ဖျောင်းဖျ တောင်းပန်ရပါသည်။ အမိန့်ပေးလို့မရ။ တောင်းပန်မှပဲ ဖြစ်လိမ့်မည်။

နူးညံ့သော ချစ်ခြင်းတရားက မိုးခြေလှမ်းအမှားတွေကို တားနိုင်ကောင်းပါရဲ့။ ရပ်တန်းက ရပ်ပါတော့။

လှပသော အနာဂတ်လမ်းကလေး မိုးမှောင်ကျသွားမှာ သူ စိုးလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် မောင်တို့နှစ်ယောက်အတွက် မိုး သေချာ ပြန်စဉ်းစားပေးပါ"

အဂ္ဂါတည်က စိတ်ပျက် နောက်ဆုတ်ချင်ပုံမရ၊ ခက်တော့ဖြင့်နေပါပြီ။

မိုး နှလုံးသားက ဟိုလူ့ဆီ ပြေးသွား ခယနေတာ ဘယ်လိုများ ဖမ်းဆီးကာကွယ်ထားရမလဲ။

မိုး ပင်ပန်းလှပါပြီ။

မိုးကို နားလည်ပေးကြပါ။

✱ ✱



www.burmeseclassic.com

www.burmeseclassic.com

ဇလပ်က မိုးပွင့်ဖြူကလေးကို စူးစိုက်ကြည့်ပြီး သက်ပြင်း ရှိုက်လိုက်၏။

ကြည့်ရတာ မသက်သာ။

ရင်ထဲ မောလာ၏။

"ဒီပြဿနာကို ရှင်းရင်ရှင်း၊ မဟုတ်ရင် သူ့ကို မေ့ပစ်လိုက်ဖို့ပဲ၊ နင့်ဘဝကို နေသာသလို နေလိုက်ပါဟာ"

"အဲဒီလို မဟုတ်ဘူး ဇလပ်၊ သူနဲ့ အဝေးဆုံးမှာနေပြီး စိတ်မချမ်းမြေ့မှု ခံစားနေတာထက် ကိုယ်ချစ်တဲ့လူနဲ့ အနီးဆုံးမှာနေပြီး ကြေကွဲဝမ်းနည်းမှုကို ခံစားချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မှားနေပြီ ငါသူငယ်ချင်းရယ်... သူ့ကို ထိခိုက်တာထက် အခွင့်ကောင်းကို စောင့်ရမယ်။ အကောင်းဆုံးဖြစ်အောင်နင် ကြိုးစားလိုက်နော် မဆုတ်နိုင်ရင်"

"သူ့အတွက် စောရင်လည်း စောမယ်၊ ဒါမှမဟုတ်နောက်ကျရင်လည်း ကျမယ်"

"နောက်လည်းမကျ စောလည်း မစောပါဘူး၊ အတိအကျပဲ"

"ဘာလို့"

"သူက ငါ့ရဲ့ ဖူးစာရှင်အစစ်ပဲ၊ မိန်းကလေးက စ,ရတော့မှာပဲ"

မိုးက ပြုံးဝဝကလေး ပြောခဲ့၏။

* *



www.burmeseclassic.com

www.burmeseclassic.com

"ကဲ . . . နံပါတ်တစ် အစီအစဉ် . . ."

တတီတီ မြည်နေသော ဖုန်းကို ကောက်ကိုင်လိုက်သောအခါ သူ့ မျက်မှောင် နည်းနည်းကြုတ်သွားရသည်။ စောစောစီးစီးပါလား။

မိုးပွင့်ဖြူဟု ပေါ်လာသော ဖုန်းနံပါတ်ကို ကြည့်ကာ ရေရွတ်မိသည်။

"Good morning ကိုရိုးသား"

"Good morning"

ဟု လူမှုရေးအရ ပြန်ပြောလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အနှောင့်အယှက် ပေးသလို ဖြစ်သွားလားဟင်"

"မဖြစ်ပါဘူး . . . ပြောလေ"

"ဒီနေ့ Shopping ထွက်တုန်း ပစ္စည်းလေးတစ်ခု တွေ့တော့ ရှင့်ကို သတိရမိတယ်။ အဲဒါ ရှင့်အတွက်ပါ"

"ကျေးဇူးပဲ . . . ဒါပေမယ့် ဘယ်သူ့လက်ဆောင်မှ ကိုယ် လက်မခံဘူး . . . မပေးပါနဲ့"

"ရှင့်အလုပ်အတွက် ဒီစာအုပ်လေးက အကူအညီ ပေးနိုင်မှာပါ ယူလိုက်ပါ"

"Thank you ပဲ ..."

ပြုံးပြီး ငြင်းခုံမနေဘဲ သူ လက်ခံဖို့ ခေါင်းညိတ်လိုက် သည်။

မြန်မြန်ပြီး . . . အေးရော။

"ဟုတ်ကဲ့"

"မနက်ဖြန် ရိုက်ကွင်းအတွက် ပြင်ဆင်ထားပြီးပြီ လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . အဆင်သင့် ဖြစ်နေပါပြီ"

သူကြောင့်သာ သည်အလုပ်ကို မိုးပွင့် လက်ခံထားခဲ့တာပါ။

သူနဲ့ နီးစပ်ခွင့်ရအောင် တမင် လမ်းထွင်တာ။

ဒီလို ညာဏ်နီညာဏ်နက်တွေ ဘယ်ကများ ရပါလိမ့်နော်။

ထူးဆန်းလိုက်တာ။

* *



www.burmeseclassic.com

www.burmeseclassic.com

"ကဲ . . . နံပါတ်နှစ် အစီအစဉ်"

"လာပြန်ပြီ ဒီဖုန်း၊ တစ်မျိုးပြီးတစ်မျိုး မရိုးအောင် လာစားနေပါလား"

ရိုးသားက စိတ်ပျက်စွာ ရေရွတ်ပြီး ဖုန်းထူးလိုက်၏။ မထူးလည်း အကြိမ်ကြိမ် ခေါ်နေဦးမှာ၊ ဖုန်းပိတ်ထားလိုက်လည်း မဖြစ်။

အရေးကြီးသော ဖုန်းတွေ ဝင်စရာရှိသေးသည်။

ဝင်နိုင်သရွေ့တော့ ခံရဦးမည်။

နောက်တော့လည်း နားလည်သဘောပေါက်ပြီး နောက်ဆုတ် စိတ်ပျက်သွားမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ရှင်သန်နေဆဲပါ ပန်ထွာရယ်။ တစ်နေ့နေ့တော့ အားလုံး သိလာမှာပါ။

ကိုယ့်ရင်ထဲက ပန်ထွာ မသေဘူးဆိုတာ။

"ကိုရိုးသားလားဟင်"

"ဟုတ်ပါတယ်"

အသံကလေးကတော့ ချိုသာစွဲမက်စဖွယ်လေးပါ။

သို့သော် . . . သူ သာယာမက်မောခြင်း မဖြစ်မိပါ။

ပန်ထွာရှိရင် ဘယ်လောက်ကောင်းမလဲဆိုတာဘဲ ထပ်တလဲလဲ တွေးမိ၏။

"ဒီည အားမလားဟင်"

"ဘာလို့လဲ"

"ဟိုလေ . . . ဒင်နာတစ်ခု သွားစရာရှိလို့ပါ"

လာပြန်ပြီ . . . ။

နောက်တစ်မျိုး။

"အလုပ်နဲ့ ပတ်သက်ပြီး မသွားမဖြစ် ဆိုတော့လေ"



www.burmeseclassic.com

www.burmeseclassic.com



စကားလုံးလှလှတွေနှင့် ငြင်းမရအောင် ချည်ပြီး တုတ်ပြီး ပြောတော့မည်။

"ကိုရိုးသားတို့ အားလုံး ကိုယ်စား သွားရမှာ၊ အဖော် မရှိဘူး ဖြစ်နေတယ်"

သူ့ရင်ထဲမှာ အကျယ်ကြီးပဲ ရယ်မိသည်။

ရေလာမြောင်းပေး ဖော်မြူလာတွေ ရပ်ပါတော့ဗျို့ဟု အသံကုန် အော်ဟစ်လိုက်ချင်ပါသည်။

မိုးပွင့်ဖြူလို မိန်းကလေးက သူ့ ကာကွယ်စောင့် ရှောက်မှု လိုအပ်သတဲ့လား။

သူမပါရင် မလုံခြုံဘူးတဲ့လား။

အဖေ၊ အမေ၊ ချစ်သူပြီးတော့ သူငယ်ချင်း အားလုံး က မိုးပွင့်ဖြူအတွက်ဆို အဆင်သင့်။

သူက စောင့်ရှောက်ပေးစရာ မလိုလောက်ပါ။

အပြင်သွားလျှင် အိမ်က ကားအကောင်းစားနှင့် လက်ထဲမှာ ဟဲင်းနိဖုန်းနှင့် ကားဒရိုင်ဘာလည်း အဆင်သင့်။



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းထွင်တာ သိပ်သိသာနေပြီ ဒေါ်မိုးပွင့်ဖြူ။

"ကျွန်တော် မအားဘူး"

သူက သိသိကြီးနှင့် လိုက်လျှောစရာလား။

ငြင်းပစ်ဖို့ အားနာစရာ မရှိပါ။

အားနာလျှင် တစ်ဆင့်ပြီးတစ်ဆင့် ရောင့်တက်လာလိမ့်မည်။

အတင့်ရဲမလာအောင် ဟန့်တားပါမှ သူ အေးစက်စွာ ထပ်ပြောလိုက်၏။

"အလုပ်ကိစ္စတစ်ခု ချိန်းထားပြီးလို့ပါ"

"ဟုတ်လား"

တိုးဖျော့လွန်းသော အသံကလေးက သနားမယ်ဆို သနားလောက်ပါရဲ့။

ကြွေမယ်ဆို ကြွေလောက်ပါရဲ့။

"အင်းလေ . . . ဘယ်တတ်နိုင်ပါ့မလဲ။ မသွားလို့မရတာ။ သွားရတော့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူက စကားမဆိုဘဲ တိတ်ဆိတ်နေ၏။ ချက်ချင်း ဖုန်းမချမိတာက ရိုင်းရာကျမှာစိုးလို့ပါ။

သူ့ဘက်က ဘာမှ ပြောစရာ မရှိတော့ပါ။

"ကိုရိုးသား ညစာစားပြီးပြီလား"

"ဟုတ်ကဲ့ . . . စားပြီးပါပြီ"

ပြတ်တောင်းစွာ အချိန်မဆိုင်းဘဲ ဆိုမိ၏။

"အိမ်မှာ ကြာဇံချက် ချက်လို့ လာပို့ပေးမလို့ပါ၊ တကယ် စားပြီးတာလား"

"တကယ်ပါ သူငယ်ချင်းတစ်ယောက်နဲ့ ထွက်စားတာ ဗိုက်ကားနေပြီ"

ကဲ . . . ဘာတတ်နိုင်သေးလဲ။

ပင့်သက်မှျင်းမှျင်း ရှိုက်သံလေးကို ကြားရပြီးမှ တော့ 'ဒါပဲနော်' ဆိုသော စိတ်ပျက်သံကလေးကို ကြားရ၏။

အဲဒီလိုပဲဖြစ်သင့်တာ။ ညနေ ငါးနာရီကျော်လောက် ကလေးမှာ ညစာစားပြီးတာ၊ ယုံချင်ယုံ မယုံချင်နေ။



www.burmeseclassic.com

www.burmeseclassic.com



ရှိုးသွားက ဖုန်းချပြီး ဖွဖွ ပြုံး၏။

မင်း ဘယ်လောက်ပဲ လမ်းတွေထွင်ထွင်၊ ကိုယ့်နှလုံးသားက ကျောက်ရုပ်ပါပဲကွာ။

* *



www.burmeseclassic.com

www.burmeseclassic.com

ကဲ . . . နံပါတ်သုံး အစီအစဉ်။

ထူးထူးခြားခြားလေးဖြစ်အောင် စဉ်းစားထားခဲ့တာ ကိုရှိုးသား ငြင်းနိုင်မလား။

မိုးပွင့်ဖြူကလေး ရောက်သွားတော့ သူက ကွန်ပျူတာ ရှေ့မှာ အလုပ်များနေသည်။

ရုတ်တရက် ဘေးနားမှာ ဘွားကနဲ ပေါ်လာတော့ အံ့အားသင့်သွားပေမယ့် သူက ဟန်မပျက် ပန်မပျက် ခပ်တင်းတင်း ခပ်အေးအေးနှင့် အလုပ်ကိစ္စက အရမ်း အရေးကြီးနေ သလိုလို လုပ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စောစောတုန်းကပုံစံနှင့် လုံးဝ မတူ။

ဒါ အကုန်ပဲလား။ ရှင့် အိုက်တင်တွေ။

ခုနတုန်းကဖြင့်... သည်လောက် အရေးတကြီးပုံစံ မဟုတ်ပါဘဲ၊ အခုမှ အလုပ်များချင်ယောင်ဆောင်ဦးတော့ မည်။

"ကိုရိုးသား"

"ဟင်"

နားက ကြားပြီး နှုတ်က ပြန်ထူးပေမယ့် သူ့အကြည့်တွေက မော်နီတာရှေ့မှ မခွာ။

အောင့်သက်သက်နှင့် မိုးပွင့်ဖြူကလေး ပြုံးမိပါသည်။ တစ်စက်မှ ဂရုမစိုက်သော သူ့ပုံစံက ခံရခက်လှပါသည်။

ဘယ်တတ်နိုင်ပါ့မလဲ ကိုရိုးသားရယ်...

ရှင့်ရှေ့ရောက်တာနှင့် နှလုံးသားက နွေးတက်လာပြီး ခင်တစ်ခုလုံး အပျော်တွေ ပြည့်ကာ အရာရာ ပြည့်စုံသလို ခံစားရတာ။



www.burmeseclassic.com

www.burmeseclassic.com



"ထီးပါရင် ခဏ ငှားပါလားဟင်၊ မိုးတွေ ရွာနေလို့ မိုးပွင့်မှာ ထီးလည်း မပါဘူး။ ကားလည်း မပါဘူး။ ထီးမပါရင် ကား ခဏငှားပါလား။ သိပ်မကြာပါဘူး ပြန်လာပေးပါမယ်"

ရိုးသားက မျက်မှောင်ကြုတ်ပြီး အပြင်ဘက်ကို လှမ်းကြည့်၏။

တကယ်ပဲ မိုးရွာနေသလားဆိုတာ။

သူ ပြန်မည့်အချိန်ကို မှန်းပြီး ရောက်လာတာလား မသိ။ ကွက်တိချိန်ထားတာ သေချာပါသည်။ သူ ဘယ်လို လုပ်ရမလဲ။

သူ့မှာ ထီးမပါတာ သူ သိသည်။ မိုးပွင့်ဖြူလည်း သိမှာပါ။

မိုးပွင့်ဖြူကို သူ့ကား ခဏငှားပေးလိုက်ရမလား။

ဒါမှမဟုတ် သူမ ကြိုးစားမှုကိုပဲ လိုက်လျော အသိအမှတ်ပြုပြီး လိုက်ပို့ပေးရမလား။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟူး . . .

ဆုံးဖြတ်ရခက်လိုက်တာ။

ဘေးကြပ်နံကြပ်ပါလား။

"ကိုရိုးသား လမ်းကြုံရင် ဝင်ပို့ပေးခဲ့ပါ"

သူ နှုတ်ခမ်းစေ့ကာ ပြုံးလိုက်၏။

မင်း ဖြစ်ချင်တာ အဲ့ဒါပဲ မဟုတ်လား။

သူ မသိမသာ သက်ပြင်းရှိုက်မိသည်။

သည်းသည်းမည်းမည်း ရွာနေသော မိုးကိုပဲ အပြင်တင်ရမလား။

အချိန်မီ ရောက်လာသော မိုးပွင့်ဖြူကိုပဲ အပြစ်တင်ရမလား။

အားလုံးထဲမှာ သူ့ကိုမှ ရွေးပြီး အကူအညီတောင်းတာဘာသဘောလဲ၊ ဘာအဓိပ္ပာယ်လဲ။ သူ မဆန်းစစ်ချင်။ ဆန်းစစ်စရာ မလို။

သူ့အတွက် အဲဒါတွေ မလိုတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားက နှင်းပန်းထွာနှင့် အတူတူ သေဆုံးသွားခဲ့ပြီးသားပါ။

အချစ်မဲ့ ကိုယ်ဆိုတာ တစ်နေ့နေ့ နားလည်လာမှာပါ။

"လိုက်ပို့မယ်၊ ခဏစောင့်ဦး"

သူ အေးစက်စွာ ပြောလိုက်တော့ သူမမျက်နှာက ဝင်းဝင်းပပ လင်းလက် ကျေနပ်သွားလိုက်တာ ကလေးတစ်ဦးလို။

လှိုက်လှိုက်လှဲလှဲ ကျေနပ်သွားတာကို ကြည့်ပြီး ရိုးသားက တစ်မျိုးကြီး ဖြစ်သွားရသည်။

ဘာလို့များ သူကလေး၏ ဆန္ဒကို လိုက်လျောမိပါလိမ့်။

သူ့ကိုယ်သူ ယုံကြည်မှု လွန်ကဲနေတာ ကောင်းပါ့မလား။

ဘာပဲဖြစ်ဖြစ် မိုးပွင့်ဖြူကလေးက တစ်ခုပြီးတစ်ခု တိုက်စစ်တွေ ဆင်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



သူ အရှောင်အတိမ်း ကောင်းပါမှ။

ပြောပြီးသား စကားကို ချက်ချင်းလည်း ပြန်မပြင်ချင်ပါ။

သူက သိက္ခာကို တန်ဖိုးထားသူ။

တစ်ခါတလေ လိုက်ပို့တာပဲ ဘာများ စိုးရိမ်စရာ ရှိသလဲ။

မိုးပွင့်ဖြူကလေးက သူ့ကို ဆိုင်စောင့်နေ၏။

သိပ်အကြာကြီး စောင့်ခိုင်းလို့လည်း မဖြစ်ပါ။

တဖြည်းဖြည်းနှင့် မိုးမှောင်လာလျှင် ပိုဆိုးလိမ့်မည်။

မြန်မြန်လိုက်ပို့လိုက်တာ၊ မြန်မြန်အေးသည်။

သူ ကွန်ပျူတာကို ပိတ်လိုက်၏။

"လာ . . . ပြန်မယ်"

"ဟင်"

မြန်မြန်ဆန်ဆန် သိမ်းဆည်းပြီး ဆိုလာတော့ မိုးပွင့်ဖြူ သူ့ကို အားနာသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် လုပ်စရာရှိတာ ပြီးအောင်လုပ်ပါ"

"ပြီးပြီ"

"ဟင် မပြီးသေးပါဘူး"

"ခင်ဗျား ထိုင်စောင့်နေမှတော့ ဘယ်လိုလုပ်ပြီး အလုပ် ပြီးတော့မလဲ"

စိတ်ပျက်လက်ပျက် ပြောလိုက်တော့ သူမ ပင့်သက် ရှိုက်မိ၏။

တမင် နှောင့်ယှက်ချင်တာ မဟုတ်ပါ။ မိုးပွင့်ဖြူ ကလေးက သူနှင့် အတူတူ သွားချင်တာ။

သူ့အပေါ် ဆိုးနွဲ့ကာ ရင်းနှီးချင်လို့သာ အခုလို အောက်ကျနောက်ကျ ရောက်လာရသူပါ။

သူ့နောက်ကနေ ခပ်ဖြည်းဖြည်း လျှောက်လာရင်း ဘယ်နှစ်ကြိမ်မြောက်မှန်း မသိ၊ သက်ပြင်းတစ်ခု ချမိပါ၏။

မောလိုက်တာ . . . ရင်ထဲမှာ

ပျော်ပြီး နွေးနေတာက တစ်ဖက် . . .



www.burmeseclassic.com

www.burmeseclassic.com



မောပြီး အားငယ်နေတာကတစ်ဖက်။

ဘာလို့များ နှစ်မျိုး ဖြစ်နေရတာလဲ။

ချစ်မိနေမှတော့ မာနကထားလို့ ဖြစ်ပါဦးမလား။

ရှုံးနေပြီပဲ မဟုတ်လား။

တွေတွေငေးငေး စိတ်နှင့်ကိုယ်နှင့် မကပ်ဘဲ ခလုတ်က တိုက်သည်။

"အမလေး"

ရိုးသားက လှည့်ကြည့်ပြီး စိတ်ပျက်သလို ကြည့်၏။

ဖေးဖေးမမ ဂရုစိုက်ဖို့ နေနေသာသာ။

မိုးပွင့်ဖြူ မျှော်လင့်နေသော အကြင်နာ သူ့ဆီကရဖို့ ခဲလှသည်။ မျှော်လင့်ချက် နည်းပါးလွန်းပါသည်။

ရုပ်ရှင်ထဲမှာဆို မင်းသမီး လဲကျမလိုဖြစ်လျှင် မင်းသားက ဖမ်းပွေ့ထူပေးပြီးသား။

တခြားစီပါပဲ။

စိတ်ကူးနှင့် လက်တွေ့က တစ်ခြားစီ သာမှမဆိုင်။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းကလေးမှဲ့ကာ သိမ်ငယ်သွားမိတာ အမှန်။

သူ့နှလုံးသားက မိုးပွင့်ဖြူကလေးနှင့် ပတ်သက်လျှင် မာကျော အေးစက်လွန်းလှပါသည်။

သူက ကားထဲဝင်ထိုင်ပြီးမှ သူမဘက်က ကားတံခါးကို အသာလေး ဖွင့်ပေးလိုက်၏။

မိုးပွင့်ဖြူက ကားထဲဝင်ထိုင်ပြီး သူ့ကို လှည့်ကြည့်နေလိုက်၏။

သည်လိုကြည့်နေခွင့်က ခဏကလေးပဲ ရနိုင်မှာ မဟုတ်လား။

သူက သူမကို မမိုတ်မသုန် တစ်ချက်ကြည့်ကာ မျက်နှာ ပျက်သွားပြီး ကားစက်နှိုးသည်။

သူ့နှုတ်ခမ်းတွေက တင်းလွန်းလိုက်တာ။

ပခုံးကလေးတွန့်ကာ တိုးတိုးကလေးရယ်မိ၏။

သူ့တည်ကြည်မှုကို နှလုံးသားက တစိမ့်စိမ့် ချစ်လွန်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားကို ခပ်မြန်မြန်မောင်းနေတာကိုက မိုးပွင့်ကို မြန်မြန် ကားပေါ်က ဆင်းစေချင်တာပဲ မဟုတ်လား။

မိုးပွိုင့်မှာ ကျွိကနဲ ဘရိတ်ဖမ်းအုပ်တော့ သတိမထားပဲ နေမိသော သူမ ကိုယ်လေး ရှေ့ကို ဟပ်ထိုးကျကာ ကားမှန်နှင့် ခေါင်းကို ဆောင့်မိသွားပြီး ဒက်ရှ်ဘုတ်နှင့် လက်ကို ထိမိ၏။

"အမလေး"

"ဟာ"

သူက လန့်သွားပြီး သူမ ပုခုံးကလေးကို ဖမ်းဆွဲထားကာ စိုးရိမ်သွား၏။

ဘာမှ မဖြစ်ပေမယ့် သူ အရမ်းစိတ်ပူသွားတော့ မိုးပွင့်ဖြူကလေး ရုတ်ရက် အကြဲရသွားသည်။

မျက်နှာတစ်ပြင်လုံး လက်ဖဝါးနှစ်ဖက်နှင့် အုပ်ကွယ်ထားပြီး ခေါင်းအတင်းငုံ့ချလျှက် . . .

"အား နာလိုက်တာ . . . ကျွတ်၊ ကျွတ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု အော်လိုက်၏။

သူက ပိုလန့်သွားပြီး သူမ ပုခုံးနှစ်ဖက်ကို ဆုပ်ကိုင်ကာ သူ့ဘက် လှည့်စေ၏။ မျက်နှာကို ကြည့်ခွင့်ရဖို့ ဖွတ်ကြိုးစားသည်။ မိုးပွင့်က လုံးဝ လက်မဖယ်။

"အား သွားကျိုးသွားပြီ . . . မျက်ခုံးကွဲသွားပြီလား မသိဘူး။ နှာခေါင်းက နာလိုက်တာ။ နှုတ်ခမ်းပေါက်သွားလား နဖူး ဘုထသွားပြီ"

ပါးစပ်ထဲ ရှိရှိသမျှ အော်ဟစ်နေမိ၏။

"ပြစမ်းပါ . . . လက်တွေဖယ်လေ"

"ဟင့်အင်း နာတယ်၊ အရမ်းနာတယ် သွေးတွေ ထွက်လာပြီလား မသိဘူး"

ရှီးသားက စိုးရိမ်စွာနှင့် သူမ လက်တွေဆွဲဖယ်ချ၏။ သူမကိုယ်လေး သူ့ရင်ခွင်ထဲ လုံးလုံးလျားလျား ရောက်နေ တာပင် ဂရုမစိုက်နိုင်၊ ထူပူပျာယာခတ်ပြီး ခြေမကိုင်မိ လ မကိုင်မိနှင့် ဘာလုပ်ရမှန်း မသိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကားကို ရုတ်တရက် ဘရိတ်ဖမ်းနင်းမိတာ သူ့အမှား။ မိုးညွှင့် ဟန်ချက်ပျက်ကာ ရှေ့မှန်နှင့် ခေါင်းနှင့် မဆောင့်မိတာဘဲ တော်သေးသည်။

ဘယ်လို ဖြစ်ရတာလဲကွာ ...

ပြဿနာက မထင်မှတ်ပဲ သူ့ဆီ တည့်တည့်လာ၏။ မိုးညွှင့် ဘာဖြစ်မှန်း မသိရသေး။

"ကျွန်တော် ခဏကြည့်ပါရစေ"

သူ တောင်းပန်ချော့မော့ ပြောဆိုမိ၏။

ရင်ထဲမှာ တဟုန်းဟုန်း ပူနေပါပြီ။

တကယ်တန်းကျတော့ သူမကို သူ့ကြောင့် ထိခိုက်မိမှာ လုံးဝမလိုလား။

မိုးပွင့်ဖြူက နွေးထွေးသော သူ့ရင်ခွင်ကြောင့် အသက်ရှူ မြန်သွားပြီး ...

သူ့ထွက်သက်နီးနီးကြောင့် ရင်တွေ တဒုန်းဒုန်း ခုန်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပေါ်က လက်နှစ်ဖက်ကို ဖယ်ပြီး သူ့မျက်နှာကို မော့ကြည့်မိ၏။

သူ့မျက်လုံးတွေကို တည့်တည့်စိုက်ကြည့်မိသည်။

စိတ်ပူနေတာ ဖုံးဖိမရ။

ဘာညာချင်သေးလဲ။

ရှင့်ရင်ထဲ တစ်နေရာမှာ မိုးပွင့်ရှိနေပါပြီ။

တျေနပ်စရာကောင်းလိုက်တာ။

ပျော်ရွှင်ချမ်းမြေ့ခြင်းက တစ်ကိုယ်လုံးကို လွှမ်းခြုံသွား၏။ မထင်မှတ်ပဲ သူ့ရင်ခွင်တံခါး၏ လျှို့ဝှက်သော့ကို မိုးရရှိခဲ့ပြီ။

ရိုးသားက နီးကပ်စွာ စူးစိုက်စွာ မော့ကြည့်နေသော မျက်ဝန်းတစ်စုံကို အံ့အားသင့်စွာ ကြည့်မိပြီးနောက်မှာ လူက ကျောက်ရုပ်လို ငြိမ်ကျသွား၏။

သူ အညာမိသွားပြီ။

သူမ ဘာမှ မဖြစ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ တစ်ဝက်အေးသွားပြီး ကျန်တစ်ဝက်က ရင်ခုန်မြန်စွာ ပူနွေးလာ၏။

ယောက်ျားတစ်ယောက် ပီသစွာ ထိုအခြေအနေကို သူ သာယာမိသလား၊ နှစ်မျောမိသလား၊ ရှုန်းမထွက်နိုင်တာတော့ အမှန်ပါ။

သူ့ကိုယ်သူ အထင်ကြီးမိပါပြီ။

မိုးပွင့်ဖြူ၏ ထုထည်ကြီးမားသော အချစ်ပြင်းထန်သော ကြိုးစားမှုကို သူက ဘာမို့လို့ သွေးအေးစွာ တင်းခံနိုင်မှာတဲ့လဲ။

သူ့ရင်ခွင်ထဲက မိုးပွင့်ကို သူရုတ်တရက် တင်းကြပ်စွာ ဖက်ထားလိုက်မိ၏။

သူ . . . ထိုအခြေအနေကို မလွန်ဆန်နိုင်တော့ပါ။ သူ့စိတ်တွေ ဘယ်လို ဖြစ်သွားမှန်းမသိ။

မိုးပွင့်ဖြူ၏ လက်ဖျားကလေးတွေ သူ့ကျောပြင်နှင့် လာအတွေ့မှာ သူ ဝုန်းကနဲ သတိပြန်ဝင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးပွင့်ဖြူကို သူ့ရင်ခွင်က ဆွဲထုတ်ပစ်ပြီး လူချင်းခွာမိ၏။

"မင်း တော်တော် မာယာများပါလား"

တုန်လှုပ်ချောက်ချားစွာ အပြစ်တင်မိ၏။

သူ အဲ့ဒီလို မကျရှုံးချင်။

ကျရှုံးသွားလျှင်လည်း ဝန်မခံချင်။

ဒါဟာ အချစ်မဟုတ်။

တဒင်္ဂ သာယာရှုးသွပ်မိုက်မဲမှုပါ။

သည်အမှားကို သူ ဘယ်လို အဖတ်ဆယ်ရမလဲ။

မိုးပွင့်ဖြူ၏ မျှော်လင့်ချက်တွေကို လှေခါးထောင်ပေးသလို ဖြစ်ရော့မည်။

"ဘာမှ မဖြစ်ဘဲနဲ့ မင်းတော်တော်ဆိုးပါလား။ ငါက တကယ်မှတ်လို့ စိတ်ပူလိုက်ရတာ"

"အဲဒီလို စိတ်ပူပါ့မလားလို့"

ကျေနပ်စွာ ခစ်ကနဲ ရယ်လိုက်တော့ သူ့မျက်နှာ နီမြန်းသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သိသားပဲ ရှင် စိတ်ပူမယ်ဆိုတာ"

"ဘာဆန်းလို့လဲ၊ ငါ့ကြောင့် ဘယ်သူ့ကိုမှ မထိခိုက်စေချင်ဘူး၊ မနစ်နာစေချင်ဘူး"

မိုးပွင့်က သူ့ကို စူးစူးကလေး ကြည့်သည်။

သူဟာ မုန်းစရာကောင်းလောက်အောင် ဟန်ဆောင်ကောင်းသူပါလား။

ခုနတုန်းက တယုတယ ဖက်ထွေးပြီး အရမ်းစိတ်ပူသွားခဲ့တာ သူ မဟုတ်သလို။

မိုးပွင့်ကို အရှုးလုပ် လှည့်စားချင်တာလား။

ဝန်မခံရဲတာလား။

"ရှင် ယောက်ျားမဟုတ်ဘူး၊ သတ္တိကြောင်လွန်းတယ်၊ နှင်းပန်ထွာပဲ ရှင့်ရင်ထဲမှာ ရှိတာမဟုတ်ဘူး။ ရှင်ညာချင်စမ်းပါနဲ့"

"တော်"

သူက အော်ပစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးပွင့် သူ့ကို လန့်သွား၏။

"ငါ့ကို မင်း မြူဆွယ်လို့ဖြစ်ရတာ၊ အဲဒါ အချစ် မဟုတ်ဘူး... သာယာမှု၊ မင်းဖြားယောင်းလို့ နစ်မျောသွားတာကွ"

"ဘယ်လို"

သူ၏ ရင့်သီးကြမ်းတမ်းသော စကားအပေါ် မိုးပွင့် အရမ်း ရှက်သွား၏။

ရင်ထဲမှာ အောင့်သွားသည်။

သူ့အပြောက ကြမ်းတမ်းလွန်းပါလား။

သူ မိုးပွင့်ကို အထင်သေးလွန်းလှပါလား။

ရစရာ မရှိအောင် ပစ်စလက်ခတ် ပြောထွက်လွန်းသည်။

မိန်းကလေးတစ်ယောက်အတွက် အခုလို အပြောခံရတာလောက် သိမ်ငယ် ရှက်ရွံ့စရာကောင်းတာ မရှိပြီ။

"ပြောရက်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်က ပိုးပိုးပေါက်ပေါက် ကျလာ၏။

နှုတ်ခမ်းကို နာနာကိုက်ပြီး ဝမ်းနည်းမှုကို ရအောင် ဖြေဖျောက်မိသည်။

"မင်း ကြိုးစားမှုတွေ ရပ်တန်းက ရပ်ပါတော့။ ငါ့ကို နောက်မှ အဆိုးမဆိုနဲ့၊ ငါ ခုထက်ထိ နှင်းပန်းထွာကို ချစ်နေတုန်းပဲ... သစ္စာရှိချင်သေးတယ်။ ဘယ်သူနဲ့မှ အစားထိုးလို့ မရဘူး။ အဲဒါ မင်း နားလည်ထားပါ"

သူ့စကားတွေက ဂိတ်ကုန်သွားပြီ။

"မင်း နည်းလမ်းတွေ အမျိုးမျိုးသုံးနေတာလည်း ငါ သိတယ်။ ငါ နားလည်တယ်၊ ငါ ဘဝင်မကျဘူး၊ မကြိုက်ဘူး ရှောင်နေတာလည်း မင်းသိမှာပါပဲ။ ဒီထက်ပိုပြီး အပင်ပန်း မခံပါနဲ့တော့လား"

သူ့မျက်နှာက ကျောက်စိုင်ကျောက်သားလို မာကျောကာ ရေခဲပြင်လို အေးစက်ကာနေ၏။ မိုးကဖြင့် သူ့နှလုံးသား၏ ညှို့ဝှက်တံခါးကို ဖွင့်ကြည့်နိုင်ပြီဆိုပြီး ပျော်လိုက်ရတာ။



www.burmeseclassic.com

www.burmeseclassic.com



သူက ရှက်ရမ်းရမ်းပြီး ဝန်မခံ။

နှင်းပန်ထွာ သူ့ရင်ထဲမှာ ရှိနေသေးတာ။ ထားပါတော့ မိုးကိုလည်း သူ လေးနက်နေပါသည်။

မိုးကို မချစ်ဘူးလို့ သူ ဘာလို့ အပြတ်ငြင်းနေတာလဲ။

စောစောက မိုးကို သူ ကြင်နာစွာ ဖက်ထွေးခဲ့ပါသည်။ ဒါဟာ အိပ်မက်မဟုတ်။ သူ ဘာလို့ မိုး ရင်နာအောင် ပြောရတာလဲ။

မိုးအပေါ် တမင် နှိပ်စက်နေသလိုပါ။

"မင်း ရှေ့ဆက်တိုးဖို့ မစဉ်းစားနဲ့၊ နောက်ဆုတ် လိုက်ပါတော့၊ ငါ မင်းကို တောင်းပန်ပါတယ်"

မိုးပွင့်ဖြူက သူ့ကို ကြေကွဲစွာ စိုက်ကြည့်မိ၏။

သူပြောသလို မဖြစ်နိုင်တော့ပါ။

ခုနတုန်းက သူသာ မိုးကို အဲဒီလို ဂရုတစိုက် ယုယ ကြင်နာ မပြခဲ့လျှင် မိုး နောက်ဆုတ်ကောင်း နောက်ဆုတ် နိုင်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ကို မိုး လှစ်ဟပြခဲ့ပြီ။

"မင်းလမ်း မင်းလျှောက်ပါ။ မင်း မျှော်လင့်သလို ဖြစ်လာမှာ မဟုတ်ဘူး"

မိုးပွင့်ဖြူက သူ့ကို နာကျင်စွာ ကြည့်မိ၏။

သူဟာ ရက်စက်တတ်သူပါလား။

သူ့အပေါ် မိုးက လေးစား အားကိုးတွယ်တာခဲ့မိတာ များပြီလား။ မိုး အရမ်း စိတ်မကောင်းဖြစ်မိ၏။

သူ့ကို မကြည့်တော့ဘဲ ချာကနဲ ကျောပေးနေမိ၏။

အလကားလူ၊ သတ္တိမရှိတဲ့လူ။ တယူသန်ကြီး။

ကိုယ့်နှလုံးသားကို ကိုယ်ညာတဲ့လူ။

တော်ပါပြီ။ မိုး နောက်ဆုတ်ချင်ပါပြီ။

စိတ်တွေ ဘုန်းဘုန်းလဲကာ အားငယ်မိ၏။

သူ့ကို ဘာလို့များ ချစ်မိတာလဲ။

* *



www.burmeseclassic.com

www.burmeseclassic.com

သူ့ဆီကို ဘယ်တော့မှ မသွားတော့ဘူးဟု ဆုံးဖြတ်ခဲ့ပေမယ့် တကယ်တမ်းကျတော့ နှလုံးသားက မနေနိုင်။

လွမ်းစိတ်က ရင်ထဲမှာ တစိမ့်စိမ့်နှင့်။

ကြေကွဲယူကျုံးမရဖြစ်စွာနှင့် သူ့ဆီ သွားတွေ့ဖို့ ဆုံးဖြတ်မိပြန်သည်။

မေးထားလိုက်ဖို့ ဆုံးဖြတ်လေ ရင်ထဲမှာ ဖျတ်ဖျတ်လူးနာကျင်ခံစားရလေ။

လုံးဝ ဝေးမသွားချင်။

သူ့ဆီကိုပဲ စိတ်တွေက ရောက်နေသည်။

ညာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ နှင်းပန်ထွာ နှလုံးသား၏ စေခိုင်းချက်ပဲလား။ မိုး အရာရာကို ဘဝင်မကျချင်။

သူ့ကို ဖွင့်ပြောပြပြီး အကူအညီတောင်းရမလား။

ဒါမှမဟုတ် နှင်းပန်ထွာ နှလုံးသားကို လက်ခံမိတာပဲ အပြစ်တစ်ခုလား။

နှင်းပန်ထွာ၏ နှလုံးသားမှာ အချစ်တစ်ခု ကပ်ငြိပါလာခဲ့သည်။

ထိုအချစ်ကို ဘယ်လိုမှ တွန်းလှန် ဖြိုဖျက်မရ။

ထိုအချစ်ကြောင့်ပဲ ကိုအဂ္ဂါနှင့် မိုး လမ်းခွဲခဲ့တာ၊ အားလုံးကို ဆန့်ကျင်ခဲ့တာ။

ခက်လိုက်တာ။

မိုးအတွက် ရှင် နေရတာ တကယ်ပဲ ခက်ခဲပင်ပန်းနေပါပြီ။

နှလုံးသားက သူ့ဆီပဲ ဦးတည်နေပေမယ့် သူက မိုးကို ဆက်မခံ။



www.burmeseclassic.com

www.burmeseclassic.com



မိုး ဘာလုပ်ရမလဲ။

ရင်ထဲမှာ မောနင့် နိုးချိစွာနှင့် အလိုမကျမှုများက နေရာယူလာသည်။ သူ့ဆီ မိုး သွားတွေ့မည်။

သူနှင့် မတွေ့ရတော့ ရေတော်ပန်းကလေးလို သွေ့ခြောက် လစ်ဟာနေပါသည်။

သူ မောင်းထုတ်ချင်လည်း မောင်းထုတ်စေတော့ သူ နှင်လွှတ်ချင်လည်း နှင်လွှတ်စေတော့။

မရမက သူ့ကို ရှင်းပြမည်။

မိုးအပေါ် သူ နားလည်ရင် တော်ပါပြီ။

သူ အထင်မလွဲစေချင်။

မိုးက သူ ထင်နေသလိုမျိုး မဟုတ်ပါ။

သူ ဘာလို့ မိုးကို အထင်သေးနေတာလဲ။

သူ ဘာလို့ မိုးအပေါ် ဂရုမစိုက်တာလဲ။

သူ မိုးကို တကယ်ပဲ နည်းနည်းကလေးမှ မနှစ်သက်ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့နေ့ တစ်ချိန်ချိန် သူနှင့် မိုး ဝေးသွားရမှာလား။ သူ့ကို ဆုံးရှုံးရမှာ ဘာလို့ သည်လောက် သွေးပျက်ဆုံးနေမိသလဲ။

* *



www.burmeseclassic.com

www.burmeseclassic.com

လေးငါးဆယ်ရက်မက မတွေ့ရသောအခါ မိုးဘယ်လိုမှ မနေနိုင်တော့ပါ။

အသုံးမဝင်သော မာနတွေ ဘေးဖယ်ပစ် ချထားပြီး ရှိုးသားရှိရာ ထွက်လာခဲ့၏။

ခဏဖြစ်ဖြစ် သူ့မျက်နှာကို မြင်ချင်လှပြီ။

လွမ်းလှလွန်းလို့ လိမ့်လိမ့်လူးနေပါပြီ။

ဟန်မဆောင်နိုင်လောက်အောင် သတိရနေ၏။

သူ့ရော မိုးကို တွေ့ချင်နေမလား။

မိုးဘက်က လုံးဝ တိတ်ဆိတ်ငြိမ်သက်နေသော သူလည်း သတိရကောင်းရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



မိုးအကြောင်းကို နှစ်မိနစ် သုံးမိနစ်ဖြစ်ဖြစ် တွေးမိလောက်ပါရဲ့ဟု ဖြေသိမ့်မိ၏။

* *



www.burmeseclassic.com

www.burmeseclassic.com

တံခါးဘဲလ်သံကြောင့် တံခါး လာဖွင့်ပေးမယ့် ရောက်လာသူက သူ့ကို နှောင့်ယှက်နေသော ကောင်မလေး ဖြစ်လိမ့်မယ် မထင်ခဲ့ပါ။

"မင်း ဘာလုပ်နေတာလဲ မိုးပွင့်ဖြူ"

ဟု သူက ခပ်မာမာ မေးသည်။

သူ့မျက်နှာက ခပ်တင်းတင်း။

"ရှင့်ကို ပြောစရာရှိလို့ လာခဲ့တာပါ"

"မင်း ဒီကို မလာသင့်ဘူး။ ပြောစရာလည်း မင်းနဲ့ငါ့ကြားမှာ မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကို ဝင်လာမိတဲ့အတွက် တောင်းပန်ပါတယ်။ ဒါပေမယ့် ရှင့်ကို ပြောမဲ့စကားက သိပ်အရေးကြီးပါတယ်"

ရိုးသားက မိုးကို အေးစက်စွာ ကြည့်ပြီး . . .

"နှင်းပန်ထွာမရှိတော့ဘူးလို့ တစ်ကမ္ဘာလုံးက ထင်နေပေမယ့် ငါ့အတွက် နှင်းပန်ထွာ ရှိနေတုန်းပဲ။ သူက ငါ့နှလုံးသား၊ ငါ့စိတ်ဝိညာဉ်၊ ငါ့တစ်ကိုယ်လုံးမှာ လွှမ်းမိုးထားတယ်။ ဒီတော့ မင်း ငါ့ကို ဘာပဲပြောပြော ငါ့အတွက် ထူးခြားတာမှာ မဟုတ်ဘူး။ ဘာဖြစ်လို့ မင်းကိုယ်မင်းရော ငါ့ကိုရော ညှင်းဆဲရတာလဲ။ ဒုက္ခပေးချင်ရတာလဲ၊ ငါ နှင်းပန်ထွာကို ချစ်နေတုန်းပဲ၊ မေ့လို့ မရသေးဘူး။ ငါ့ကို ကြည့်တဲ့ မင်းအမှုအရာတွေကို မကြိုက်ဘူး။ ငါ့အကြောင်း တွေးနေတဲ့ မင်းရဲ့ အမူအရာတွေကို မကြိုက်ဘူး။ မင်းကို ချစ်လည်း မချစ်ဘူး။ မုန်းလည်း မမုန်းဘူး။ မင်းကိုစပြီး မမုန်းမိခင်မှာ အခေါ်ကို ထွက်သွားပါတော့။ ငါတို့ဘဝထဲ ဘယ်တော့မှ ဝင်မလာပါနဲ့တော့။ နှင်းပန်ထွာနေရာကို မင်း မလိုချင်ပါနဲ့။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ပါဘူး။ ငါ အခုထက်ထိ နှင်းပန်းထွာကို ချစ်နေတုန်းပဲ တမ်းတသတိ ရနေတုန်းပဲ''

သူ့စကားတွေကို အသည်းခိုက်အောင် နာကျင်ရမည့် အစား သိမ့်သိမ့်ခါအောင် ကြည်နူးမိသော မိုး၏အဖြစ်ကို မိုးပဲ သိသည်။

ရင်ထဲက နှလုံးသားက နှင်းပန်းထွာ၏ နှလုံးသား ဆိုတော့ ကျေနပ်လိုက်တာ။ မိုးကတော့ ဘယ်ကျေနပ်မလဲ။ မိုးက နှင်းပန်းထွာမှ မဟုတ်ဘဲ။ ဒွိဟာခံစားမှုက လူကို နှိပ်စက်၏။

ကြည်နူးခြင်းနှင့် နာကျင်ခြင်းက ရင်မှာ တစ်ဝက်စီ နေရာယူထားကြသည်။

''မင်း ပြန်ပါတော့၊ ကျေးဇူးပြုပြီး ပြန်ပါတော့ကွာ၊ ငါ့ ရှေ့မှ ဘယ်တော့မှ ထွက်မလာနဲ့တော့၊ ငါ နှင်းပန်းထွာကို လွမ်းရင်းနဲ့ ကုန်ဆုံးပါရစေ၊ မင်း နားလည်ပေးပါ''

''ကျွန်မ ရှင်းပြတာကို နားထောင်ပေးပါ''

''မလိုပါဘူးကွာ၊ မင်း သွားတော့ သွား. . . သွား''



www.burmeseclassic.com

www.burmeseclassic.com



ဟု တံခါးဝမှာရပ်နေသော မိုးကို သူက ဇွတ်တွန်းလွှတ်သည်။ ပခုံးကို ဆုပ်ကိုင်ကာ လာရာလမ်းကို ပြန်လှည့်ပေးသည်။ သူ ဆက်လက်ပြီး သည်းမခံနိုင်တော့ပါ။

စိတ်တွေက တဆိတ် ကျွတ်ကြွနေပြီ။ သူ့ဘက်က ပေါက်ကွဲမိလျှင် မကောင်း။

"ရှင် ကျွန်မကို အခွင့်အရေး တစ်ခုပေးပါ"

"ဘာအခွင့်အရေးမှ မပေးနိုင်ဘူးလို့ ဘယ်နှခါ ပြောရမလဲ"

"ရှင် မတရားဘူး"

"ငါ တရားတာ မတရားတာ ငါ့ကိစ္စ၊ မင်းကို ငါ တောင်းပန်ပါတယ်။ ငါ မင်းကြောင့် စိတ်ဒုက္ခမခံချင်ဘူး။ မင်း ငါ့ကို ဒီထက်ပိုပြီး မနှောင့်ယှက်ပါနဲ့၊ ငါ့ဘဝထဲမှာ မင်းအတွက် နေရာ မရှိဘူး၊ မင်း သိပါတယ်"

"ဒီလောက်ကြီးလည်း ပြောဖို့ မလိုဘူး"

ဒေါသသံနှင့် ငိုသံစွက်ကာ နှုတ်ခမ်းကိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့… ဟော့… ဒီမှာ လာမငိုနဲ့၊ ငါ မင်းကို ဘာမှ မလုပ်ဘူး၊ ငါ့ပတ်ဝန်းကျင်က တစ်မျိုးထင်ကုန်မယ်၊ မင်း ငါ့ကို သိက္ခာလာမချနဲ့၊ ငါ ဘယ်မိန်းကလေးနဲ့မှ မပတ်သက်ဘူး၊ အားလုံးနဲ့ ကင်းကင်းရှင်းရှင်းနေခဲ့တာ မင်းကို ငါ အနူးအညွတ် တောင်းပန် နေတာပါ ဒေါ်မိုးပွင့်ဖြူ"

"ရှင် ဒီလောက်ထိ နှင်စရာ မလိုပါဘူး"

"မလာပါနဲ့လို့ အတန်တန် ပြောထားပြီးသား၊ မင်းမှ နားမထောင်ဘဲ ထပ် မကြိုးစားပါနဲ့တော့"

"အဲဒါ ကျွန်မကိစ္စ"

ရိုးသားက မိုးပွင့်ဖြူကလေးကို မျက်လုံးတွေ မှေးကျဉ်းသွားသည်အထိ စိုက်ကြည့်ကာ အလွန်တရာ စိတ်ညစ်ညူးပုံနှင့် ခေါင်းရမ်းသည်။

"တော်ပြီ … ငါ နောက်ဆို မင်းကို မသိသလိုပဲ နေတော့မယ်၊ မင်းနဲ့ စကားပြောနေရင် မင်းက ရောင့်တက်လာတယ်။ ဒီထက် နစ်နာအောင် ပြောပစ်မှ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရစရာမရှိအောင် ပြောပြီးပြီပဲ"

"ဘာ"

"ထပ်ပြီး နစ်နာစရာ မရှိအောင် ရှင် ပြောပြီးသား"

"မင်း ဘာလို့ မနာတတ်တာလဲ"

သူ့မေးခွန်းကြောင့် မျက်လုံးအိမ်မှာ မျက်ရည်တွေ ဝိုင်းတွတ် အိတ်ကွဲလာသည်။

ကျလုကျချင် မျက်ရည်စတွေကို မျက်တောင်ပုတ်ခတ် သိမ်းဆည်းကာ သူ့ရှေ့မှာ မငိုမိအောင် အားတင်းမိ၏။

သူနှင့်လွှတ်တိုင်း ရင်ထဲမှာ အဆမတန် ဝမ်းနည်းကြေကွဲ ယူကျုံးမရ ဖြစ်ရသည်။

သူ ဘာလို့ မိုးကို ရက်စက်ချင်ရတာလဲ။

နည်းနည်းပါးပါး ညှာတာစိတ်ကလေး ရှိခဲ့ရင် သည်လောက်ပြောရက်မှာ မဟုတ်။

"ဒါပဲ မဟုတ်လား"

"ကျွန်မ မပြန်သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မပြန်သေးလည်း မင်းသဘောပဲ"

သူက တံခါးကို ဂျိန်းကနဲ ပိတ်ပစ်၏။

မိုးပွင့်ဖြူက တံခါးရှေ့မှာ အရုပ်ကြိုးပြတ် ထိုင်ချမိ၏။

စိတ်တွေက ပြိုယိုင်လဲကာ အင်အားကုန်ခမ်းနေသလိုပင်။

မိုး အရမ်း မှားသွားပြီ။

သူ့ကို အကြောင်းစုံ ပြောပြလိုက်ရင်ရော သူက မိုးအပေါ် လေးနက်လာမှာမို့လို့လား။

အဲဒီလို ဖြစ်လာခဲ့ရင်လည်း သူ တန်ဖိုးထားတာက မိုးရင်ဘတ်ထဲက နှင်းပန်းထွာ၏ နှလုံးသားပဲ ဖြစ်လိမ့်မည်။

မိုးပွင့်ဖြူအပေါ် နှစ်သက်မြတ်နိုးတာ မဟုတ်။

တံခါးကို ဝုန်းကနဲ ပိတ်သွားတော့ တံခါးဝမှာ အကြာကြီး ခြေစုံရပ်နေမိ၏။

နောက်တော့ ခေါင်းထဲမှာ ရီဝေဝေ မူးရိပ်ရိပ် ဖြစ်လာတာမို့ အသာကလေး ထိုင်ချမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြင်နေသမျှ မြင်ကွင်းအားလုံး အာရုံမှာ ဝေဝါးပြီ မသဲကွဲ။

မိုး လန့်ဖြန့်ပြီး သူ့တံခါးကို တဘုန်းဘုန်း ထုသည်။ ရင်ထဲမှာ မွန်းကြပ်ပြီး စကားမပြောနိုင်။

အသက်ရှုရတာ ခက်ခဲလာပြီးနောက် မိုး နေရာမှာပဲ ခွေခွေကလေး ပုံကျသတိလစ်သွား၏။

အရာရာကို မိုး လက်လျှော့လိုက်ပြီ။

ဆက်ပြီး တင်းခံနိုင်စွမ်းတွေ မိုးမှာ မရှိပြီ။

မိုးကြောင့် ဘယ်သူ့ကိုမှ စိတ်မဆင်းရဲစေချင်။

မိုးလည်း ဘယ်သူ့ကြောင့်မှ စိတ်ဆင်းရဲ မခံချင် တော့ပါ။

* *



www.burmeseclassic.com

www.burmeseclassic.com

တံခါးကို တဘုန်းဘုန်းထုသံ ရပ်သွားပြီးနောက် ဘာသံမှ မကြားရတော့ဘဲ ငြိမ်သက်နေတော့ သူ စိတ်ပူမိ၏။

အပြတ်ပြောပြီးမှ သူ လွန်သွားသလားဟု တွေးမိလာ၏။

မိုး သူ့အပေါ် စိတ်ဆိုးသွားပြီလား။

သူ့ရှေ့ရောက်မလာသောနေ့တွေမှာ သူ မိုးကို သတိရနေမိတာ အမှန်ပင်။

မိုးဘက်က လုံးဝ မဆက်သွယ်ဘဲ နေနိုင်သောအခါ သူ တစ်ခုခုကို တုန်လှုပ်မိသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



မိုးအပေါ် ရက်စက်ချင်သောဆန္ဒ တစ်စက်မှ မရှိဘဲ ပစ်ပစ်ခါခါ ဆက်ဆံမိတာ သူမှားသွားသည်။

သည်တစ်ခါ မိုး တကယ် စိတ်နာသွားရင် သူ့ဆီ လာမှာ မဟုတ်တော့ပါ။ သူ ဝုန်းကနဲ တံခါးနား တိုးကပ်သွားပြီး တံခါး ဆွဲဖွင့်မိ၏။

ဟန်ဆောင်ခြင်းတွေ . . .

မာနတွေ . . .

ခေါင်းမာမှုတွေ . . .

နှင်းပန်ထွာမှ နှင်းပန်ထွာဟု စိတ်စွဲမှုတွေ အားလုံး လွင့်စင်သွားရပါပြီ။

"ဟင်"

တံခါးဝမှာ ခွေခွေကလေး လဲကျနေသော မိုးပွင့်ဖြူ ကလေး။

သူ အရမ်း စိတ်ပူသွား၏။

မိုး ဘာဖြစ်တာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"မိုးပွင့်"

စိုးရိမ်တကြီး ပွေ့ထူပေမယ့် မိုးက သတိလစ်နေခဲ့ပြီမို့ ပြန်မထူးနိုင်။ ဘယ်လိုဖြစ်ရတာလဲကွာ။

သူ ခြေမကိုင်မိ လက်မကိုင်မိ ပျာယာခတ်ကာ ဟို တစ်ခါလိုပဲ သူ့ကို စ,တာ ဖြစ်ပါစေဟု အောင်းမေ့မိပါသည်။

"မိုးပွင့် ... မိုးပွင့်"

သည်တစ်ခါတော့ မိုးက သူ့ကို စ,နေတာ မဟုတ်။ တကယ် မေ့မြောနေခဲ့တာ။

"ကိုယ်လန့်အောင် မလုပ်ပါနဲ့ မိုးပွင့်ရယ်၊ သတိထား ပါ ဦး ... မိုး ... မိုး"

ရိုးသားက သူ့မကိုယ်လေးကို လှုပ်ကာ လှုပ်ကာ ခေါ်ကြည့်ပေမယ့် အကြောင်းမထူးသောအခါ ရိုးသား ဘာ လုပ်ရမှန်း မသိ။

"ဆေးရုံပို့မှ ဖြစ်မယ်"

ဘေးခန်းက အိမ်နီးချင်းတွေက သူ့ကို အကြံပေး



www.burmeseclassic.com

www.burmeseclassic.com



ကူညီကြပါသည်။ သူက စိတ်တွေပူထူပြီး ဘာကိုမှ မဆုံး ဖြတ်နိုင်။

မိုး တစ်ခုခု ဖြစ်သွားမှာ အရမ်းစိတ်ပူနေမိ၏။

ဘာမှ မဖြစ်ပါစေနှင့်ဟု အကြိမ်ကြိမ် ဆုတောင်းနေမိ ပါသည်။ မိုး သတိလစ်သွားတာကို ဘယ်သူ့ဆီ အကြောင်း ကြားရမှန်း မသိ။ မိုး၏ ဖုန်းနံပါတ် သူ့မှာ ရှိပေမယ့် တစ်ခါမှ ဆက်ဖူးတာ မဟုတ်။

မိုး၏ မေမေဆီကို အကြောင်းကြားပေးရမှာ သူ့တာဝန် ပါ။ သူ သက်ပြင်းအခါခါ ရှိုက်မိ၏။

"သတိရပါတော့ မိုးရယ်... မိုးသတိရလာရင် မိုးစိတ် ထိခိုက်အောင် ကိုယ် လုံးဝ မလုပ်တော့ပါဘူး"

ကတိတွေ အထပ်ထပ် ပေးနေမိ၏။

* *



www.burmeseclassic.com

www.burmeseclassic.com

နှင်းပန်းထွာကို ကုသပေးခဲ့သော နှင်းပန်းထွာနှင့် အစ့်မတန် ရင်းနှီးသော နှင်းပန်းထွာ၏ နှလုံးသားကို လှူဒါန်းဖို့ လုပ်ပေးခဲ့သော ဆရာဝန်မကြီးကို မြင်ရသောအခါ သူ့ရင်ထဲမှာ ပရမ်းပတာ ခါရမ်းသွားတော့သည်။

သူ အားလုံးကို ဆက်စပ် နားလည်သွားသလိုပင်၊ နှင်းပန်းထွာ၏ နှလုံးသားကို လက်ခံရရှိထားသော သူ့ကို နှစ်ခါသုံးခါမက လာရှာဖူးသော၊ သူက အဟောင်းတွေ အသစ်တွေ ဖြစ်မှာမို့ အတွေ့မခံဘဲ ရှောင်နေခဲ့ပါသော ကောင်မလေးသည် မိုးပွင့်ဖြူကလေးပါလား။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှဖြစ်ရလေ မိုးပွင့်ဖြူရယ် . . .

သူ့ ရင်ထဲမှာ မချိတင်ကဲ ကြေကွဲလိုက်မောမိပါသည်။ သူ ဘာလို့ မိုးအပေါ် သွေးအေးရက်စက်မိပါလိမ့်။ နှင်းပန်ထွာ နှလုံးသားကပဲ သူ့ကို တမ်းတမ်းတတ ရှာဖွေနေခဲ့တာလား။

မိုး ဘယ်လောက် စိတ်ပင်ပန်းခဲ့မလဲ။

စိတ်ဖိစီးခဲ့မလဲ။

စေ့စပ်ထားသော ချစ်သူနှင့် လမ်းခွဲခဲ့ရတာ၊ မိခင် စကားကို မြေဝယ်မကျ နားထောင်ခဲ့သော သမီး အလိမ္မာ ကနေ တဖွတ်ထိုး ဆန့်ကျင်ခဲ့ရတာ။

ကိုယ် မင်းအပေါ် အပြစ်ပြုမိပါပြီ မိုးရယ် . . .

မင်းကလေးက သနားစရာပါ။ ဘယ်ရှုထောင့်က ကြည့်ကြည့်။

ကိုယ် နောက်ဆို မင်းဘဝထဲက ရုန်းထွက်မသွား တော့ပါဘူး။ ကိုယ်တို့ကို ဘယ်သူမှ လာခွဲလို့ မရတော့ဘူး။ တစ်သွေးတည်း တစ်သားတည်း တစ်စည်းတစ်လုံးတည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်သဘောတည်း နှစ်ယောက်တစ်ဘဝ ပေါင်းစည်းနေကြရအောင်ပါ။

မင်းကို ကိုယ် ကျေနပ် ကြည်ဖြူစွာ လက်ခံပါပြီ မိုးကလေးရယ် . . .

မင်း အချစ်တွေကိုလည်း အသိအမှတ်ပြုပါပြီ။ မင်း မြန်မြန် သတိရလာပြီး ကံကောင်းခြင်း လက်ဆောင်တွေကို စည်းပွေ့ယူနှောင်ပါတော့။

* *



www.burmeseclassic.com

www.burmeseclassic.com

"မင်းက ရိုးသား မဟုတ်လား၊ သမီး မိုးပွင့်ဖြူကို ဘာတွေ လုပ်လိုက်လဲ၊ သူ လာခဲ့တဲ့ နေရာကို မင်း ပြန်ပို့လိုက်တာလား။ သူ ဘာအမှားတွေ လုပ်ခဲ့မိလို့ အပြစ်ပေး ရတာလဲ၊ မင်းကို ချစ်မိတဲ့ အမှားပဲ သူ လုပ်မိတာပါ၊ ဒါပေမယ့် မင်းလို ဘယ်သူမှ လုပ်မှာ မဟုတ်ဘူး။ မင်း ရက်စက် လွန်းတယ်"

"အန်တီရယ် စိတ်လျှော့လိုက်ပါ"

မိုးပွင့် သူငယ်ချင်းက ဝင်ဖျောင်းဖျသည်။

မိုးပွင့်ဖြူမေမေ၏ လက်မောင်းကို ဖမ်းဆွဲထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ အန်တီ"

"မင်း ဒီမှာ ဘာလုပ်နေတာလဲ၊ မိုးပွင့်ဆီ ဘာလို့ လာတာလဲ၊ စာနာစိတ် မရှိဘဲနဲ့"

ဟု သူ့ကို စွပ်စွဲလာ၏။

"မင်း မသိဘူးလား၊ မိုးပွင့်ဖြူဟာ အန်တီသမီးလေး ဟာ"

"ဒေါက်တာ ကျွန်တော့်ကို အကုန်ပြောပြပြီးပြီ။ ဒါပေမယ့် ဒီလို လုပ်တာ မှားနေတယ်"

"ဘယ်လိုကွဲ့ယ်"

"မှားတယ်လို့ ထင်တာဟာ နှင်းပန်ထွာကို ဆုံးရှုံးခံခဲ့ရတာ ကျွန်တော်ပါ။ အဲဒါအတွက် ကျွန်တော့်မှာ တာဝန်ရှိလား။ သူ့နှလုံးသားကို တခြားလူအတွက်ပေးခဲ့တာ၊ အဲဒါအတွက် ကျွန်တော့်မှာ တာဝန်ရှိလား၊ မိုးပွင့်ဖြူ အယောင်ဆောင်ထားတဲ့ ပန်ထွာနှလုံးသားဟာ ကျွန်တော့်ဆီ လာတယ်၊ အဲဒါ အတွက် ကျွန်တော့်မှာ တာဝန်ရှိလား၊ ကျွန်တော့်မှာ ဘာဝန်ရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ ဘာဖြစ်လို့ အားလုံးက သဘောထားရတာလဲ၊ ဘာမှ မဆိုင်ပါဘူးဗျာ''

''မောင်ရိုးသား မင်းချစ်သူကို မင်း ဆုံးရှုံးခဲ့တယ်၊ အဲဒီအတွက် မင်းမှာ တာဝန်မရှိပါဘူး၊ အန်တီသမီးက သူ့နှလုံးသားရဲ့ စေခိုင်းချက်ကြောင့် မင်းကို စွဲလမ်းနေတယ်။ အဲဒီအတွက်လည်း မင်းမှာ တာဝန်မရှိဘူး၊ ဒါပေမယ့် သမီးလေး ဒီနေ့ ရင်ဆိုင်ရမယ့် အဖြစ်တွေအတွက် မင်းမှာပဲ တာဝန်ရှိတယ်။ မင်းချစ်သူ သေခဲ့ပေမယ့် သူ့နှလုံးသား အသက်ရှင်အောင် သမီးက ထိန်းသိမ်းခဲ့တယ်။ ဒါပေမယ့် အဲဒီနှလုံးသားက သမီးကို လွတ်လပ်ခွင့် မပေးခဲ့ဘူး။ကံကြမ္မာ လမ်းကြောင်းတွေ ပြောင်းသွားပြီး မင်းအချစ်အတွက် သနားဖို့ ဆုခြွေခဲ့တယ်၊ ကံကြမ္မာက နှင်းပန်းပွင့်ကို မိုးပွင့်ဖြူကလေးရဲ့ ကိုယ်ထဲမှာ ဆက်ပြီး ရှင်သန်စေခဲ့တယ်။ လူသာ သေပြီး အချစ် မသေတာကို မင်းက သက်သေပဲ။ ဘုရားသခင်ရဲ့ ဆုံးဖြတ်ချက်ကို လက်ခံတာ မခံတာ မင်းအပိုင်းပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



မောင်ရိုးသား ကိုယ်ချင်းစာတရားလေး ထားပြီး မင်း ဆုံးဖြတ်ပါ''

''စိတ်ထိန်းပါ အန်တီ၊ ကျွန်မတို့လည်း အကောင်း ဆုံး လုပ်ပေးထားပြီးပြီ''

ဟု ဆရာဝန်မကြီးက ဆိုပါသည်။

''ဘုရားသခင်ကို ဘာဖြစ်လို့ မိုးပွင့်ဖြူကလေးကို ဘဝ အသစ်တစ်ခု ပေးပြီးမှ၊ သူ့ကို ရှင်သန်ခွင့် မပေးချင်ရတာ လဲကွယ်''

မိုးပွင့်မေမေက ငိုရှိုက်ရင်း မချိမဆန့် ညည်းလိုက်သည်။

ရိုးသားက ဘာမှ မဆိုဘဲ သက်ပြင်းရှိုက်သည်။

သူ ဘာလုပ်ရမလဲ။

''ပန်ထွာ . . . ပန်ထွာရယ်၊ မိုးပွင့်ရဲ့ ကိုယ်ထဲမှာ ခုန်နေတာ မင်းရဲ့ နှလုံးသားလို့ လူတိုင်းက ပြောနေကြမယ် ဒါပေမယ့် ကိုယ် မယုံဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ပန်ထွာ



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားက ဘယ်လို ဆိုးကျိုးကိုမှ မပေးဘူးလို့ ယုံကြည်လို့ပဲ ပန်ထွာနှလုံးသားက ရှင်သန်ခွင့်ပေးဖို့နဲ့ ချစ်ခြင်းမေတ္တာကိုပဲ ဖြန့်ဝေခဲ့တာ၊ ကိုယ့်ကို ဘယ်တော့မှ ခွဲမသွားဘူးဆိုတာကို ပန်ထွာရဲ့နှလုံးက ပြောခဲ့တာ၊ ကိုယ့်ကို မေ့ထားလိုက်ဦး။ ဒီနေ့ ဒီနှလုံးသားက မိုးပွင့်ရဲ့ ခန္ဓာကို လက်မခံဘူး၊ အဲဒီ နှလုံးသားက ခုန်ဖို့ နေ့ရာ ရှာမတွေ့ဘူး ဖြစ်နေတယ်။ အဲဒီ နှလုံးသားက အပြစ်ကင်းတဲ့ မိန်းကလေးကို ဒုက္ခပေးနေပြီ။ အဲဒါ ကိုယ့်ကြောင့်လား၊ မဖြစ်နိုင်ဘူး။ ဒါဟာ ပန်ထွာရဲ့ နှလုံးသား မဖြစ်နိုင်ပါဘူး။ အခုတော့ မိုးပွင့် အသက်ရှင်ဖို့ အတွက် ကိုယ် ကြိုးစားရမလား။ ဒါမှမဟုတ် ကိုယ် ပန်ထွာ လေးရဲ့ နှလုံးသားအတွက် အသနားခံရမလား၊ ကိုယ် မသိ တော့ဘူး၊ ဒါပေမယ့် ပန်ထွာရဲ့နှလုံးသားက ကိုယ့်ကို မချစ် တော့တဲ့ နှလုံး ပြောင်းလဲသွားခဲ့ပြီဆိုရင်တော့ ဒီနှလုံးသာ ပြန်မခုန်စေချင်တော့ဘူး။ ဘဝကို ရာသက်ပန် ဖြတ်ကျော်ဖို့ ကိုယ်တို့ သစ္စာ ဆိုခဲ့ကြတယ်။ အတိ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နေထိုင်ခဲ့တဲ့ ရက်တွေအတွက် ၊ ဒါမှမဟုတ် အနာဂတ် ကာလမှာ ကိုယ် နေထိုင်သွားမယ့် ကာလတွေအတွက်ပါ ဘယ်လို နေထိုင်သွားမယ်ဆိုတာက မင်းရဲ့ ဆန္ဒအတိုင်းပါပဲ ပန်ထွာရယ်၊ မင်းဆန္ဒအတိုင်း ဆုံးဖြတ်ပါ၊ မင်းဟာ ကိုယ့်ရဲ့ ပန်ထွာ ဟုတ်သလား။ ကိုယ့်အတွက် မျက်စိတွေ ဖွင့်လိုက် စမ်းပါ ကျေးဇူးပြုပြီး ဖွင့်လိုက်ပါ၊ မင်းကိုတွေ့ဖို့ အချိန်တွေ အများကြီး ယူခဲ့မိတဲ့ ကိုယ့်ကို ခွင့်လွှတ်ပါ၊ ပန်ထွာနုလုံးသားလို့ ကိုယ်ယုံကြည်အောင် မင်း ချက်ချင်း သတိရပါ မိုးပွင့်ရယ်''

အံ့သြစရာကောင်းလောက်အောင် မိုးပွင့်ဖြူကလေးက ချက်ချင်း သတိရ လူးလွန့်လာပြီး မျက်လုံးဖွင့်ကြည့်သည်။

သူ တုန်လှုပ်ခြင်းကြီးစွာနှင့် မိုးပွင့်ဖြူဘေးကို ရောက် သွားမိ၏။

သူ အရှုံးပေးလိုက်ပါပြီ။

ဖွဲကြီးလွန်းသည့် ပန်ထွာနုလုံးသားကိုလား။

ခေါင်းမာလွန်းသည့် မိုးပွင့်ဖြူကလေးကိုလား။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ခုစလုံးကိုပဲလား။

"မင်းကို ချစ်တယ် . . . မင်းကို ပန်ထွာအနေနဲ့ ပွေ့ဖက်ရမလား။ မိုးပွင့်အနေနဲ့ ပွေ့ဖက်ရမလား မသိဘူး"

ဟု ဆိုမိတော့ မိုးပွင့်ဖြူကလေးက လက်နှစ်ချောင်း ထောင်ပြ၏။ နှမ်းဖျော့စွာ ပြုံးပြ၏။

"မိုးပွင့်ဖြူကလေးရယ်"

ဟု ခပ်ညည်းညည်း ခေါ်သည်။

"ဟင် . . . ဘာလဲ"

ဟု မိုးပွင့်ဖြူက တိုးတိုးကလေး မေး၏။

"ဘာဖြစ်လို့လဲ ကိုရိုးသား"

"ကြောက်စရာ အိပ်မက်ဆိုး မက်မိလို့ပါကွာ၊ ညတုန်းက"

"ဘာအိပ်မက်လဲဟင်"

"ဝေဒနာ ခံစားပြီး တွန့်တွန့်လူး ငိုနေရတဲ့ အိပ်မက်"

"အိပ်မက်ဆိုးတွေဆိုတာ မမှန်ပါဘူး ကိုရိုးသားရယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးပွင့်ဖြူက သူ့ကို အားပေး၏။

"ဒါပေမယ့် အဲဒါကို မှန်စေချင်တယ်"

"ဟင် ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ မင်း မွေးခါနီး ဗိုက်နာနေတာကို မြင်မက်မိလို့၊ ဒီအချိန်ကစပြီး ကိုးလတိတိ ပြည့်တဲ့နေ့မှာ မင်းဟာ ကလေးအမေ ဖြစ်တော့မှာ၊ တစ်ယောက်မဟုတ်ဘူး၊ နှစ်ယောက်၊ သုံးယောက်၊ လေးယောက် ကိုယ့်ကလေးတွေရဲ့ အမေ၊ မင်းကို ချစ်ဖို့ နှလုံးသားတစ်ခုပဲ တန်ခိုးရှင်က ကိုယ့်ကို ပေးခဲ့တာပါ၊ ကိုယ် မင်းကို စစ်စစ်မှန်မှန် ရင်နဲ့မဆန့်အောင် ချစ်ပါတယ် မိုးပွင့်ရယ်"

အနောက်အရွှန်းပါသော သူ့စကားတွေက မိုးပွင့်နှုတ်ခမ်းလေးတွေကို ပြုံးလာစေပါသည်။

အားရှိစေလိုက်တာ။

ခံစားနေရသော ဝေဒနာတွေ ချက်ချင်းပဲ ယုတ်လျော့ပျောက်ကင်းသွားသလိုပင် ရင်ထဲမှာ နေသာသွား၏။

ဥက္ကာဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားက သူ တမ်းတသော အချစ်ကို ရှာတွေ့ပြီမို့ ကျေနပ်မဆုံး ရှိခဲ့ပြီ။

သူ့အနားမှာ ရှိနေရင် တခြား ဘာမှ မလိုအပ်တော့ပေ။ အရာရာ ပြီးပြည့်စုံသွားသလိုပင်။

မိုးဘက်က အဲ့ဒီလောက်အထိ . . .

အဲ့ဒီလောက်ကြီးအထိ ချစ်နေတာ ရှင်သိရဲ့လား ကိုရိုးသားရယ် . . .

ပင့်ကူအိမ်မှာ တွယ်ငြိမိတဲ့ ပိုးကောင်ကလေးလိုပဲ မိုး နှလုံးသားက ကိုရိုးသားဆီမှာ ရုန်းထွက်မရခဲ့တာပါ။

အရှုံးကြီး ရှုံးခဲ့တာပါ။

BURMESE CLASSIC

မာနနှင့် ကျောခိုင်းဖို့ တွေးလိုက်တိုင်း နင့်နေအောင် ခံစားခဲ့ရတာပါ။

"ကိုရိုးသား"

"ပြောလေ မိုး"

သူက မိုး လက်ကလေးကို တယုတယ ဖွကလေး



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်ထားပြီး တရှိုက်မက်မက် မြတ်နိုးစွာ ဖိကပ် နမ်းရှိုက်နေ၏။

"မိုး နေမကောင်းလို့ ဆေးရုံပေါ် ရောက်နေလို့ ခဏတဖြုတ် သဘောကောင်းနေတာတော့ မဟုတ်ပါဘူးနော်"

မယုံမရဲ မေးကြည့်မိပါသည်။

ရင်ထဲက ပျော်ရွှင်ခြင်းတွေ ဆိတ်သုဉ်းသွားမှာစိုးလို့ပါ။

"ဟိုတစ်ခါ မိုးတွေရွာတဲ့နေ့ကလို နောက်တစ်နေ့ ပြောင်းသွားရင် ဘာမှ မဟုတ်တော့မှာ ကြောက်နေတယ်"

"ဖြစ်မှ ဖြစ်မှလေ မိုးရယ်... အဲဒီလောက် မကောင်းတဲ့ လူကို ချစ်စရာလား၊ မုန်းပစ်လိုက်ပါတော့လားကွာ"

"မရလို့ပေါ့"

တကယ်ပဲ မုန်းမေ့ပစ်ချင်ပုံနှင့် နှုတ်ခမ်းလေးကိုက်ကာ ဆိုလာသောအခါ သူ့မျက်နှာ ပျက်မိ၏။

"တစ်သက်လုံး မမုန်းရဘူးကွာ"

ခပ်တိုးတိုး တောင်းဆိုမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝဋ္ဋလည်မှာ သူ ကြောက်နေပြီ။

ရင်ထဲမှာ နှစ်နှစ်ကာကာ ချစ်မိပြီ။

မျက်စိရှေ့က တစ်မိနစ်ပင် အပျောက်မခံချင်။

"တစ်သက်လုံး မခွဲကြေး"

ကတိတွေ တောင်းနေမိ၏။

မိုးပွင့်ဖြူကလေးက နှစ်ခြိုက်စွာ ပြုံးမိ၏။

အခုတော့လည်း လောကကြီးက ပြည့်စုံသာယာ ထွန်းလှပါလား။

မိုး၏ နှလုံးသားလေး ကန္တာရခရီးရှည်ကြီးထဲက အပြင်ဘက်ကယ် ရုန်းထွက်လာခဲ့ပါပြီကော ။

ပန်းခင်းလမ်းက မိုးကို ဆီးကြို နှုတ်ဆက်နေပါပြီ။

ပန်းသီခိုင်

www.burmeseclassic.com